# ကံချွန်

# ငယ်မူပြန်

## အချစ်ဟာသ ဝတ္ထုတိုများ






# မြန်မာဆိုက်ဘာ စာအုပ်စင်

www.mmcybermedia.com/ typed by ရွှေစင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၅၈၉၀၅၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၁၄၇၂၁၂၀၇

**ကွန်ပျူတာစာစီ**

ဘဲလေးကွန်ပျူတာ

**ထုတ်ဝေသည့်ကာလ**

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ၊

**စောင်ရေ**

၁၀၀၀

**အတွင်းဖလင်**

အောင်ဇော် "ပုံရိပ်ရှင်"

**မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်**

ကံချွန်

**စာအုပ်ချုပ်**

ကိုမြင့်

**အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်**

ဦးတင်မောင်ဝင်း(၀၅၉၆၄)၊ သင့်လဲ့ဝင်းပုံနှိပ်တိုက်
အမှတ်-၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးကံချွန်(ကံချွန်စာပေတိုက်-၈၇၂)
အမှတ်-၉/၈-၄၄၊ အမှတ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊
သိုးခြံမြို့သစ်၊ မန္တလေး။

**တန်ဖိုး**

၁၀၀၀

www.mmcybermedia.com/ typed by ငွေရောင်ယောင်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

## မာတိကာ

၁။ ခဲသွားတဲ့နွေ
၂။ ဖြစ်သွားတဲ့ မဖြစ်နိုင်တာ
၃။ ချစ်ပင်လယ်
၄။ ချစ်လိုက်တာတုန်
၅။ အနယ်ထိုင်ချိန်
၆။ ချစ်ဝင်္ကပါ

www.mmcybermedia.com/ typed by ငွေဇာခြေယာ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

## ခဲသွားတဲ့နွေ

*မာန*

ပညာမာန
ဥစ္စာမာန
ပြီးတော့...
ရှိမာန
မရှိမာန
မာနကြောင့် အောင်နိုင်သူ ဖြစ်ရသည်။
မာနကြောင့် ရှုံးနိမ့်သူ ဖြစ်ရသည်။
မာနရှိရန် ပြောကြသည်။
မာနမရှိရန် ပြောကြသည်။
ဝန်းကျင်အခြေအနေ ကြုံတွေ့နေကြရခြင်းများအပေါ်မှာ
မာနကို အမျိုးမျိုး သတ်မှတ်ကြသည်။ မှတ်ချက်ပေးကြသည်။
မာနကြောင့်...

* * *

မန္တလေးမြို့၊ ၂၆ လမ်း ကျုံးဘေးအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်ပြေးလွှားနေသော ကားများကြားဝယ် မာစီးဒီးကားနက်ကြီးမှာ အရှိန်ပြင်းပြင်းနှင့် မောင်းနှင်၍ ကားများအားလုံးကို ကျော်ဖြတ်ပြီး အရှေ့ကျုံးထောင့်အရောက်တွင် လက်ဝဲဘက်သို့ ချိုးကွေ့လိုက်သည်။

ကျွီ...
လမ်းအရှေ့ဘက် ပလက်ဖောင်းပေါ်မှ အနောက်ဘက်သို့ ဖြတ်ကူးရန် ဟန်ပြင်နေသော ရှင်ညို့မှာ တရှိန်ထိုး ပြေးကွေ့ဝင်လာသော ကားနက်ကြီးကြောင့် နောက်ပြန်ဆုတ်လိုက်ရာ ပလက်ဖောင်းနှင့် ခြေထောက် တိုက်မိပြီး ပလက်ဖောင်းပေါ် စောင်းလဲကျသွားသည်။ ရှင်ညို့က ကားကြီးကို အကြောက်မပြေသေးသော မျက်လုံးဖြင့် ကြည့်လိုက်၏။ ကားနောက်ခန်းမှ မှန်တံခါးက လျှောကနဲ ပွင့်သွားကာ လူငယ်တစ်ယောက် မျက်နှာပေါ်လာပြီး...
"သေချင်လို့လား"

မာကျောသောလေသံ။ ရှင်ညို့၏ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်သွားသည်။ ယာဉ်မောင်းနေရာမှ ထိုင်နေသော ဦးသြဇာက သက်ပြင်းချလိုက်ပြီး ကပျာကယာ ထရပ်လိုက်သော ရှင်ညို့ကို...
"ကလေးမ ထိခိုက်မိသေးလား"

ရှင်ညို့က ကပျာကယာ ခေါင်းရမ်းလိုက်သည်။

"နမော်နမဲ့နိုင်သူကို မတိုက်မိအောင် ရပ်ပေးလိုက်ရကတည်းက လူမှုရေးတာဝန် ကျေသွားပါပြီ ဦးလေးသြဇာ"

www.mmcybermedia.com/ typed by ငွေဇင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

အမိန့်ပေးခြင်း မပါသော်လည်း ကားဆက်မောင်းရန် သတိပေးလိုက်သော လေသံမာမာ။ ရှင်ညိုသည် ကားနောက်ခန်းဆီသို့ တစ်ချက်လှမ်းအကြည့် မှန်တံခါးအတက် စူးရှသော မျက်လုံးတစ်စုံ 'ရင်ခုန်သံကား ဒိုင်းကနဲ' ရှင်ညို တုန်လှုပ်ချောက်ခြားစွာ ကျန်ရစ်သည်။

မာစီးဒီးကားနက်ကြီးကား တရှိန်ထိုးပြေးထွက်သွားလေပြီ။

***

<u>*ဗေဒင်ဆရာ 'ဘ'*</u>

ဆိုင်းဘုတ်၏ အိုဟောင်းနေမှုသည်ပင်လျှင် ဗေဒင်ဆရာကြီး ဘ၏ အတွေ့အကြုံနှင့် ဖြတ်သန်းခဲ့ရသော ခရီးကို ပြနေဘိသို့ ရှိပါသည်။ ဘ၏ရှေ့မှာ လူလတ်ပိုင်းတစ်ယောက် ထိုင်နေသည်။ စားပွဲပုလေးပေါ်တွင် ဇာတာတစ်ခုရှိနေပြီး ဘက သေသေချာချာ စစ်ဆေးကြည့်နေသည်။

"အင်း... မင်းရဲ့ဇာတာ တော်တော်နိမ့်တာပဲ"
"ဟုတ်ပါတယ်ခင်ဗျာ။ အလုပ်ပြုတ်တယ်၊ မိန်းမက အိမ်က ထွက်သွားတယ်။ သူ့အဆိုးတော့လည်း မဟုတ်ပါဘူးခင်ဗျာ။ အလုပ်ရှိတုန်းကကိုပဲ ရသမျှလုပ်ခ ကျွန်တော်က ဖဲရိုက်ပစ်တာဆိုတော့ အလုပ်ပြုတ်တာနဲ့ သူ့အမေ ပေးထားတဲ့ နားကပ်တွေ ဆွဲကြိုးတွေပါ ပြုတ်မှာကို စိုးရိမ်သွားပုံရပါတယ်။ ကျွန်တော့်ဇာတာ နိမ့်နေတာ အဘက ကြည့်ရုံနဲ့ သိတယ်နော်"
"သိတယ်လေ ဒီမှာ ဖိနပ်ရာကြီးက ထင်းနေတဲ့ဟာ။ နိမ့်နေလို့ အနင်းခံရတာပေ့ါ။ ခေါင်းမိုးမှာ ထိုးထားကြည့်ပါလား။ ဘယ်သူက လာနင်းချေလို့ရမှာလဲ။ နောက်တော့ ဇာတာကို မြင့်တဲ့နေရာမှာပဲ ထားကွာ"
"ဟုတ် ဟုတ် ဟုတ်ကဲ့"

ဘသည် တွက်ချက်ကြည့်လိုက်ပြီး...
"မင်းက ရာဟုအိမ်မှာ အိပ်နေတာပဲ"
"ကျွန်တော် ရာဟုအိမ်မှာ အိပ်တာမဟုတ်ဘူး ဘ။ ရာဟုက ကျွန်တော့်အိမ်မှာ လာအိပ်တာ။ သုံးရက်ပဲရှိသေးတယ်။ သူငယ်ချင်းမို့ လက်ခံထားတာ။ ကျွန်တော် ငွေလိုတုန်းကလည်း သူ့ဆီက ချေးဖူးတာကိုး"
"အင်း... ငါပြောတဲ့ အဟောက မှန်တော့မှန်တယ်။ ပြောင်းပြန်မှန်သွားတာ။ နောက်ထပ် တွက်ရတာတွေကတော့ စောက်ထိုးတွေ ပြောလိုက်မယ်။ အဲဒါဆိုရင် တည့်သွားနိုင်တယ်"

ဘမှာ အလွန်ပျော်တတ်ပါသည်။ သူနှင့်သူ့မြေးတို့ မန္တလေးသို့ ပြောင်းလာသည်မှာ မကြာသေးပါ။ သူ့မြေးလေးမှာ ရှင်ညို။ ရှင်ညို၏ အမည်ရင်းက မြင့်မြင့် ဖြစ်ပါသည်။ မြင့်မြင့်အမည်ကို ဘက တွက်ချက်ပြီး နာမည်သာမြင့်မည် ဘဝ မမြင့်နိုင်ဟုဆိုကာ နေ့နံကို ကဏ္ဍင်းရိုက်မည်ဟုပြောပြီး ရှင်ညိုဟု ပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ဘ သုံးခွန်းဟောလျှင် တစ်ခွန်းကတော့ သေချာပေါက်မှန်ပါသည်။ ရှင်ညိုကိုမူ ငါ့မြေး ချမ်းသာရမည်ဟု တစ်ခွန်းတည်းသာ ဟောထားသည်။ ထိုတစ်ခွန်းသည် မှန်မည့်တစ်ခွန်း ဟုတ်မဟုတ်ကိုမူ စောင့်ကြည့်ရပေဦးမည်။

www.mmcybermedia.com/ typed by ငွေဇင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ဘထံမှာ ဗေဒင်မေးသူတိုင်းသည် ဘ လုံးဝဟောပြီးသည်နှင့် စိတ်ဓာတ်တက်ကြွသွားကြသည်က များပါသည်။ ထို့ကြောင့်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်သွားကာ ထိုယုံကြည်မှုကပင် တွန်းအားဖြစ်သွားပြီး အခက်အခဲများကို ကြိုးစား ကျော်လွှားနိုင်သောကြောင့် ဘကို ယုံကြည်သူ များပါသည်။ တဆင့်စကားဖြင့် မိတ်သစ်များ တိုးပွားလာပါသည်။ တစ်ခါမေးပြီးသည်နှင့် မိတ်ပျက်ရခြင်းမျိုး မဖြစ်ပါ။ ဘသည် ပျော်တတ်သော စရိုက်ကြောင့် သူတစ်ပါးကိုလည်း ပျော်စေချင်သည်။ ဗေဒင်မေးသူမှာ ကြည်နူးကျေနပ်စွာ ပြန်ထွက်လာခဲ့ပါလေပြီ။ ထိုအချိန်မှာပင် ရှင်ညိုက အိမ်ထဲသို့ ဝင်လာရာ...

"မြေးလေး ဘာဖြစ်လာတာလဲဟင်"

"မဖြစ်ပါဘူး"

"မဖြစ်ဘူးသာဆိုတာ ခွေးရူးလိုက်ကိုက်လို့ ပြေးလာရတဲ့ လူ ကျနေတာပဲ။ ဘကို မညာနဲ့"

"ဟို... ကားတစ်စီးနဲ့ တိုက်မိမလိုဖြစ်ပြီး လန့်လာလို့ပါ"

"အင်း... အသွားအလာ ဂရုစိုက်ကွယ့်။ ဒါက မန္တလေး၊ တို့နေခဲ့တဲ့ စည်သာ မဟုတ်ဘူး"

ရှင်ညိုက ခေါင်းငြိမ့်လိုက်သည်။ ကံကောင်းပါသည်။ မန္တလေးရောက်ပြီးသည်နှင့် ရှင်ညိုသည် ကုန်တိုက်ကြီးတစ်ခုမှ အရောင်းစျေးသည်လေး ဖြစ်ခဲ့ရသည်။ မန္တလေးသို့ ပြောင်းမည်ဆိုကတည်းက ရှင်ညိုက မန္တလေးမှ သူ့ကျောင်းနေဖက် သူငယ်ချင်းဆီကို စာရေး အကူအညီတောင်းခဲ့သည်။ တက္ကသိုလ်မှာ ဆုံခဲ့ရသော သူငယ်ချင်းဖြစ်သည်။ သူငယ်ချင်းက 'လာသာလာခဲ့ မပူနဲ့' ဟူ၍ စာတိုတိုလေး ပြန်လိုက်ပြီး ဖုန်းနံပါတ်တစ်ခု ထည့်ပေးလိုက်သည်။ ရှင်ညို မန္တလေးသို့ရောက်၍ ဖုန်းဆက်လိုက်သောအခါ သူ့သူငယ်ချင်းက ကားအကောင်းစားကြီးကို ကိုယ်တိုင်မောင်းပြီး ရောက်ချလာသည်။ ရှင်ညို သူ့မျက်စိ သူမယုံ...

"နော်ဇာ"

သူ့သူငယ်ချင်းမှ ဟုတ်ရဲ့လားလို့ နာမည်ကို ခေါ်ကြည့်သည်။ နော်ဇာက တံခါးဖွင့်ဆင်းလာပြီး ကားပေါ်ဆွဲခေါ်ကာ ကားမောင်းထွက်ခဲ့သည်။ ပြီးတော့ နော်ဇာ၏မိဘများနှင့် ဆုံပေးပြီး...

"မေမေ သမီး ခဏခဏ ပြောနေတဲ့ တက္ကသိုလ်တုန်းက စာသိပ်တော်တဲ့ သူငယ်ချင်းဆိုတာလေ"

"ရှင်ညို ဆိုတာလား"

ရှင်ညို ရင်တွေခုန်သွားသည်။ နော်ဇာသည် သူ့မိဘများကို တကယ်ပင် ပြောပြထားလေ့ရှိခဲ့သည်ကိုး။

"သမီးပြောတုန်းက မေမေတို့က ဒါလောက်ထိ တည်ငြိမ်ပြီး ကျက်သရေရှိမယ် မထင်ဘူး။ ရိုးရိုးမိန်းကလေး တစ်ယောက်လို့ပဲ တွေးမြင်မိတာ။ အင်း နော်ဇာသာ ယောကျ်ားလေးဖြစ်နေရင် ဒါမှမဟုတ် သမီးသာ ယောကျ်ားလေးဖြစ်နေရင် ဘဝလက်တွဲဖော် လုပ်ခိုင်းပါရဲ့"

ရှင်ညိုက ခေါင်းငုံ့လိုက်သည်။ နော်ဇာက...

"ဟဲ့ ငါက ယောကျ်ားလေး မဟုတ်ပါဘူးဟဲ့။ မေမေကြည့်စမ်းပါ ရှင်ညိုရှက်နေတာလေ"

ရှင်ညိုကို ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး ဆက်ဆံ၍ ကြည်နူးမိပါသည်။

"သမီး ပြောပြပြီးပြီလား"

"မေမေတို့ပဲ ပြောပါ"

"ရှင်ညို အလုပ် လိုချင်တဲ့အကြောင်း ရေးလိုက်တဲ့စာကို သမီးကပြလို့ ဖတ်ရတယ်။ ကဲ နော်ဇာ စူပါမားကတ်မှာ အရောင်းစာရေးမလုပ်။ လုပ်ငန်းအတွေ့အကြုံ လေးငါးလရတော့ အရောင်းကြီးကြပ်လုပ်"

www.mmcybermedia.com/ typed by ငွေစင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ဟင် မေမေကလည်း အလုပ်ဖြင့် မဝင်ရသေးဘူး ရာထူးတိုးပေးမယ့် အစီအစဉ် ကြိုပြောနေပြီ"

ဤသို့ဖြင့် ရှင်ညိုသည် သူ့သူငယ်ချင်း နော်ဇာ၏ ကုန်တိုက်ကြီးမှာ အရောင်းစာရေး ဖြစ်ခဲ့ရပါသည်။ လုပ်ငန်းခွင်တွင် သူဌေးသမီး၏ သူငယ်ချင်းမို့ အခွင့်အရေးယူသည်မျိုးမရှိ။ မသိလျှင် မေးသည်။ လုပ်စရာရှိလျှင် မတွက်မကပ် လုပ်သည်။ ထို့ကြောင့် လုပ်ဖော်ကိုင်ဖက်များကလည်း ရှင်ညိုကို ချစ်ကြသည်။ အရောင်းစာရေးမလေးများကြားတွင် ရိုးရိုးလေးနေသော ရှင်ညိုက အထင်ပေါ်ဆုံး။ ထိုသို့ ထင်ပေါ်ရသည်မှာ သတိမထားဘဲ နေလို့မရအောင် ရှည်လျားသော ဆံပင်ကြောင့်ပင် ဖြစ်သည်။ ရှင်ညို၏ဆံပင်က ခြေသလုံးလယ်ရောက်သည်ထိ ရှည်၏။ ဆံပင်ထုကလည်း ကောင်းသည်။ ကုန်တိုက်ထဲမှာမှ မဟုတ်ပါ။ ရှင်ညိုရောက်လေရာ နေရာမှာ ထိုဆံပင်ကြောင့် ထင်ပေါ်ရသည်သာ။

ဘသည် တကုပ်ကုပ်နှင့် တွက်နေပြန်ပြီ။ မေးသူမရှိဘဲ တွက်နေပြီဆိုလျှင် ရှင်ညို၏ ရှေ့ရေးမှန်း ရှင်ညိုသိပါသည်။

* * *

*"ကျော်" ဆီစက်*

မာစီးဒီးကားနက်ကြီးက ဆီစက်ကြီးဘေးမှ ဖြတ်ကာ နောက်နားခပ်ကျကျတွင် ရှိသော ရှေးဟောင်း ရောမပုံစံနှင့် ခေတ်အမြင် အံဝင်စွာပေါင်းစပ် ဆောက်လုပ်ထားသော ဟိုတယ်ကြီးတစ်ခုနီးပါး ကြီးမားကျယ်ဝန်းသည့် တိုက်ကြီးရှေ့မှာ ရပ်လိုက်သည်။ တိုက်ကြီးရှေ့မှ ရေကူးကန်က ပြာလဲ့နေသည်။

ကျော်ကျော်သည် ကားပေါ်မှ ဆင်းကာ ရေကူးကန်ဆီ လျှောက်သွားရာမှ...
"ဦးလေး ဩဇာ"
"ဘာလဲ ကျော်ကျော်"
"၃၆ လမ်းမှာ တွေ့ခဲ့တဲ့ ပြိုင်ကားအနီလေးကို သတိထားမိသလား"

ဦးဩဇာ သက်ပြင်းချသည်။

"မင်းမှာ ကားလေးစီးရှိနေပြီ ကျော်ကျော်"
"ငါးစီးဖြစ်သွားတာပေါ့ ဦးလေးဩဇာ"

ဦးဩဇာသည် ထိုပြိုင်ကားလေးကို နေ့မကူးခင် ရအောင် ဝယ်ပေးရတော့မည်ဖြစ်ကြောင်း သိပါသည်။ ကျော်ကျော်၏မိဘများ ဆုံးသွားသည်မှာ သုံးနှစ်ခန့်ရှိပြီ။ ကျော်ကျော်ဘွဲ့ရပြီးစမှာ ဦးဩဇာမှာ ကျော်ကျော်၏ဖခင် ဦးကျောက်စိမ်း၏ သူငယ်ချင်း လူပျိုကြီးဖြစ်သည်။ ဦးကျောက်စိမ်းနှင့်အတူ နေခဲ့သည်မှာကြာပြီ။ လုပ်ငန်းကြီးကျယ်လာသောကြောင့် သူငယ်ချင်းကို လူယုံအဖြစ် ဘေးမှာခေါ်ထားရခြင်း ဖြစ်ပါသည်။ ဦးကျောက်စိမ်း ကွယ်လွန်သွားသောအခါ ဦးဩဇာမှာ လူယုံအိမ်တော်ထိန်းကြီး ဖြစ်ခဲ့ရတော့သည်။

ကျော်ကျော်မှာ သက်တမ်းတစ်လျှောက်လုံး ပြောသမျှဖြစ်နေခဲ့ရသော ဘဝပေးစည်းစိမ်ကြောင့် လူမှုရေးအားနည်းသည်။ စာနာမှုမရှိသလောက် ဖြစ်သည်။ သူ၏ဘဝ သူ၏အခြေအနေကြောင့်

www.mmcybermedia.com/ typed by ငွေဇင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

သူသိထားသည်မှာ အရာရာကို ငွေနှင့်ဖြေရှင်းရန်သာ ဖြစ်သည်။ ထိုအသိသည် သူ့ထံမှာ မည်မျှကြာကြာ စွဲမြဲနိုင်ပါမည်နည်း။

* * *

"အသက် ၁၈ နှစ်လောက်ကွာတာကို ယူလို့သင့်တော်ပါ့မလား"
"ဘာလဲ မာဂရက်က အသက် ၄၅ နှစ်အရွယ် လူကြီး ကြိုက်နေလို့လား"
"ဝေးလိုက်တာ ကျော်ကျော့်အသက်က ၂၅ နှစ် ရှိသေးလို့ စဉ်းစားနေတာ"

သို့နှယ် အပျိုကြီးများကလည်း ကျော်ကျော့်ကို စိတ်ဝင်စားကြပါသည်။ အပျိုလေးတို့၏ မိဘများကလည်း သားမက်တော်ရန် တန်းစီနေကြသည်။ ထို့ကြောင့် နီးစပ်ရန် နည်းမျိုးစုံနှင့် ကြိုးစားကြသည့် နည်းမျိုးစုံထဲမှာ အလှူ တိုက်တက်၊ မွေးနေ့ စသည့်ပွဲတို့အတွက် ဖိတ်ကြားသည့်နည်းလည်း ပါပါသည်။

ကျော်ကျော်၏ စာကြည့်ခန်းတံခါးက ဟသွားပြီး ဦးဩဇာ ဝင်လာ၏။

"ဦးလေးဩဇာ တံခါးမခေါက်ဘဲ ဝင်လာလို့ရပါတယ်"
"မင်းအဖေ လုပ်ထားခဲ့တဲ့စည်းကမ်းကွ"

ကျော်ကျော်က ဘာမှပြန်မပြောတော့...
"နော်ဇာ ရောက်နေတယ်။ တိုက်တက်ဖိတ်ချင်လို့တဲ့"
"ဦးလေးဩဇာပဲ ဖိတ်စာယူထားလိုက်ပေါ့"
"ကျော်ကျော်၊ သူ့အဖေနဲ့ မင်းအဖေဟာလည်း သူငယ်ချင်းတွေ။ ကွယ်လွန်သူ မင်းအဖေရဲ့ ဂုဏ်သိက္ခာဟာ မင်းအပေါ်မှာပဲ မူတည်တယ်"

ဦးဩဇာ လှည့်ထွက်သွားသည်။ ကျော်ကျော်သည် ဦးဩဇာကိုမူ ကြောက်ချစ်ရိုသေဖြစ်ပါသည်။ ဦးဩဇာမှာ နေရာတကာ ဝင်ရောက်စွက်ဖက်လေ့ မရှိသော်လည်း ပြောသင့်ပြောထိုက်သည်ကိုမူ အပိုအလိုမရှိ ပြောတတ်သည်။ မလိုအပ်ပါက တစ်လနေ၍မှ စကားတစ်ခွန်း မဟ။

ဧည့်ခန်းမှာ နော်ဇာနှင့် ရှင်ညိုတို့ ထိုင်နေသည်။ လှေကားမှ ဦးဩဇာ ဆင်းလာသည်။ ဦးဩဇာ၏နောက်မှာ ကျော်ကျော်။ ရှင်ညိုမှာ ကျော်ကျော်ကိုမြင်သည်နှင့် ရင်တွေတဒိန်းဒိန်း ခုန်သွားသည်။ ခေါင်းကို ငုံ့ထားလိုက်သည်။ ကျော်ကျော်က မျက်နှာချင်းဆိုင်ဘက်မှာ ဝင်ထိုင်လိုက်ပြီး ပြုံးပြနှုတ်ဆက်သည်။ ထိုအပြုံးမှာ အသက်မပါ။ နော်ဇာက...
"တိုက်တက် လာဖိတ်တာပါ"

ကျော်ကျော်က ဖိတ်စာကိုလှမ်းယူလိုက်ပြီး သူ့ရှေ့မှာ ချထားလိုက်သည်။

"ကျွန်မက နော်ဇာပါ။ ဖေဖေက ကိုယ်တိုင်သွားဖိတ်ပါဆိုလို့"
"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ လေးစားရာလည်းရောက်အောင် ကျွန်တော့်ကိုယ်စား ဦးလေးဩဇာကို လွှတ်လိုက်ပါမယ်။ မနော်ဇာတို့ ဖေဖေနဲ့လည်း မိတ်ဆွေရင်းတွေဆိုတော့"

www.mmcybermedia.com/ typed by ငွေခင်ယောဒ်/ created by lucky82

ကျော်ကျော်၏ စကားကြောင့် နော်ဇာမှာ ရှက်သွားသည်။ ဘေးနားမှာထိုင်နေသော ရှင်ညိုသည်ပင် တုန်လှုပ်စွာဖြင့် ကျော်ကျော့်ကို ဖြတ်ကနဲ ကြည့်လိုက်မိသည်။ အကြည့်ချင်းဆုံလိမ့်မည်ဟု မထင်ခဲ့သော ရှင်ညိုမှာ ကြောက်လန့်စွာဖြင့် ခေါင်းငုံ့ပစ်လိုက်၏။ နော်ဇာတို့ နှုတ်ဆက်ပြီး ထထွက်သည်ထိ ကျော်ကျော်၏ အကြည့်က ရှင်ညိုထံမှာ။

ခြေလှမ်းလိုက်တိုင်း ယိမ်းနွဲ့နေသည့် ရှင်ညို၏ဆံပင်ရှည်ကြီးသည် ကျော်ကျော်၏ နှလုံးသားကို လေပြေတိုးလိုက်သည့် ဇာပိုးပုဝါလို သာသာလေးတော့ လှုပ်ခါသွားစေပါပြီ။ ကားထွက်သွားသည်ထိ ငေးကျန်ရစ်သော ကျော်ကျော်ကိုကြည့်၍ ဦးဩဇာက...
"ငှက်ပျံသွားမှ သစ်ကိုင်းလှုပ်တာ သဘာဝပဲ"

* * *

နော်ဇာမောင်းနေသည့် ကားလေးသည် ကျုံးဘေးမှ ကြီးမားသောကုက္ကိုရိပ်မှာ ရပ်သွားသည်။ နော်ဇာက...
"တန်ဖိုးရှိတဲ့အချိန်တွေကို ဒေါသသင့်နေတဲ့ အာရုံတွေနဲ့ မကုန်ဆုံးချင်ဘူးကွာ။ ကျုံးဘေးမှာပဲ အဲဒီအာရုံတွေကို ထားခဲ့ရအောင်"

နော်ဇာက ဆင်းသွားပြီး ပလပ်စတစ် ရောင်စုံထိုင်ခုံလေးများနှင့် လတ်ဆတ်သည့် သစ်သီးဖျော်ရည် အစုံရသော အအေးဆိုင်လေးမှာ ဝင်ထိုင်လိုက်ပြီး...
"ကမ္ဘလာ ပင်မှည့် သခွား သင်္ဘော ဘာသောက်မလဲပြော"
"ပင်မှည့်"
"ကမ္ဘလာတစ်ခွက်၊ ပင်မှည့်တစ်ခွက်ပေးပါ"

ရှင်ညိုသည် ရင်ဖိုမပျောက်သေးပါ။ နော်ဇာက...
"အလွန်အဆင့်အတန်းမြင့်တဲ့ အဆောင်အယောင်နဲ့ အလွန်နိမ့်ကျတဲ့ စိတ်ဓာတ်ပဲ"

နော်ဇာ၏ ထင်မြင်ချက်ကို ရှင်ညိုက ဘာမှမပြော။ အအေးခွက်များရောက်လာတော့ ကိုယ်စီသောက်လိုက်ကြပြီး...
"ရှင်ညို"
"ဘာလဲနော်ဇာ"
"နင်နဲ့ ကိုကျော်ကျော် ဘယ်လိုပတ်သက်မှုရှိသလဲဟင်။ နင် ကိုကျော်ကျော်ကို မြင်ကတည်းက မူပျက်နေတာ ငါသိတယ်"
"လန့်နေတာ၊ ကြောက်နေတာ၊ ငါ့ကို ကားနဲ့တိုက်မလိုဖြစ်တာ သူ့ကားပေါ့။ နော်ဇာခေါ်တော့ နာမည်နဲ့လူနဲ့ တွဲမသိလို့ လိုက်လာမိတာ။ သူ့ရဲ့အသံက သံမဏိလိုပဲ။ သူ့ရဲ့မျက်စိထဲမှာ နေနှစ်စင်းများ ထည့်ထားသလား မသိဘူး"
"ကဲ တို့ရဲ့တန်ဖိုးရှိတဲ့ အချိန်တွေမှာ သူ့အကြောင်းက ခုလောက်ပဲ အချိန်ပေးသင့်တယ်။ ပြီးသွားပြီ။ တိုက်တက်မှာ နင်လာရမယ်နော်"
"သူနဲ့ဆုံနေမှာ ကြောက်တယ်"
"အို... သူက မလာဘူး။ ဦးလေးဩဇာပဲ လွှတ်လိုက်မယ်လို့ ပြောပြီးသားပဲဟာ။ လာခဲ့နော်"

www.mmcybermedia.com/ typed by ငွေရောင်ယောင်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"အေးလေ လာတာပေါ့။ ငါ့ကို တစ်မျိုးမထင်နဲ့နော်။ ငါ သူ့ကိုမြင်ရမှာ တအားကြောက်လို့"
"ငါ ကောင်းကောင်းကြီး နားလည်ပါတယ် ရှင်ညို။ သူ့ရဲ့ မောက်မာမှုတွေအတွက် သူတစ်နေ့ ဒဏ်ခံရလိမ့်မယ်"

* * *

စက္ကန့်တွေက မိနစ်ကိုစားပစ်သည်။
မိနစ်တွေက နာရီကို ဝါးမျိုပြီး
နာရီတွေက နေ့ရက်များကို မြိုချလိုက်သည်။

နေမင်းသည် ရှမ်းရိုးမ၏ တစ်ဖက်မှ မန္တလေးမြို့ကို လှမ်းကြည့်လိုက်သည်။ ငြိမ်သက်အိပ်မောကျခဲ့သော မန္တလေးမြို့ကြီးကို ပုတ်နှိုးလိုက်သည့်အလား နေရောင်ဖြာကျလာသည်နှင့် နိုးထ လှုပ်ရှားလာကြသည်။

ဦးဩဇာသည် မာစီးဒီးကားကြီးကို ဂိုဒေါင်ထဲမှ ထုတ်လာချိန်မှာ တံခါးဝမှ အဆင်သင့်စောင့်နေသော ကျော်ကျော်ကို တွေ့လိုက်ရသည်။

"ကျော်ကျော် မင်းကဘယ်သွားမလို့လဲ"
"တိုက်တက်လေ"
"မနေ့ကတော့ မသွားတော့ဘူးဆို"

ကျော်ကျော်က ကားပေါ်တက်ထိုင်လိုက်သည်။

"ဘာလို့သွားဖို့ ဆုံးဖြတ်လိုက်တာလဲလို့ မမေးတော့ဘူးလား ဦးလေးဩဇာ"
"မမေးချင်ပါဘူးကွာ။ ပဟေဠိရဲ့အဖြေဆိုတာ စာမျက်နှာရဲ့ တစ်နေနေရာမှာ ရှိနေမှာပဲ။ အချိန်တန်ရင် သိရမယ့်အဖြေကို အပင်ပန်းခံပြီး မရှာချင်ပါဘူးကွာ"

စကားအဆုံးမှာ ဦးဩဇာက ကားကိုမောင်းထွက်ခဲ့သည်။

* * *

တိုက်တက်မှာ လာသမျှဧည့်သည်တို့သည် ရှင်ညိုကို သတိမထားဘဲ မနေနိုင်ပါ။ ရှင်ညို၏ လှပမှုကို ရှည်လျားသောဆံပင်က ခန့်တည်ရန် အားဖြည့်ပေးထားသည်ကိုး။ သက်ကြီးပိုင်းကမူ ဆံပင်၏ ကောင်းခြင်းဆိုသော စကားအတွက် သက်သေပြစရာ ရနေကြသည်။

"တွေ့လား ဘယ်လောက်ကျက်သရေရှိသလဲ"

အားလုံးနည်းပါး၏ အာရုံမှာ ရှင်ညိုထံမှာ။ ထိုစဉ်...
"ဟာ ကျော်ကျော်လာတယ်"

www.mmcybermedia.com/ typed by ငွေခင်ပေယာ်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

အကြည့်တို့သည် တိုက်အဝင်ဝဆီသို့ ရောက်သွားကြသည်။ ပြီးတော့ လူတွေပါ ရောက်သွားကြတော့၏။ ငေးခဲ့ကြသည်။ နှုတ်ဆက်ကြသည်။ ဖိတ်ခေါ်ကြသည်။ ကျော်ကျော်လာခြင်းသည်ပင် ငေးခဲ့ပွဲတစ်ခု၏ အောင်မြင်မှုကို ဖော်ညွှန်းရာ ပြဒါးတိုင်ပမာ ဖြစ်နေသည်။ ရှင်ညို၏စားပွဲမှာ ထိုင်နေခဲ့သော မိန်းကလေး သုံးယောက်သည်ပင် ကျော်ကျော်၏ဘေး ရောက်နေပြီ။ ရှင်ညိုသည် စားပွဲပေါ်မှ ပန်းအိုးလေးကို စူးစိုက်၍ ကြည့်နေသည်။

"ရှင်ညို"

ရှင်ညို မော့ကြည့်လိုက်တော့ နော်ဇာ...
"သတ္တိမွေးစမ်းပါ"

နော်ဇာက ရှင်ညို၏ ပုခုံးလေးကို ဖက်ထားလိုက်သည်။ ရှင်ညို၏ရင်သည် တလှပ်လှပ်ခုန်နေပြီ...
"နော်ဇာ"
"ပြော"
"ငါ ပြန်ချင်တယ်"
"နင် သိပ်ကြောက်နေသလား"

ရှင်ညိုက ခေါင်းငြိမ့်ပြသည်။

"နေဦး ငါ ကားသွားစီစဉ်လိုက်ဦးမယ်"

သည်မျှ တုန်လှုပ်ခြောက်ခြားနေသော ရှင်ညိုအတွက် နားမလည်နိုင်အောင် ဖြစ်ရသည်။ ကျော်ကျော်သည် တစ်ယောက်တည်းထိုင်နေသော ရှင်ညိုကို မြင်သွားပါပြီ။ သူ့အား ငေးခဲ့စကားပြောနေသော စကားလုံးများကို သူ စိတ်မဝင်စားတော့ပါ။

"ဦးလေး ဩဇာ"

ဦးဩဇာက လှည့်ကြည့်သည်။

"ဘုရားခန်းလိုက်သွားလိုက်ပါဦး"
"ဟုတ်သားပဲ ဘုရားခန်းပို့ဖို့ မေ့နေတယ်"

ဦးဩဇာသည် သက်ပျင်းချရင်း နော်ဇာ၏ အဖေနှင့်လိုက်ပါသွားလေပြီ။ ထိုစဉ် အမျိုးသမီး ဝဝကြီးတစ်ယောက်နှင့် မိန်းမငယ်တစ်ယောက်က ကျော်ကျော်၏ စားပွဲဆီသို့ကူးလာကာ ထိုင်လိုက်သည်။ ကျော်ကျော် မထသာ။ ရှင်ညိုထိုင်နေသည့် စားပွဲဆီ လှမ်းကြည့်လိုက်သည်။ ရှင်ညို မရှိပြီ။

ရှင်ညိုသည် နေ့ရက်တို့ကို တုန်လှုပ်ခြောက်ခြားစွာဖြင့် ကျော်ဖြတ်နေရသည်။ ကျော်ကျော်နှင့် ပတ်သက်၍ ကြားရသော စကားတို့ကလည်း ပုံပြင်နယ်။

www.mmcybermedia.com/ typed byဧငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"စူဝံကြယ်တောင် ကျော်ကျော်မလိုချင်လို့ ကောင်းကင်မှာ နေခွင့်ရနေတာ" တဲ့။

သည်အထဲ နော်ဇာက...
"ရှင်ညို သူတိုက်တက်ကိုလာတာ နှင့် တွေ့ချင် မြင်ချင်လို့ဟ၊ နပ်ပြန်သွားမှန်းလည်းသိရော သူလည်းချက်ချင်း ထပြန်သွားတာ"
ဟု ပြောသေးသည်။ ထိုစကားကြောင့် ရှင်ညို၏မျက်လုံး ပြူးကျယ်ဝိုင်းစက်သွားမှန်း သိလိုက်၍ နော်ဇာက ဆက်မပြောခြင်းဖြစ်ပါသည်။ သည်နေ့ နားရက်ရ၍ အိမ်မှာတင်နေရခြင်းအတွင် စိတ်ထဲမှာ လုံခြုံသလိုလိုတော့ ရှိပါသည်။ ဆပ်ပြာရည်စိမ်ထားသော ဘ၏ပုဆိုးနှင့် အင်္ကျီများကို ဆပ်ပြာရည်ထဲမှ ဆယ်လိုက်သည်။ ထိုစဉ် ပြိုင်ကားလေးတစ်စီးက ခြံရှေ့မှာလာရပ်သည်။ ဘထံသို့ ဗေဒင်မေးရန်လာသူပဲ ဖြစ်မည်ဟု ရှင်ညို တွေးမိ၍ သေသေချာချာပင် မကြည့်မိပါ။ ခြေထောက်တစ်စုံက သူ့ရှေ့တည့်တည့် လာရပ်လိုက်မှ မော့ကြည့်ဖြစ်သည်။

"ဟင်"

ထိတ်လန့်တုန်လှုပ်သွားသည်။ ကျားရှေ့ရောက်ရသည့် ယုန်သူငယ်နှယ်။ ရင်တွေ တဒိန်းဒိန်းခုန်လာသည်။

"ဟို ဟို ဗေဒင်မေးမှာဆိုရင် အိမ်ထဲမှာ ဘရှိပါတယ်"
"ဗေဒင်မေးမယ့်သူက အိမ်ထဲရောက်နေပါပြီ"

* * *

"မင်းနာမည် ဘယ်သူလဲ"
"အန်ထော်နီကွင်းပါ"
"အဆန်းပါလား"
"ဟုတ်ကဲ့"
"ကောင်းကောင်းပြောပါ"
"ကျွန်တော် ကောင်းကောင်းပြောတာပါ အဘ။ ကျွန်တော့်အဖေက ဦးထော်၊ အမေက ဒေါ်နီ၊ မိန်းကလေးတွေက ကျွန်တော့်မြင်ရင် ကွင်းကွင်းသွားလို့ အန်ထော်နီကွင်းဖြစ်သွားတာပါ"
"အင်း ဒီလိုတော့လည်း ဟုတ်တုတ်တုတ်ပဲ။ ဇာတာပါသလား"
"မပါဘူးခင်ဗျ။ လက္ခဏာပဲ ကြည့်ပေးပါ"

အန်ထော်နီကွင်းက လက်ဝါးနှစ်ဖက်ဖြန့်ကာ အရှေ့သို့ ထိုးပြလိုက်သည်။

"ကျန်းမာရေးကို သတိထားပါ"
"အသက်လမ်းကြောင်းကြီးက ထင်းနေတာပါ"
"မင်းလက်က ဟင်းနံ့ရတယ်လေ။ အဲဒါ လက်ပြောင်အောင် မဆေးလို့ပေါ့။ သန့်သန့်ရှင်းရှင်း မနေရင် ရောဂါဖြစ်နိုင်တယ်ကွယ့်"

www.mmcybermedia.com/ typed by ငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ဘမှာ ကျော်ကျော်၏သူငယ်ချင်းနှင့် အိမ်ထဲတွင် အလုပ်ရှုပ်လျက်ရှိပါသည်။

ကျော်ကျော်က ရှင်ညို့နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ပြီး...
"ငါပြောတာ ကြားရဲ့လား"

ရှင်ညို့က မဖြေ။ ခေါင်းငုံ့ထားသည်။ အဝတ်လည်း ဆက်မလျှော်ဖြစ်။ သက်ရှိပန်းပု။

"နင် ငါ့ကိုကြောက်ဖို့မလိုဘူး။ ချစ်ဖို့ပဲလိုတယ်။ ငါက နင့်ကိုချစ်နေတာ။ နင်က ငါ့ကို ပြန်ချစ်ပေါ့။ ညီမတွေ၊ အစ်ကိုတွေ မောင်တွေ၊ မတွေ ဆိုတာမျိုး မပြောတတ်ဘူး"

ရှင်ညို့ ကျော်ကျော်၏ မျက်နှာကို ကြည့်လိုက်မိသည်။ ခုတော့လည်း ကျော်ကျော်၏မျက်ဝန်းထဲမှာ နေမင်းမရှိ၊ လနှစ်စင်းဖြစ်နေ၏။ အသံမှာ မာနေသော်လည်း သံမဏိမဟုတ်ပြီ။ ရေခဲလို တဖြည်းဖြည်း အရည်ပျော်နေသည်။

"ငါ အချစ်ပဲ ခံဖူးတယ်။ ဘယ်သူ့မှ မချစ်ဖူးဘူး။ ခု နင့်ကိုငါ ချစ်သွားတာလို့ ထင်တယ်။ တွေ့ချင်တယ်၊ မြင်ချင်တယ်။ စကားတွေ ပြောချင်တယ်။ ဘယ်လိုစကားတွေမှန်း မသိဘူး။ ပြောစရာစကားတော့ ငါ့မှာမရှိဘူး။ ပြီးတော့ နင် ငါ့ကိုချစ်အောင် ဘယ်လိုလုပ်ရမှန်း မသိဘူး။ ငါလိုချင်တာမှန်သမျှ ငါ ရခဲ့တာချည်းပဲ။ ခုဟာက ခက်နေတယ်။ ငါလိုချင်တာလည်း မဟုတ်ဘူး။ ပေးချင်နေတာ။ ဘာတွေပေးရမှန်း မသိဘူး။ နင့်အတွက်ဆို ဘာဖြစ်ဖြစ် ပေးချင်နေတယ်။ ဟိုလေ တိုက်တွေ ကားတွေ စိန်တွေ ရွှေတွေကိုပြောတာ မဟုတ်ဘူး။ အဲဒီထက် လေးနက်တယ်။ ငါ့ဘဝကို ပေးချင်နေတာ"

ရှင်ညို့ တဖြည်းဖြည်း အကြောက်ပြေလာသည်။ ကျော်ကျော်ကို ကြည့်မိပြန်သည်။ ခုတော့လည်း ကျော်ကျော်၏ မျက်နှာပေါ်မှာ မာန်မာနဟူ၍ မြူမှုန်မျှမရှိပြီ။ တိမ်ကင်းစင်သည့် အရုဏ်ဦးလေပြေလို။ ကြည်လင်နေပါပြီ။ သူ့လေသံကလည်း အရုဏ်ဦးလေပြေလို၊ နေခြည်ပင်မထိသေး၍ အေးမြနေသည်လို။

"နင့်နာမည် ရှင်ညို့နော်"
ရှင်ညို့ ခေါင်းငြိမ့်မိသွားသည်။
"ဟိုမှာကြည့်စမ်း ရှင်ညို့"

ရှင်ညို့ လှမ်းကြည့်မိသည်။ ခပ်လှမ်းလှမ်းမှာ မြင်နေရသော ဘုရားစောင်းတန်းထိပ်မှ ခြသေ့်ကြီး...
"ငါဟာ ခြသေ့်ပေမယ့် နင့်အတွက်တော့ အရုပ်ပါဟာ။ နင်ကတော့ ငါ့အတွက် အဲဒီခြသေ့်ပါးစပ်ထဲက ငှက်ကလေးပဲ။ ခြသေ့်ကြီးရဲ့ပါးစပ်ထဲမှာ မြူးနေတဲ့ ငှက်ကလေးကို ဘယ်လိုအန္တရာယ်မှ မပေးပါဘူး။ တကယ်တော့ ခြသေ့်ကြီးဟာ သနားစရာ ကောင်းပါတယ် ရှင်ညို့။ အဲဒီငှက်ကလေးကိုခွဲပြီး ဘယ်မှ ထွက်သွားနိုင်စွမ်း မရှိသလို ငှက်ကလေးထွက်ခွာသွားရင်လည်း လိုက်နိုင်စွမ်း မရှိပါဘူးဟာ။ နင့်ကြည့်ရတာ ငါ့ကိုကြောက်နေသလိုပဲ။ ငါ့ကိုကြောက်ပြီး ထွက်ပြေးသွားမှာကို ငါ တအား စိုးရိမ်နေတယ်။ အဲသလိုသာ ဖြစ်ရင်လေ..."

ရှင်ညို့ ကျော်ကျော့်ကို ကြည့်လိုက်မိသည်။

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ခြသေ့ကြီး ပိုလိမ့်မယ်။ ခြသေ့မျက်ရည်ကျရင် လူတွေ အံ့ဩမယ်။ တစ်ခါမှ ဒီလို အားငယ်တဲ့ အတွေးမျိုး မတွေးဖူးဘူး ရှင်ညို"

ထိုစဉ် အိမ်ထဲမှ ဗေဒင်မေးသူ ထွက်လာသည်။ ဗေဒင်မေးသူ၏နောက်မှာ ဘ ပါလာသည်။ ဘသည် ရှင်ညိုကို လှမ်းကြည့်လိုက်ပြီး...
"ငါ့မြေး အ၀တ်ကလေးနှစ်ထည်လျှော်တာ။ ခုထိ မပြီးသေးဘူးလား။ အအေးမိဦးမယ်"
"ပြီးပါပြီ ဘ"

* * *

"ရှင်ညို၊ ၀မ်းသာပါတယ်"
"ဘာလဲ"
"မနေ့က ကျော်ကျော် သူငယ်ချင်းဆီ လာတယ်ဆို"

ရှင်ညို အံ့အားသင့်နေမိသည်။ နော်ဇာက ကွန်ပျူတာကိုင်တဲ့ မီမီက အန်ထော်နီလို့ခေါ်နေကြတဲ့ ကိုစန်းမောင်ကြီးရဲ့ ရည်းစားလေ။ စေ့စပ်ပြီးသား။ လက်ထပ်တော့မှာ ဟူ၍ ဆက်ပြောသည်ကိုပင် သဘောမပေါက်။

"ကိုစန်းမောင်ဆိုတာ ကျော်ကျော့်သူငယ်ချင်း မနေ့က ဗေဒင်၀င်မေးနေတဲ့ လူ။ သူတို့တီးဝိုင်းကိုလည်း ကျော်ကျော်ကပဲ ထောင်ပေးထားတာ"

အကောင်ပြမှ အရိပ်မြင်တော့သည်။

"နော်ဇာ"
"ပြောပါ ရှင်ညို"
"ငါလည်း အဲဒီအကြောင်း ပြောချင်လို့ နင့်ဆီလာတာ။ ငါ ဘာလုပ်ရမှန်း မသိဘူး။ သူ့ရှေ့မှာ လှုပ်ရမှာကို ကြောက်နေတာ။ သူ့ကို လက်မခံချင်တာတော့ မဟုတ်ဘူး။ သိပ်ကြောက်တတ်တဲ့ ယုန် ကျားရှေ့ရောက်နေလို့ မလှုပ်ရဲနည်းမျိုးပါ"
"ငါ ယုံပါတယ် ရှင်ညို"
"ငါ ဘာလုပ်ရမလဲ"
"နင် ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး"
"ဘယ်လို"
"သူ နင့်ကို ရအောင် ယူမှာပဲ"
"ဒါဖြင့်"
"သေချာတာကတော့ သူ နင့်ကို တော်တော်ချစ်နေပြီ။ စိတ်ဆင်းရဲအောင်လည်း လုပ်မှာမဟုတ်ဘူး။ သူဟာ မာနကြီးပေမယ့် အကျင့်မပျက်ပါဘူးဟာ။ ဒီနေ့ထိ မိန်းကလေးတွေနဲ့ ပတ်သက်တဲ့သတင်း လုံး၀ မထွက်ဖူးဘူး။ ဒါကြောင့်လည်း သမီးရှင်တိုင်းက သူ့ကို မျက်စိကျနေတာပေါ့"

www.mmcybermedia.com/ typed by ငွေဇင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

နောက်ရက်မှာ နော်ဇာကုန်တိုက်ကြီးတစ်ခုလုံး တုန်လှုပ်သွားသည်။

ကျော်ကျော် ကုန်တိုက်ထဲ ဝင်လာကတည်းက စတ္တန့်ပိုင်းအတွင်း အပေါ်ဆုံးအထပ်ထိ သတင်းရောက်သွားသည်။ ဒုတိယအထပ်ရောက်တော့ ရှင်ညို၏ အရောင်းကောင်တာရှေ့မှာ ရပ်လိုက်သည်။ ရှင်ညို ကြောက်လွန်း၍ ဒူးများပင် တုန်လာသည်။ ရှက်လည်း ရှက်နေသည်။

"ရှင်ညို"
ရှင်ညိုက အားတင်းပြီး...
"ကျွန်မ အလုပ်ချိန်ဖြစ်နေတယ်။ စကားပြောလို့ မရပါဘူး"
ကျော်ကျော်က...
"ဒီကောင်တာထဲရှိတဲ့ အင်္ကျီတွေ အကုန်ယူမယ်"
"ရှင်"
"ဝယ်တာပါ"

ရှင်ညို ဘာလုပ်ရမှန်းမသိ။ သူတို့အရိပ်အခြေကို စောင့်ကြည့်နေသော အရောင်းကြီးကြပ်က သူတို့နား ရောက်လာသည်။

"ဒီကောင်တာထဲမှာရှိတဲ့ အင်္ကျီတွေအားလုံး ပက်ကင်လုပ်ပြီး ပို့လိုက်ပါ"
"အကုန်"
"မရောင်းဘူးလား။ ဝန်ထမ်းတွေကို မွေးနေ့လက်ဆောင် ပေးဖို့ဝယ်တာပဲ။ ဘောင်ချာဖြတ်ပေးလိုက်ပေါ့"
"ဟုတ် ဟုတ် ဟုတ်ကဲ့"
"ပို့ပေးတယ် မဟုတ်လား"
"ဟုတ် ဟုတ်ကဲ့"
"ရှင်ညိုနားတဲ့ရက်မှ လာခဲ့ပါဦးမယ်"

ကျော်ကျော်ထွက်သွားပြီးသည်အထိ ရှင်ညို မလှုပ်မယှက် ရပ်နေမိသည်။ ကွန်ပျူတာကိုင်သည့် မီမီက ရှင်ညိုကို ဖက်လိုက်ပြီး...
"ရှင်ညို သိပ်အနေရခက်နေပြီလား"

ရှင်ညို ခေါင်းငြိမ့်လိုက်သည်။ သာသာလေး။ မီမီက ရှင်ညိုကို တင်းတင်းဖက်ထားလိုက်သည်။ ဒုတိယအထပ် တစ်ထပ်လုံး ငြိမ်နေသည်။

* * *

"ငါ သူ့ကို ဘာစော်ကားလို့လဲ"
"မင်းက စော်ကားတာမဟုတ်ပေမယ့် သူ့မှာ အတော်အနေရခက်သွားတယ် ကျော်ကျော်။ ပြီးတော့ မီမီကိုပြောတယ်တဲ့။ သူ အားကြီးကြောက်တယ် လို့"
"ဘာကြောက်တာလဲကွာ။ ငါ အဲဒါကို နားမလည်နိုင်အောင် ဖြစ်နေပြီ"
"မီမီပြောတော့ သူ မန္တလေးရောက်လာတော့ မင်းရဲ့ကားနဲ့ တိုက်မိမလို ဖြစ်ဖူးတယ်တဲ့"

www.mmcybermedia.com/ typed byငွေခင်ေလးသ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ကျော်ကျော် စဉ်းစားလိုက်သည်။ ပလက်ဖောင်းပေါ် ခွေလဲသွားသော ပုံရိပ်။ ပြီးတော့ သူ၏ မာကျောခက်ထန်သော ဆက်ဆံခဲ့မှု။

"စန်းမောင်"
"ပြော"
"၁၇ ရက်နေ့မှာ မင်းတို့တစ်ဖွဲ့လုံးလာခဲ့ကွာ"

* * *

ဗေဒင်မေးမည့်သူ ခုနစ်ယောက် တပြိုင်တည်းရောက်လာခြင်းအတွက် ဘမှာ အစဉ်းစားရ ခက်သွားသည်။ ဧည့်ခန်းလေးထဲမှာ နေရာလွတ်ပင် မရှိတော့။ အန်ထော်နီကွင်းက...
"ကျွန်တော့်ကို ဟောတာမှန်လို့ ကျွန်တော့်သူငယ်ချင်းတွေ ခေါ်လာခဲ့တာ"

ဘ မျက်လုံးအပြူးသားနှင့် အန်ထော်နီကွင်းကို ကြည့်လိုက်သည်။ ထိုအချိန်မှာ...
"ရှင်ညိုအတွက် အနေရအထိုင်ရခက်အောင် ပြုမိတယ်ဆိုရင် တောင်းပန်ပါတယ် ရှင်ညို။ ကိုယ့်ဟာကိုယ်လည်း စဉ်းစားလို့ မရဘူး။ စိတ်ထဲမှာ မြင်ချင် တွေ့ချင်နေတာနဲ့ ရောက်လာမိတာပါ။ ပြောရင် ယုံမလား မသိဘူး။ ခုလို ကုန်တိုက်ထဲကို တစ်ခါမှ မဝင်ဖူးဘူးလေ။ ဦးလေးသြဇာက ခဏခဏ ပြောတယ်။ မင်း လူတွေလို မနေတတ်ဘူးတဲ့"

ရှင်ညို ကျော်ကျော့်ကို ကြည့်လိုက်သည်။ ကျော်ကျော်သည် အဝေးကိုကြည့်ရင်း ပြောနေခြင်းဖြစ်သည်။

"မင်းချစ်တဲ့ကောင်မလေးကို တွေ့တဲ့အခါမှာတော့ မင်း လူလို နေတတ်သွားလိမ့်မယ်။ မင်းကို ပြုပြင်နိုင်မယ့်သူဟာ မင်းက ချစ်တဲ့သူပဲ ရှိလိမ့်မယ်တဲ့ ရှင်ညို"

ရှင်ညို မသိမသာ သက်ပြင်းချမိသည်။

"ရှင်ညို ကျွန်တော့်ကို ပြုပြင်ပေးပါလား"

ကျော်ကျော်၏နှုတ်ဖျားမှ 'ကျွန်တော်' ဟု ထွက်လာခြင်းအတွက် ရှင်ညို အံ့သြသွားမိသည်။

"ကျွန်တော် ပြောတတ်တဲ့စကား ကုန်သွားပြီဗျာ။ တစ်ခုခုလေး ပြန်ပြောပါလား"

ကျော်ကျော်က ရှင်ညိုကို စူးစိုက်ကြည့်လိုက်သည်။ ရှင်ညိုက ခေါင်းငုံ့လိုက်ရင်း...
"ကျွန်မကို စဉ်းစားခွင့်ပေးပါဦး"

* * *

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ညသည် တိတ်ဆိတ်နေသည်။ ဘသည် ရေခွေးကိုသောက်နေရာမှ ရှင်ညို ချပေးသော လက်ဖက်နပ်ကို နည်းနည်းယူကာ မြုံနေလိုက်သည်။ ရှင်ညိုသည် ကျော်ကျော် သူ့အား ချစ်ရေးဆိုနေသည်ကို ပြောရန်သင့်မသင့် စဉ်းစားနေသည်။ ထိုအချိန်မှာပင်...
"ရှင်ညို"
"ဘ"
"ငွါမြေး အိမ်ထောင်ကျကိန်းမြင်တယ်"
"ဘ တွက်ကြည့်တာလား"
"တွက်ဖို့မလိုပါဘူးကွယ်။ ဘလည်း ငယ်ရာက ကြီးလာတာပါ။ ငွါမြေး ရင်ဆိုင်နေရတဲ့ သူငယ်ဟာ သူလိုချင်တာကို ရအောင်ယူမှာပဲ။ ဘ သူ့အကြောင်း စုံစမ်းပြီးပါပြီ"

ဘ၏ အသံက မရှင်လန်းပါ။ ဆွေးမြေ့နေသည်။ ဘ ရှင်ညို၏ ဇာတာကို အကြိမ်ကြိမ်အခါခါ စစ်ဆေးပြီးပြီ။ အကြိမ်ကြိမ် တွက်နေရင်း တစ်ဝက်နှင့် ရပ်လိုက်ရသည်ချည်းသာ။ အကြိမ်ကြိမ် အခါခါ တွက်သော်လည်း အဖြေကတစ်မျိုးတည်း ဖြစ်နေ၏။ ဘ ရှင်ညိုကိုကြည့်၍ ဂရုဏာသက်သွားသည်။

"အဘ သဘောမတူဘူးဆိုရင်တော့ ရှင်ညိုမယူဘူး"
ဘက ရှင်ညိုကိုကြည့်သည်။
"ငွါမြေးလေး"
"ဘ"
"မိုးအဆုံး မြေအနှံ့ ရှောင်ပုန်းနေဦးတော့ မရတော့ပါဘူး ငွါမြေးရယ်၊ အိမ်ထောင်ကျကိန်းက ရှိနေပြီ"

* * *

ရှင်ညို အဖြေပေးလိုက်သည့်နေ့မှာ ကျော်ကျော် ပျော်လွန်း၍ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ရသည်။ ရှင်ညိုကိုခေါ်ကာ ရွှေစာရံဂေါက်ကွင်းသို့ ရောက်သွားသည်။ ဂေါက်ကွင်းထဲမှာ မည်သူမျှ မရှိ။ ရှင်ညိုကို ရပ်စေပြီး အဝေးကြီးက သွားကြည့်သည်။ အနီးကပ်ကြည့်သည်။ မြက်ခင်းပေါ်မှာ မှောက်အိပ်ပြီး ရှင်ညိုကို ကြည့်သည်။ ရှေ့ကကြည့်သည်။ ဘေးကကြည့်သည်။ မော့ကြည့်သည်။ အနီးကပ်ကြည့်သည်။ အဝေးက သွားကြည့်ပြန်သည်။

"ထိုင်ပါဦး ရှင်ညို"
မြက်ခင်းပြင်ပေါ်မှာ ထိုင်လိုက်ကြသည်။ စကားမပြောမိ။ အတော်ကြီးကြာမှ...
"ရှင်ညို ကျွန်တော့်ကို ပစ်မထားခဲ့ရဘူးနော်"
ရှင်ညို ဘာပြန်ပြောရမည်မသိ။ ကျော်ကျော်ကို အံ့သြစွာ ကြည့်နေမိသည်။ ကျော်ကျော်မှာ ထိုစကားကို စိုးရိမ်ပူပန်စွာ ပြောလိုက်ခြင်းဖြစ်ကြောင်း ရှင်ညိုသိပါသည်။

"သိပ်တန်ဖိုးကြီးတာကို ပိုင်ဆိုင်ရသူတိုင်းဟာ ဆုံးရှုံးမှု မခံနိုင်ဘူးလေ။ ကျွန်တော့်ခံစားမှုကို နားလည်ပေးပါ ရှင်ညို။ ကျွန်တော့်ဘဝမှာ ခုလိုခံစားမှုမျိုး တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးပါဘူး"

ရှင်ညို ကျော်ကျော့်ကို ကြည့်နေသည်။ သူ၏ရင်ထဲမှာ ကြောက်သည့်စိတ်များ လွှင့်ပြယ်နေကြောင်း သတိထားမိသွားသည်။ ကျော်ကျော့်ကိုပင် သနားနေမိသလိုလို။ ခုချိန်ထိ ချစ်သည်ဆိုသော

www.mmcybermedia.com/ typed by ငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

စကားကိုပြောရမှာ နှစ်ယောက်လုံးက ရှက်နေပုံရသည်။ ကျော်ကျော်က ကျွန်တော့်ကို အဖြေပေးတော့မယ်ပေါ့ဟု မေးသည်။ ရှင်ညိုက အပြုံးတစ်ဝက်နှင့် ခေါင်းငြိမ့်ပြခဲ့သည်။ နောက်တော့ ရွှေစာရံဂေါက်ကွင်းထဲ ရောက်ခဲ့သည်။

* * *

နော်ဇာက ရှင်ညိုအလုပ်မှ ထွက်ခွင့်ပြုရန် ပြောသောအခါ ခေါင်းငြိမ့်ပြသည်။ ပြီးတော့…
"ဘယ်တော့လောက် လက်ထပ်ကြမှာလဲ"
"နက်ဖြန် ရုံးတက်လက်မှတ်ထိုးမယ်"
"ရှင်ညို"
"နော်ဇာ"
"အစစ အရာရာ သတိထားပါ သူငယ်ချင်း။ အသိဉာဏ်နည်းတဲ့လူဟာ အချစ်ကြီးရင် အမျက်ကြီးတတ်တယ်"

ရှင်ညိုက နော်ဇာကို စူးစိုက်ကြည့်ပြီးမှ ခေါင်းငြိမ့်ပြလိုက်သည်။

"သူငယ်ချင်းရဲ့ စေတနာကို နားလည်ပါတယ်ကွာ။ ကိုယ် တစ်သက်စာအဖြစ် မှတ်ထားပါ့မယ်"

* * *

"ဦးလေးသြဇာ"
"ဘာလဲ ကျော်ကျော်"
"ကျွန်တော် အိမ်ထောင်ပြုတော့မယ်"
"ဒါမျိုးဆိုတာ တိုက်တွန်းလို့ မရသလို၊ တားလို့လည်း ရတာမှမဟုတ်ဘဲကွာ"
"ဘယ်သူလဲ ဘယ်ကလဲလို့ မမေးတော့ဘူးလား"
"ခေါ်လာရင် တွေ့ရ၊ သိရမှာပဲလေ"

ဦးလေးသြဇာက အပေါ်အင်္ကျီကို ဝတ်လိုက်ပြီး ဆီစက်ထဲသို့သွားရန် ဟန်ပြင်လိုက်သည်။

"ဦးလေး သြဇာ"
ဦးသြဇာက လှည့်ကြည့်လိုက်ပြီး…
"ရေကူးကန်ဘေးက သီးသန့်ဆောက်ထားတဲ့တိုက်ကို ငါ အားလုံးပြင်ဆင်ထားပြီးပြီ။ မင်း မူမမှန်တာကို ငါက ကြိုမသိဘူး ထင်နေသလား ကျော်ကျော်"

ဦးသြဇာ ပြုံးပြီး ထွက်သွားသည်။

* * *

ဘသည် တကုပ်ကုပ်နှင့် ဗေဒင်တွက်နေပြန်ပြီ။ ကျော်ကျော်နှင့်ရှင်ညိုတို့မှာ ယခုအချိန်ဆိုလျှင် တရားရုံးသို့ ရောက်နေလောက်ပေပြီ။ ဘမှာ တွက်နေရင်းမှ တစ်ဝက်မှာ ရပ်သွားသည်။ ပြီးတော့ တစ်ယောက်တည်း ရေရွတ်လိုက်သည်။

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"သူတို့ ကွဲမှာပဲ"
သူ ဆက်မတွက်ရဲတော့ပါ။

* * *

*အခါမဲ့ပန်း*

သစ်ပင်တိုင်းမှာ ပန်းတွေ ဝေနေသည်။ ရှင်ညို့ အံ့သြလွန်း၍ ဘာပြောရမှန်း မသိ။ မင်္ဂလာဧည့်ခံပွဲကို ခြံထဲမှာတင်လုပ်မည်ဆိုစဉ်က သဘောမပေါက်။ ရှင်ညို့သည် နတ်ဘုံနတ်နန်းတမျှ ခန်းနားမှန်းကို ယခုမှ သိရသည်။ ပထမအကြိမ် နော်ဇာနှင့်ရောက်စဉ်က ကြောက်စိတ်နှင့် ခေါင်းငုံ့ထားသောကြောင့် ဘာမျှမသိခဲ့ပါ။ ဟိုတယ်ကြီးတစ်ခုမှာ ဧည့်ခံပွဲမလုပ်သည်ကို ယခုမှ သဘောပေါက်သွားသည်။

ကျော်ကျော်သည် ရှင်ညို့၏လက်ကို တင်းတင်းဆုပ်ထားသည်။ ဧည့်ခံပွဲလုပ်ရန် ပြင်ဆင်ထားသော ရေကူးကန်ဘေးမှ စားပွဲများ။ နောက်နားဆီမှာ သူတို့နေရမည့် တိုက်ကလေး စနစ်တကျစိုက်ပျိုး ပြုပြင်ထားသော သစ်ပင်တွေက အရွယ်မျိုးစုံ ပန်းတို့ပွင့်ရမည့်အခါ မဟုတ်ပါဘဲနှင့် သစ်ပင်တိုင်းမှာ ပန်းတို့ ဝေနေသည်။ ရှင်ညို့၏ရင်သည် တလှပ်လှပ်ခုန်နေ၏။

"ရှင်ညို့"
"မောင်"
"တစ်ခုခုကို သိချင်နေသလိုပဲ။ မေးလေ ဘာသိချင်လို့လဲ"
ရှင်ညို့က ကျော်ကျော်၏မျက်နှာကို မော်ကြည့်ပြီး...
"ပန်းတွေ ပွင့်နေတာ"
"ရှင်ညို့အတွက် ပွင့်စေလိုက်တာလေ"

ကျော်ကျော်က ရှင်ညို့ကို ဆွဲခေါ်သွားပြီး သစ်ကိုင်းဖျားမှ ပန်းတစ်ပွင့်ကို ဖြုတ်ယူပေးလိုက်သည်။

"အို"
အစစ်နှင့် ဘယ်လိုမှ ခွဲမရသည့်ပန်းအတု။ ဦးသြဇာက သူတို့နား လျှောက်လာပြီး...
"ကျော်ကျော် ဖုန်းလာတယ်။ ရန်ကုန်က တေးသံရှင်တွေ ရောက်ပြီတဲ့။ မင်းနဲ့စကားပြောချင်လို့တဲ့။ မင်းရဲ့ ဟမ်းဖုန်းဆက်ဖို့ပြောတာ ဖုန်းပိတ်ထားလို့ ဆက်မရဘူးတဲ့"
"ကျွန်တော် တမင်ပိတ်ထားတာပါ။ ရှင်ညို့ ခဏနော်"

ကျော်ကျော်က တိုက်ကြီးဆီသို့ လျှောက်ထွက်သွားသည်။ ဦးသြဇာက ရှင်ညို့၏လက်ထဲမှ ပန်းလေးကို လှမ်းကြည့်သည်။

"ရှင်ညို့က ပန်းလေးတွေကြည့်ပြီး နားမလည်နိုင်ဘဲ အံ့သြနေတာ။ သူ ယူပြမှ အတုမှန်းသိတာ။ ပန်းဖိုးတင်ကို မနည်းဘူး ကုန်မှာပဲနော်"
ဦးသြဇာ၏အဖြေကို ကြားလိုက်ရတော့ ရှင်ညို့ အံ့အားသင့်သွားသည်။
"၁၈ သိန်းဖိုးတည်းပါ"

* * *

www.mmcybermedia.com/ typed byမေငွေခင်ပေယာ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ဘအတွက် ထမင်းချိုင့်ကို ဦးဩဇာကိုယ်တိုင် လာပို့သည်။ အဝတ်လျှော် သန့်ရှင်းရေးလုပ်ဖို့ ကလေးမလေး တစ်ယောက် နေ့စဉ်လွှတ်ပေးသည်။ ညညမှာ ဘအတွက် အဖော်ရရန် စောင့်အိပ်ပေးဖို့ လူငယ်လေး တစ်ယောက် ထားပေးသည်။ ကျော်ကျော်နှင့် ရှင်ညိုတို့က မင်္ဂလာအပန်းဖြေခရီး ထွက်သွားကြသည်မှာ ညစာခံပွဲပြီးသည့်နောက်ရက်ကတည်းက ဖြစ်ပါသည်။

ကျော်ကျော်နှင့်ရှင်ညိုသည် ပေလီမှသည် သူဌေးကျွန်းထိ ရောက်ခဲ့သည်။ တာချီလိတ်၊ တမူး၊ ရွှေလီစသည့် နယ်စပ်များသို့လည်း ရောက်သည်။ အင်းလေးကိုရောက်တော့ သူတို့ခရီးထွက်ခဲ့သည်မှာ တစ်လကျော်နေပေပြီ။ အင်းလေးကန်ကို ဖြတ်တိုက်လာသည့်လေက စိမ့်အေးနေ၏။ နူးညံ့သော ယုန်မွေးခြုံထည်၏ အထိအတွေ့ကြောင့် လှည့်ကြည့်မိသည်။ ကျော်ကျော်...

"ဘာတွေ တွေးနေတာလဲ"
"အိပ်မက်လား၊ လက်တွေ့လားလို့။ ရှင်ညိုရဲ့ဘဝကို ရှင်ညိုပဲသိတယ်မောင်။ စိတ်ထဲမှာ အိပ်မက်လို့ပဲ ခံစားနေရတယ်"
"သိမ်ငယ်တဲ့ဘဝတွေ၊ အားငယ်စရာတွေကို မေ့လိုက်တော့လေ။ ပျော်ပျော်နေပါတော့ ရှင်ညို"

ရှင်ညိုက ကျော်ကျော်၏ မျက်နှာကို စူးစိုက်ကြည့်သည်။

"ထာဝရ ပျော်စရာဖြစ်ပါစေလို့ ဆုတောင်းပါတယ် မောင်ရယ်"
"မောင့်ကို မယုံဘူးလား"
"ကံကြမ္မာကို မယုံတာပါ မောင်"
ကျော်ကျော်က ရှင်ညိုကို အသာဖက်ထားလိုက်သည်။

ရှင်ညိုသည် ကျော်ကျော်၏ရင်မှာ မျက်နှာအပ်ကာ ငြိမ်နေလိုက်သည်။ ခြေဖျားလက်ဖျားလေးများ နွေးလာသည်။

"မောင်"
"ရှင်ညို"
"ရှင်ညို့ကို အပိုင်ပေးဖို့ နေရာလေးတစ်နေရာ တောင်းချင်တယ်"
"ရှင်ညို ကြိုက်တဲ့နေရာပြောလေ"
"မောင့်ရင်ခွင်"
ကျော်ကျော်က တင်းတင်းဖက်ထားလိုက်မိသည်။

* * *

"ဘာလိုသေးလဲ ဘ"
"မလိုပါဘူးကွယ်"
"ရှင်ညိုတို့ ညနေလောက် ရောက်လိမ့်မယ်။ ဖုန်းဆက်တယ်"
"ဟုတ်လား"

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ဦးသြဇာက ခေါင်းငြိမ့်ပြသည်။

"ဘ ရှင်ညိုကို လွမ်းနေပြီထင်တယ်"
"ဘမှာ ဒီမြေးပဲရှိတာလေ။ မလွမ်း ရှိရိုးလား"

ဦးသြဇာသည် ဘ၏ ညှိုးနွမ်းနေသော မျက်နှာကိုကြည့်ပြီး ဂရုဏာသက်မိသည်။

"ဘ ရှင်ညိုတို့နဲ့ လာနေပါလား"
"လူငယ်တွေ လွတ်လွတ်လပ်လပ် နေပါစေကွယ်"
ဘက ဦးသြဇာကို အားယူ၍ ပြုံးပြလိုက်သည်။ ဘ၏အပြုံးက "အပြုံးလွမ်း"။
'ရက်' သည် အချိန်တည်းဟူသော အသံကို 'လ' သို့ လက်ဆင့်ကမ်းလိုက်သည်။

* * *

ရှင်ညိုဝင်သွားတော့ ဘက တွက်လက်စ စာအုပ်ကလေးကို ပိတ်လိုက်သည်။ ကျော်ကျော်က နောက်မှ ဝင်လိုက်လာသည်။ အလွန်ပျော်ပျော်နေခဲ့သော ဘမှာ အပြုံးအရယ် နည်းလာသည်။ ရှင်ညို ဘကိုမြင်တိုင်း ဝမ်းနည်းသည်။ အတူလာနေရန် ခေါ်ထား၍လည်း မရ။

"ဘ"
ဘက မထူး။ ရှင်ညိုကို ရီဝေစွာကြည့်သည်။
"ရှင်ညိုတို့နဲ့ အတူလာနေပါလားဟင်"
"ဒီမှာပဲ နေပါ့မယ်ကွယ်"
ကျော်ကျော်က...
"ဒီနေရာလေးကို သဘောကျတာဆိုရင် ဒီမြေကိုဝယ်ပြီး တိုက်ကလေး ဆောက်ပေးမယ်လေ"
"နောင် အပိုဖြစ်နေမှာပေါ့ကွယ်။ ကဲ ကဲ ထိုင်ကြဦး။ ဘ မင်းတို့ကို ပေးစရာလေးရှိတယ်"

ဘက အခန်းတွင်း ထဝင်သွားသည်။ ဘပြန်ထွက်လာတော့ ချည်ကြိုးအနက်ကလေး ပါလာသည်။ ကြိုးမှာ ငွေချြူလုံးသေးသေးလေး တွဲထားသည်။ ပြောင်းဖူးစေ့အရွယ်ထက်ပင် ငယ်ဦးမည်။

"ဒါက ရှင်ညိုရဲ့အဖွား လုပ်ထားခဲ့တာ။ သူမြစ်ရတဲ့အခါ ခမဲပေးဖို့တဲ့။ ငါ့မြေးတို့က အဘက်ဘက်က ပြည့်စုံနေတော့ ဒါလေးပေးဖို့ လက်တွန့်နေခဲ့တာ"

ရှင်ညိုက ဘ၏ရင်ခွင်ထဲတိုးဝင်ပြီး ရှိုက်ငိုလိုက်သည်။
ရှင်ညိုကိုယ်တိုင်ကရော စိုးရိမ်မှု၊ ထိတ်လန့်မှု၊ ကြောက်ရွံ့မှု၊ အားငယ်မှုတွေကို ရင်ဝယ်ပိုက်ထားရဆဲပါ။

* * *

ဘထံမှပြန်တော့...
"မောင်"

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ရှင်ညို"
"အောင်ပင်လယ်ဘက် မောင်းပေးပါလား"

ရှင်ညိုက အောင်ပင်လယ်ဘက် အပို့ခိုင်းသည်။ မြို့ပတ်လမ်းပေါ် လူရှင်းသည့်နေရာမှာ ကားကိုရပ်လိုက်သည်။

"ရှင်ညို မောင့်ကို ပြောစရာရှိလို့"
"ပြောလေ"
"တိုးတိုးလေး ပြောမယ်"
ရှင်ညိုက ပြောပြီးသည်နှင့် ပါးချင်းကပ်ထားလိုက်သည်။

"ရှင်ညို ဘယ်တော့က သိတာလဲ"
"မနက်က ဆရာဝန်ကပြောလိုက်တာ။ မောင့်ကိုအသိမပေးရသေးတာနဲ့ ဘကိုတောင် မပြောခဲ့ဘူး။ ဘက လက်ဖွဲ့လေး ထုတ်ပေးတော့ ရှင်ညိုဝမ်းနည်းပြီး ငိုမိတာပေါ့"
သူ့အပေါ် အလေးထားလွန်းသော ရှင်ညိုကို ကျော်ကျော် ပို၍ တိုး၍ ချစ်မိသည်။

* * *

ကျော်ကျော်မှာ ရှင်ညို၏အနီးမှ ခွာသည်ဟုပင်မရှိတော့။ သူ့ရင်သွေးလေးမှာ သားလေးဖြစ်ကြောင်းပင် သိနေရပြီကိုး။

"ရှင်ညို"
"မောင်"
"အညောင်းမိအောင်လို့ကွာ။ ချည်ထိုးနေပြန်ပြီ"
"သားလေးမွေးမယ့်အချိန်က အေးမှာမောင်ရဲ့"

ရှင်ညို၏ အဖြေကြောင့် ကျော်ကျော် မတားသာတော့ပါ။ ကျော်ကျော် ရှင်ညို၏အပါးမှ မခွာတော့သောကြောင့် ဦးသြဇာမှာ ရုံးထိုင်နေရသည်။ စက်ရုံကို အုပ်ချုပ်ရသည့်အပြင် ကုန်အပို့၊ အယူ အဝင်အထွက် စာရင်းတွေပါ ကိုင်နေရသည်။ ထို့ကြောင့် ဘူတာသွား၊ မြစ်ဆိပ်သွား၊ စာတိုက်သွား၊ ရုံးသွား စသည်ဖြင့် ဦးသြဇာ တာဝန်ယူခဲ့ရသော နေရာအတွက် လူစားထိုးရန် လိုလာသည်။ ထိုကိစ္စကို ဦးသြဇာက ကျော်ကျော့်အား ပြောပြသောအခါ ထိုနေရာကို တာဝန်ပေးရန် ယုံကြည်စိတ်ချရသူကို တွေ့အောင်ရှာဖို့ ဦးသြဇာကို ပြန်တာဝန်ပေးလိုက်သည်။

တံခါးခေါက်သံ သုံးချက်ပေါ်လာပြီး ဦးသြဇာ ဧည့်ခန်းတွင်းသို့ ဝင်လာကာ...
"ကျော်ကျော်"
ဟုခေါ်လိုက်၏။ ကျော်ကျော်က ရှင်ညို၏ဘေးမှာ ထိုင်နေရင်းမှ ထထွက်သွားသည်။ ဦးသြဇာ၏နောက်မှာ လူငယ်တစ်ယောက်ပါလာ၏။

www.mmcybermedia.com/ typed by ဇွေဇင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"စိတ်ချရမယ့် လူတွေလို့။ ကား ကောင်းကောင်းမောင်းတတ်တယ်။ အဝေးပြေးကား ၁၈ ဘီးတပ်တွေပါ မောင်းခဲ့ဖူးတယ်။ မြို့ကြီးက ကိုဖိုးမှန်ရဲ့သားလေ မောင်ပါရာတဲ့"
အပြင်မှ စကားသံကြောင့် ရှင်ညိုသည် ခန်းဆီးကိုဟကာ ချောင်းကြည့်လိုက်မိသည်။

"ဟင်... ကိုကြီးပါရာ"
ရှင်ညို မျက်တောင်မခတ်မိ။ ကျော်ကျော်က...
"သူ့ကို မောင်းထုတ်လိုက်ပါ ဦးလေးသြဇာ။ ကျွန်တော် မလိုချင်ဘူး"
"ကျော်ကျော်"
"ငယ်ငယ်လေးကတည်းက ကျွန်တော်မုန်းခဲ့တာ"
"ကျော်ကျော် မင်း ကလေးဆန်လွန်းနေပြီ"
"ပြန်ခေါ် သွားပါ"
"ဖိုးကျော်"
ဦးသြဇာ၏အသံက ကျယ်သွားသည်။ ကျော်ကျော်ကလည်း...
"ကျွန်တော်မုန်းတဲ့ လူတစ်ယောက်ကို ကျွန်တော်ကြည့်မနေချင်ဘူး"
ကျော်ကျော်၏အသံက မာကျောနေသည်။ ရှင်ညိုမှာ အသာနောက်ဆုတ်ပြီး ခုတင်ပေါ် ထိုင်လိုက်သည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေပြီ။ ကျော်ကျော်က အခန်းတွင်း ဝင်လာပြီး...
"ဟင် ရှင်ညို ရှင်ညို ဘာဖြစ်နေတာလဲ"
"မောင်"
"ပြောလေ ဘာဖြစ်လို့လဲ"
"ရှင်ညို မောင့်ကိုကြောက်တယ်"
"ရှင်ညိုရယ်"
ကျော်ကျော်က ကြင်နာစွာ ပွေ့ဖက်ထားလိုက်သည်။ ရှင်ညို၏ ကိုယ်လေးမှာ တဆတ်ဆတ်တုန်နေသည်။

"မောင်ဟာ မုန်းတဲ့လူကို ဘယ်တော့မှကြည့်မရသလို ချစ်တဲ့သူကိုလည်း ဘယ်တော့မှ မမုန်းပါဘူးကွာ"
ရှင်ညို၏ မျက်ဝန်းမှ မျက်ရည်များက လိမ့်ဆင်းလာသည်။

* * *

ဆောင်းနှင်းတို့ မခိုတယ်ို့ ကျစပြုချိန်မှာ ကျော်ကျော်နှင့် ရှင်ညိုတို့အတွက် သားရတနာလေးက လူ့လောကကို ရောက်လာသည်။ ကျော်ကျော် ပျော်နေသလောက် ရှင်ညိုမှာ အားတင်း၍ ပြုံးနေရသည်။

"ရှင်ညို"
"မောင်"
"ရှင်ညို့ကြည့်ရတာ အားမရဘူးကွာ"
ရှင်ညိုက မျက်ရည်ဝဲနေသည်။

"မောင်တို့ အိမ်ပြန်မယ်လေ"
"နက်ဖြန်မှ ဆင်းရမယ်တဲ့။ ရှင်ညို့ကို ဒီနေ့ည အားဆေးရိုတ်ပေးမယ် ပြောတယ်"
"မြန်မြန်နေကောင်းအောင် ကြိုးစားနော်။ ရှင်ညို ပြုံးနေမှ မောင် စိတ်ချမ်းသာမှာ"

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ရှင်ညို့က ခေါင်းငြိမ့်ပြသည်။

"နက်ဖြန်မနက်မှ လာခဲ့တော့မယ်"
ကျော်ကျော်ပြန်သွားတော့ ရှင်ညို့၏မျက်ဝန်းမှ မျက်ရည်များ စီးကျလာတော့သည်။

* * *

ညသည်မှုန်မှိုင်း၍ နှင်းများပြီဆင်းနေသည်။ လရောင်ကြောင့် နှင်းမှုန်တို့က ငွေရောင်လက်နေသည်။

မကြာမီ မိုးစင်စင် လင်းတော့မည်။ ကျော်ကျော်သည် မြန်မြန် အလင်းရောင် လာစေချင်ပြီ။ ဧည့်ခန်းမှာ ကလေးကစားစရာ အရုပ်တွေအပြည့်။ ကလေးအဝတ်အထည်တွေက ဘီရိုကြီးတစ်လုံး။ ကျော်ကျော် ဖြစ်နေပုံကိုကြည့်ပြီး 'သားဦး အရူးတဲ့။ ကလေးရူးတာ မဟုတ်ဘူး။ မိဘရူးတာ' ဟု ဦးဩဇာက ပြောယူရသည့်အထိပင်။

လင်းပြီ။
နေရောင်ပြုလာကာမှ နှင်းတို့က ငွေဇာပုဝါ အထပ်ထပ် ချလိုက်သည့်ပမာ။ ကျော်ကျော်သည် ကားကို ထုတ်၍ နှင်းကွဲမီးကိုဖွင့်ကာ အထူးကုဆေးခန်းကြီးဆီသို့ ထွက်ခဲ့သည်။

* * *

ဆေးတိုက်ရန်လာသော သူနာပြုဆရာမလေးမှာ ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ ဆေးများကို စားပွဲပေါ်မှာတင်ကာ ခေါင်းအုံးပေါ်မှ စာခေါက်ကလေးကို ယူလိုက်သည်။ စာခေါက်ပေါ်မှာ...
"ကျေးဇူးပြု၍ ဦးကျော်ကျော်သို့ ပေးပါရန်"
"ရှင်ညို့"

* * *

"အို"
စာရွက်ကို ကိုင်ထားသော ကျော်ကျော်၏လက်များက တုန်နေသည်။ ကျော်ကျော်သည် စာကို ကြိုးစား၍ ဖတ်လိုက်သည်။

*မောင်...*
*ရှင်ညို့ ဒီစာကို နလုံးသွေးနဲ့ ရေးလိုက်တာပါ။ ရင်ထဲမှာ နင့်နေအောင်ခံစားရပါတယ် မောင်။ ရှင်ညို့ မောင့်ကို သိပ်ချစ်ပါတယ်။ မောင် ရှင်ညို့ကိုချစ်တာလည်း သိပါတယ်။ ဒါကြောင့် မောင် မမုန်းခင်၊ မောင် မနင်ခင်မှာ မောင်နဲ့ဝေးရာကို ထွက်သွားပါပြီ။*

*မောင့်ရဲ့အမုန်းနဲ့ မောင့်ရဲ့ဒေါသ၊ မောင်ရဲ့ ခွင့်မလွှတ်နိုင်မှုတွေကို ရှင်ညို့ သိပ်ကြောက်တယ်။ ရှင်ညို့ ကြောက်နေတာတွေဟာ မကြာခင် ရင်ဆိုင်ရမယ်ဆိုတာ သိနေတယ် မောင်။ ရှင်ညို့ ဘယ်သူလဲဆိုတာ သိသွားတဲ့နေ့မှာ မောင် ရှင်ညို့ကို ရက်ရက်စက်စက် မုန်းလိုက်မှာကို ရှင်ညို့ ကြောက်နေတယ်။ မုန်းမှာလည်း သေချာတယ်လေ။*

www.mmcybermedia.com/ typed byငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

*တကယ်တော့ ရှင်ညိုဟာ မောင်ငယ်ငယ်က အလွန်မုန်းခဲ့တဲ့ ကိုပါရာရဲ့နမ မိစိမ့်ပါ မောင်။ မောင် အလုပ်မပေးဘဲ နှင်လိုက်တဲ့ ကိုပါရာရဲ့နမ၊ မောင့်ရဲ့ ရိုက်ဖက်ကလေးပါ မောင်ရယ်။ မောင် ရိုက်လို့မှ မငိုရဲဘဲ ကိုယ့်နှုတ်ခမ်းကိုယ် ကိုက်ပြီးခံခဲ့ရတဲ့ မိစိမ့်လေ။ ငါ့အိမ်က လူကြီးတွေကြားအောင် ငိုရင် သတ်ပစ်မယ်ဆိုလို့ပေါ့။*

ကျော်ကျော်၏ ရင်ထဲမှာ လှိုက်ဟာလာသည်။ စာရွက်ကို ကိုင်ထားသော လက်များက တဆတ်ဆတ် တုန်နေသည်။

*မှတ်မိပြီလား မောင်။ မောင်က မိစိမ့်ကို မုန်းပေမယ့် လူကြီးတွေက မောင်နဲ့မိစိမ့်ကို စကြတယ်လေ။ မောင် မကြိုက်မုန်းသိလို့ စကြတာပေါ့။ မင်း ကြီးလာရင် မိစိမ့်နဲ့ပေးစားမယ်ဆိုပြီးတော့ အဲသလို အစခံရလေ၊ မောင်က မိစိမ့်ကိုမုန်းလေ။ တစ်ရက်မှာ ကျောင်းကပြန်လာတဲ့ မိစိမ့်ကို တွန်းလှဲပြီး လည်ပင်းကို ညှစ်ထားတာလေ။ မိစိမ့် အော်လို့လည်း မရဘူး။ လက်တွေ ခြေတွေကိုသာ ဝှေ့ယမ်းပြီး ကယ်မယ့်သူ မျှော်ခဲ့ရတယ်။ မျက်စိတွေ ပြာလာပြီး ကြောက်လိုက်တာ။ အဲဒီအချိန်မှာ ဘေးခြံက ဦးလေးပေါ်တို့ မြင်ပြီး လာကယ်လို့သာပေါ့။ မောင်က ဒေါ်သတကြီးနဲ့ နင် ငါရှိတဲ့နေရာကို ဘယ်တော့မှ မလာနဲ့ ဆိုပြီး အော်သေးတယ်လေ။ မိစိမ့်တို့က ဆင်းရဲတော့ မောင်လုပ်သမျှ ငုံ့ခံ။ မောင်တို့တိုက်အိမ်ကြီးထဲ ဝင်ထိုင်ဖို့မပြောနဲ့ ခြံဝတောင် မရပ်ရဲဘူးလေ။ တကယ်တော့ မိစိမ့်ဟာ အဒေါ်နဲ့ဦးလေးအိမ် ကပ်နေရသူပါ မောင်။ မိစိမ့်ရဲ့အမေက ကိုပါရာတို့အမေရဲ့ ညီမပါ။ အမေဆုံးသွားတော့ မိစိမ့်ကို အဒေါ်တို့က ခေါ်ထားတာပါ။*

*အဲဒီတုန်းက မိစိမ့်ရဲ့အသက်ဟာ (၆)နှစ်ပဲ ရှိပါသေးတယ်။ မှတ်မိပြီလား မောင်။*

ကျော်ကျော်သည် မိစိမ့်ဆိုသော ကောင်မလေးကို ပြန်၍ အမှတ်ရလာသည်။

*အဲဒီနေ့က ခြံထဲကို ယုန်ဝင်သွားလို့ဆိုပြီး ကိုပါရာက ဘတ်ခွနဲ့ ထုတယ်လေ။ တကယ်တော့ ယုန်မဟုတ်ဘဲ မောင်မွေးထားတဲ့ ခွေးလေးဖြစ်နေတယ်။ ခွေးပုလေး ငယ်ငယ်လေးပါ၊ ဖြစ်ချင်တော့ ခွေးလေး လက်နာပြီး တကိန်ကိန်နဲ့ အော်ပြေးတယ်။ အဲဒီတော့ မောင်က ပြေးထွက်လာပြီး မိစိမ့်ကို ထိုးတော့တာပဲ။ ဆောင့်တွန်းလှဲလိုက်လို့ မှောက်လဲပြီး သွားကျိုးသွားသေးတယ်။ အဲဒီနေ့က မိစိမ့်ရဲ့အဘိုး အလည်ရောက်နေတဲ့ နေ့ပေါ့။ အဘိုးဟာ တစ်ကိုယ်လုံး ပွန်းပဲ့ပြီး ဖုန်တွေ သွေးတွေနဲ့ ပေနေတဲ့ မိစိမ့်ကို ကြည့်ပြီး စိတ်မကောင်း အကြီးအကျယ် ဖြစ်သွားတယ်။ ဒါကြောင့် အဘိုး စည်သာကိုပြန်တော့ မိစိမ့်ပါ ခေါ်သွားတော့တယ်။ စည်သာရောက်တော့ မိစိမ့်ရဲ့ ဇာတာကိုတွက်ချက်ပြီး ရှင်ညိုလို့ နာမည်ပြောင်းပေးခဲ့တယ်လေ။*

*မောင်... ရှင်ညိုတို့ မန္တလေးရောက်တော့ မောင့်ရဲ့ကားနဲ့ တိုက်မိမလိုဖြစ်လို့ ဆုံလိုက်ရတည်းက မောင့်ရဲ့ဒေါသ၊ မောင့်ရဲ့ မာန၊ မောင့်ရဲ့စူးရဲတဲ့ အကြည့်တွေကြောင့် ချက်ချင်းမှတ်မိခဲ့တယ်။ ပိုပြီး မှတ်မိရတာကတော့ ဦးလေးသြဇာကြောင့်ပေါ့။ မောင်နဲ့ အကြောင်းပါပြီးတော့ အတူနေရတဲ့ အချိန်မှာ ငယ်ငယ်တုန်းက မသိတတ်ခင်မှာ ဖြစ်ခဲ့တာတွေကို မေ့မေ့ပျောက်ပျောက် ရှိလောက်ပြီလို့ စိတ်ဖြေခဲ့ပါတယ်။ ဒါပေမဲ့...*

www.mmcybermedia.com/ typed by ငွေခင်ဟေဘ်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

*ဟိုတလောက ကိုပါရာကို အလုပ်မပေးဘဲ နှင်ထုတ်လိုက်တော့မှ မောင့်ရဲ့စိတ်ဟာ ခက်ထန်မာကျောလှပါလားလို့ သိရပြီး ရှင်ညို မောင့်ကို ကြောက်မိတယ် မောင်ရယ်။ ရှင်ညို့ကိုသာ မိစိမ့်လို့သိသွားရင် မောင် ဘယ်လိုဆုံးဖြတ်မယ်ဆိုတာ မတွေးရဲဘူးလေ။ ဘယ်နေ့မှာများ မှတ်မိသွားလေမလဲ။ ဘယ်လိုတိုက်ဆိုင်မှုနဲ့များ သိသွားလေမလဲလို့ ရှင်ညို ရင်တထိတ်ထိတ်နဲ့ နေခဲ့ရတာပါ မောင်...*

*ခုတော့ ရှင်ညို့မှာ မောင့်ရဲ့ကိုယ်ပွား သားလေးရပြီမို့ မောင့်ကိုလွမ်းတိုင်း သားလေးနဲ့ အလွမ်းဖြေရင်း အဝေးကပဲ ချစ်နေတော့မယ်လေ။ ရှင်ညို့ကို ခွင့်လွှတ်ပါ။ မောင်က မသိသေးပေမယ့် ရှင်ညိုက ကိုယ့်ကိုယ်ကို သိနေတော့ မောင့်ကို သိပ်ကြောက်နေတယ်လေ။*

*မောင့်ကို သိပ်ချစ်တဲ့*
*ရှင်ညို*

* * *

ကျော်ကျော် စိတ်မထိန်းနိုင်တော့ပါ။ ကားပေါ်တက်လိုက်ပြီး လက်ကိုင်ခွေပေါ် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုတော့သည်။

ကျော်ကျော်သည် ဆုံးရှုံးခြင်း၏ ကြေကွဲစရာခံစားမှုကို ခံစားရပါပြီ။ သံယောဇဉ်မီးသည် သူ၏မာနတရားတို့ကို လောင်မြိုက်စ ပြုလေပြီ။ အရှိန်အဟုန်နှင့် ပြေးလာသော မာစီးဒီးကားကြီးက ဘ၏ အိမ်ရှေ့မှာ ရပ်လိုက်သည်။ တံခါးမကြီးမှာ တွဲလွဲခိုနေသော သော့အိမ်က မလှုပ်မယှက်နှင့်။

* * *

ခြံတွင်းသို့ အရှိန်ပြင်းစွာ မောင်းဝင်လာကတည်းက ပြဿနာ၏ အတိမ်အနက်ကို ဦးသြဇာ မှန်းဆပြီးဖြစ်ပါသည်။ ဦးသြဇာ စိုးရိမ်သည်က ရှင်ညို သို့မဟုတ် ကလေး၏ကျန်းမာရေး။ ကျော်ကျော်က ကားကိုရပ်လိုက်သည်။ ဆင်းမလာ။ လက်ကိုင်ခွေမှာ မျက်နှာအပ်ကာ ငိုပြန်ပြီ။ ဦးသြဇာက ကားအနီးသို့သွားကာ ကျော်ကျော်၏ ပုခုံးပေါ် လက်တင်လိုက်သည်။

"ဖိုးကျော်"
ကျော်ကျော်က ဦးသြဇာကို မော့ကြည့်လိုက်သည်။ ကျော်ကျော်၏ မာန်မာနများ ကင်းစင်၍ အားငယ်ဝမ်းနည်းနေသော မျက်နှာကို မြင်လိုက်ရ၍ အံ့သြသွားသည်။

"ဘယ်လိုဖြစ်လာတာလဲ ဖိုးကျော်"
"ဦးလေးသြဇာ"
"ပြော"
"သူ ထွက်သွားပြီ"
"ဘာရယ်"
"ရှင်ညို ထွက်သွားပြီ"

www.mmcybermedia.com/ typed by ငွေဇင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ဦးသြဇာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ငါတော့ နားမလည်နိုင်တော့ဘူး ဖိုးကျော်"
ကျော်ကျော်မှာ ဝမ်းနည်းကြေကွဲနေသော်လည်း သူ့ကိုယ်သူ ကြိုးစား၍ ထိန်းနိုင်စပြုလာပြီ။
"ဦးလေးသြဇာ"
"ပြောပါ ဖိုးကျော်"
"ရှင်ညိုဟာ ကိုပါရာရဲ့နမ မိစိမ့်ဆိုရင် သူဘာလို့ထွက်တယ်ဆိုတာ နားလည်မှာပါ"
"ဟင်"
ဦးသြဇာ ယုံရခက်သွားသည်။

"ဘယ်လိုလုပ်မလဲ ဖိုးကျော်"
"တွေ့အောင်ရှာရမှာပေါ့ ဦးသြဇာ"
နှစ်ယောက်လုံး ငြိမ်နေသည်။ အတော်ကြာမှ...
"ဦးလေး သြဇာ"
"ဘာလဲ ဖိုးကျော်"
"ကျွန်တော့်ကို အပြစ်တင်စမ်းပါ။ ဆူစမ်းပါ။ ရိုက်နက်စမ်းပါ"
ကျော်ကျော်က ပြောရင်း ပြောရင်း ငိုချလိုက်သည်။

* * *

*လွမ်းပင်စိုက်ပျိုး*
*လွမ်းရွက် လွမ်းခက်*
*လွမ်းပွင့်တွေဝေ...*

"အဘကို စိတ်ဒုက္ခပေးသလို ဖြစ်နေပြီ"
ဘက ရှင်ညိုကို ကြည့်လိုက်သည်။ ရှင်ညိုက သားလေးကို ပွေ့ထားရင် ဘကို ပြန်ကြည့်သည်။

"ငါ့မြေးသာ ခံနိုင်ရည်ရှိအောင် ကြိုးစားပါကွာ။ ဘက ရင်ဆိုင်ဖို့ ပြင်ဆင်ထားတာကြာပါပြီ"
"ဘ ကြိုသိနေတယ်ပေါ့"

ဘက ခေါင်းငြိမ့်လိုက်သည်။ ယခုမှ ရှင်ညိုမှာ ဘ သူတို့နှင့် လိုက်မနေခြင်းကို လည်းကောင်း၊ အိမ်ငှားနှင့်သာ နေခြင်းကို လည်းကောင်း သဘောပေါက်သွားသည်။

"ခုလိုအဖြစ်မျိုး ရင်ဆိုင်ရတာ နှစ်ကြိမ်ဖြစ်သွားပြီ ငါ့မြေး"
"ရှင်"
"ပထမအကြိမ်က ရှင်ညိုရဲ့အမေလေ။ ခု ငါ့မြေး ပုံစံအတိုင်းပဲ။ ငါ့မြေးကို ရင်ခွင်မှာပွေ့ပြီး ဘဆီ ရောက်လာခဲ့တာ။ ငါ့မြေးရဲ့ ဖေဖေက ချမ်းသာတဲ့အသိုင်းအဝန်းကပေါ့။ ငါ့မြေးရဲ့ မေမေက ဆင်းရဲတော့ အစစအရာရာ မျက်နှာငယ်ရ၊ ဘယ်နေရာမှ အရေးပေး မခံရ၊ အသိုင်းအဝန်းတစ်ခုလုံးရဲ့ အပြုံအငြင်ခံရဖြစ်ပြီး ငါ့မြေးကို မွေးပြီးချိန်မှာတော့ ခုလိုပဲ ဆင်းလာခဲ့တော့တာ။ သူ့ယောကျ်ားက

www.mmcybermedia.com/ typed by ဧဇင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

လိုက်ခေါ်မှာစိုးလို့ဆိုပြီး ဘယ်မြို့မှ အတည်တကျ မနေဘူး။ ငှါမြေး (၂) နှစ်လောက်အရမှာတော့ ငှက်ဖျားမိပြီး ဆုံးသွားရှာတယ်။ အဘကလည်း ငှါမြေးကို ထိန်းရမလား၊ အလုပ် လုပ်ရမလား၊ မနိုင်မနင်းဖြစ်နေလို့ မောင်ပါရာရဲ့ အမေကလာခေါ်ပြီး မွေးခဲ့တာပေါ့"

ကိုပါရာက ထမင်းကြော်နှင့် ရေနွေးကြမ်း လာချပေးသည်။

"နောက်မှ ဆက်ပြောကြ။ ထမင်းကြော် စားလိုက်ကြဦး။ ရှင်ညို ထမင်းကြမ်းကြော်တာ မဟုတ်ဘူး။ အပူချက်ပြီး ကြော်တာ။ စားလို့ရပါတယ်"
"ကျေးဇူးပဲ အစ်ကို"

ဘတို့မှာ ကိုပါရာ၏အိမ်သို့ ရောက်နေကြခြင်းဖြစ်ပါသည်။ ရှင်ညိုက ထမင်းကြော် စားရာမှ...
"ဘ"
"ဘာလဲ ငှါမြေး"
"ရှင်ညိုရဲ့ အဖေကရော ဘာဖြစ်သွားလဲ"
"ဘာမှ မဖြစ်ပါဘူး"
"ခု ရှိသေးသလား"
"ရှိပါတယ်"
ရှင်ညို၏ လက်ထဲမှ ထမင်းလုပ် လွတ်ကျသွားသည်။

"ဘယ်မှာလဲဟင်"
"ရန်ကုန်မှာ။ တစ်နေ့မှာ ရှင်ညိုနဲ့ ရှင်ညိုရဲ့ဖေဖေကို ပြန်ဆုံပေးဖို့တာဝန် ဘမှာရှိတယ်လေ။ ဒါကြောင့် ဘ အမြဲ စုံစမ်းခဲ့တယ်"

* * *

ဦးသြဇာက သက်ပြင်းချသည်။

"ကျွန်တော်သွားမယ် ဦးလေးသြဇာ"
"အတတ်နိုင်ဆုံးတော့ စိတ်အေးအေးထားပါကွာ"

ကျော်ကျော်က ခေါင်းငြိမ့်ပြကာ ကားကိုမောင်းထွက်ခဲ့သည်။ တောင်ငူမှာရှိသော ကိုပါရာ၏လိပ်စာကို ဦးသြဇာက ပြောပြလိုက်သည်။ သဲလွန်စဆို၍ တစ်နေရာသာရှိသည်။ ကိုပါရာ အလုပ်လာလျှောက်စဉ်က ပြောရင်းဆိုရင်း မေးရင်း မြန်းရင်း သိထားလိုက်သော လိပ်စာဖြစ်သည်။ ကျော်ကျော်သည် မြို့ပြင်ရောက်သည်နှင့် ကားကို အရှိန်ပြင်းပြင်းဖြင့် မောင်းခဲ့သည်။

* * *

ဘသည် ရှင်ညိုကို သူ့အဖေထံ ပို့ပေးရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့်...
"မောင်ပါရာ"
"ဘ"

www.mmcybermedia.com/ typed byငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"မင်းကား ဒီနေ့ထွက်မှာလား"
"ကုန်တင်ပြီးရင်တော့ ထွက်မှာ ဘ"
ကိုပါရာမှာ ကုန်ကားကြီး မောင်းနေပါသည်။

"ဘယ်ကို သွားရမှာလဲ"
"မန္တလေးကို။ မှာချင်တာရှိလို့လား"
ကိုပါရာက မေးရင်း ရှင်ညို့ကို လှမ်းကြည့်သည်။

"မရှိပါဘူးကွာ။ ရန်ကုန်ဆိုရင် ငါတို့လိုက်ခဲ့ချင်လို့"

ကိုပါရာက ဘကို စူးစိုက်၍ကြည့်သည်။ အခြေအနေအားလုံးကို ကိုပါရာ နားလည်လိုက်ပါသည်။ ရှင်ညို၏ အနာဂတ်အတွက် သူ့အဖေနှင့် တွေ့ဆုံပေးခြင်းသည်သာ အကောင်းဆုံးနှင့် အသင့်လျော်ဆုံး ဖြစ်ပါမည်။ ကိုပါရာသည် သူ့အား အော်ငေါက်လိုက်သော ကျော်ကျော်၏ဟန်ကို ယခုထိ မြင်ယောင်နေဆဲပါ။

"ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရန်ကုန်ဆင်းမှာရှိတယ်။ ဘတို့ လိုက်မယ်ဆိုရင် ကျွန်တော် ပြောလိုက်မယ်။ သူ ဝင်ခေါ်လိမ့်မယ်။ အဆင်သင့်လုပ်ထားလေ။ ရန်ကုန်က ဝယ်သွားတဲ့ ဗင်ကားကို မောင်းပို့ရမှာဆိုတော့ ဘတို့လည်း လိုက်ရတာ သက်သာမယ်"

ကိုပါရာက တောင်ငူက မိန်းကလေးနှင့် အိမ်ထောင်ကျနေခြင်း ဖြစ်သည်။ ဘတို့အတွက် လိုအပ်သည်များကို ကူလုပ်ပေးရန် သူ့ဇနီးအား မှာခဲ့ပြီး ဘတို့ကို နှုတ်ဆက်၍ ကားဂိတ်သို့ ထွက်ခဲ့သည်။

***

ကျော်ကျော်သည် ကားကို အရှိန်ပြင်းစွာ မောင်းနှင်နေသည်။ သူ စိတ်စောနေသည်။ ရှင်ညိုတို့ကို တောင်ငူမှာတွေ့နိုင်မည်ဟု ယုံကြည်နေသည်။ မိတ္ထီလာမှာ ခဏလေးပဲ နားခဲ့သည်။ သစ်ပင်တွေ ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်သည်။ သူ့မျက်စိထဲမှာ သားလေး၏ပုံကို မြင်ယောင်နေသည်။ ရှင်ညို၏ကြောက်ရွံ့နေသော မျက်နှာ။

"ဟာ"
မျက်နှာချင်းဆိုင်မှ ကွေ့ဝင်လာသော ကုန်ကားကြီး။ ကျော်ကျော် ကားကို ဆွဲကွေ့၍ ဘရိတ်ကိုလည်း နင်းလိုက်သည်။ ကားက လမ်းဘေးဆီသို့ လွင့်ပစ်လိုက်သော ခဲတစ်လုံးလို စင်ထွက်သွားသည်။ ကုန်ကားကြီးမှာလည်း ဘရိတ်ကိုနင်းကာ ရပ်လိုက်ရသည်။ ကျော်ကျော်၏ ကားသည် သစ်ပင်ကိုဝင်ဆောင့်မိကာ ရှေ့ပိုင်းမှာ ဆင်နင်းခံရသည့် နို့ဆီဗူးခွံကဲ့သို့ ဖြစ်သွားပြီး ကျော်ကျော်မှာ ပွင့်ထွက်သွားသော တံခါးကြောင့် ကိုယ်တစ်ပိုင်းအပြင်သို့ လျှောကျနေသည်။

ကုန်ကားကြီးပေါ်မှ ဆင်းလာသူမှာ ကိုပါရာ...
ကိုပါရာသည် ကျော်ကျော်ကို တွေ့သည်နှင့် ကပျာကယာ သူ့ကားပေါ်ပွေ့ယူပြီး အဝတ်အစားအိတ်နှင့် ပိုက်ဆံအိတ်ကိုပါ ယူကာ ကားကိုပြန်ကွေ့ပြီး တောင်ငူဆေးရုံသို့ ခေါ်ပြေးရတော့သည်။

***

www.mmcybermedia.com/ typed byဧရာဝတီ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ရန်ကုန်သို့ရောက်ပြီ။ ရှင်ညို့ရင်ထဲက ဖိုလှိုက်နေသည်။ မှတ်မိခြင်း အလျင်းမရှိသော၊ တစ်ကြိမ်တစ်ခါမှ မမြင်တွေ့ဖူးသော ဖခင်နှင့် မကြာမီ ဆုံတွေ့ရပါတော့မည်။

"ခြံနံပါတ် ဘယ်လောက်လဲ အဘ"
"ကိုး"

ဗင်ကားလေးက ဖြည်းဖြည်းမောင်းလာရင်း ခြံနံပါတ်များကို ကြည့်လာသည်။

"ရှေ့ခြံပဲ"
ကားက ခြံကျယ်ကြီးတစ်ခု ရှေ့မှာ ရပ်ပေးလိုက်သည်။

"ကျေးဇူးပါပဲကွယ်"
ဘနှင့်ရှင်ညို့က ဆင်းလိုက်သည်။ ကားလေးမောင်းထွက်သွားမှ ခြံဝမှာရပ်ပြီး လူခေါ်ခေါင်းလောင်းလေးကို လှုပ်လိုက်သည်။ ပန်းရုံများကြားမှာရှိသော လူတစ်ယောက် ရောက်လာပြီး...
"ဘာကိစ္စများရှိပါသလဲ ခင်ဗျ"
"ဦးသော်တာနဲ့ တွေ့ချင်လို့ပါ"

လာကြိုသူက တံခါးကို ဖွင့်ပေးကာ တိုက်ကြီးဆီသို့ ဦးဆောင်ခေါ်ယူသွားသည်။ လာကြိုသူက တိုက်ရှေ့မှာ လမ်းလျှောက်နေသော သန့်သန့်ပြန့်ပြန့်လူကြီးနား သွားရပ်ကာ...
"ဦးလေးနဲ့ တွေ့ချင်လို့တဲ့"
ဦးသော်တာက လှမ်းကြည့်သည်။ ဘက...
"မောင်သော်တာ ဘကို မှတ်မိလား"
"ရင်းရင်းနှီးနှီးသိခဲ့သလိုလိုရှိပေမယ့် အစဖော်မရဘူး ဖြစ်နေတယ်ခင်ဗျ။ စိတ်မရှိပါနဲ့နော်။ နည်းနည်းလေး ပတ်သက်နေပုံကို အစဖော်ပေးပါလား"
"အဘဟာ ခင်မိမိရဲ့အဖေလေ"
"ဟင် အဘ ခင်မိမိရော"
"ဆုံးသွားတာ ကြာပြီကွယ်"
"အို... ကျွန်တော် ဆယ်နှစ်လောက်ထိတော့ စုံစမ်းရှာဖွေခဲ့ပါသေးတယ် ဘရယ်။ သတင်းကြားလို့ လိုက်သွားလိုက်တိုင်း ပြောင်းသွားပြီဆိုပြီး ဖြစ်ဖြစ်နေတော့"

ဦးသော်တာ မျက်နှာက ညှိုးသွားသည်။ ဘက...
"ခင်မိမိဟာ မင်းအတွက် ကံကောင်းခြင်းလက်ဆောင်တွေ ပေးထားခဲ့တယ် မောင်သော်တာ။ အဲဒါကတော့ မင်းအတွက် သမီးနဲ့မြေးပဲ၊ မောင်သော်တာ။ ဒါ မင်းရဲ့သမီးလေ။ ရှင်ညို့တဲ့"
"ဟင်"

အံ့သြခြင်း၊ တုန်လှုပ်ခြင်း၊ ဝမ်းသာခြင်းတို့ဖြင့် ယုံကြည်ရန်ခက်ခဲသော စိတ်ကူးယဉ်အိပ်မက်ကို လက်တွေ့ဖြစ်ရပ်အဖြစ် ကြုံလိုက်ရပါပြီ။ ဦးသော်တာသည် ရှင်ညို့ကို စူးစူးစိုက်စိုက် ကြည့်နေပြီး...

www.mmcybermedia.com/ typed by ငွေခင်ဝေ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"သမီး"
ရှင်ညို့သည် အားယူ၍...
"ဖေဖေ"

* * *

ဦးသြဇာသည် ကားကိုမောင်း၍ ဘဏ်တိုက်သို့ထွက်ခဲ့သည်။ ဘဏ်တိုက်ရောက်ပြီး ငွေထုတ်ရန် စောင့်နေစဉ်မှာပင် သူ့အိတ်ထဲမှ ဟမ်းဖုန်းလေးက မြည်လာသည်။ ဦးသြဇာ ဖုန်းကို ဖွင့်လိုက်ပြီး...
"သြဇာပါ"
"… … … "
"ဘာ ဆီကိုဒေါင် မီးလောင်တယ်..."

ဖုန်းကိုပိတ်၍ ဘဏ်တိုက်ထဲမှ ပြန်ထွက်ကာ ဆီစက်ဆီသို့ မောင်းခဲ့သည်။ ၂၆ လမ်းအတိုင်း သူ့ရှေ့မှ မောင်းသွားသော မီးသတ်ကားများကို တွေ့ရသည်။ မင်္ဂလာလမ်းလွန်တော့ မဲမှောင်၍ တက်လာသော မီးခိုးလုံးများကို တွေ့ရသည်။ ဆီစက်ဂိုဒေါင်၊ ဆီစက်နှင့် ဝန်ထမ်းများနေသော အဆောက်အဦများ အပါအဝင် ကျော်ကျော်၏တိုက်များမှာ ခြံပိုင်းအတွင်းမှာ အားလုံးရှိနေသည်။ လူနေရပ်ကွက်နှင့် အဆက်အစပ်မရှိသော ခြံကျယ်ကြီးအတွင်းမှာ ရှိနေသည်မို့... ဦးသြဇာ ကားကိုအတော်မြန်မြန် မောင်းလိုက်သည်။ မြို့စွန်ရောက်တော့ ရှေ့မတိုးသာတော့။ လမ်းတွေ ပိတ်ထားပြီး မီးသတ်ကားများက အစွမ်းကုန်ကြိုးစား ငြိမ်းသတ်နေသည်။ ခက်သည်က ဆီပေပါများက ပေါက်ပြီး မီးကူးမြန်ကာ အငြိမ်းသတ်ရ ခက်နေသည်။ စောင့်ကြည့်နေစဉ်မှာပင် မြန်မြန်ကြီးမီးကူးကာ တစ်ခြံလုံးတစ်ပြိုင်တည်း လောင်နေပြီ။ မီးသတ်များမှာ မီးငြိမ်းဖို့ ကြိုးစားခြင်းနှင့်အတူ မီးကူးမပြန့်ရေးပါ လုပ်ဆောင်နေကြရသည်။ ဦးသြဇာ သက်ပြင်းချလိုက်သည်။

ကုန်ပြီ။
ထိုအချိန်မှာပင် ဦးသြဇာ၏အိတ်ထဲမှ ဖုန်းကမြည်လာပြန်သည်။

"ဟဲလို"
ဦးသြဇာက ထူးလိုက်သည်။ တစ်ဖက်မှ ဖုန်းဆက်သူမှာ ကိုပါရာ...
"ကျွန်တော် သူ့အိတ်ထဲက ဖုန်းနံပါတ်တွေ့လို့ ဆက်လိုက်တာပါ။ ခု တောင်ငူဆေးရုံမှာပါ။ သတိတော့ ပြန်ရလာပြီ။ သတိရတာနဲ့ ဦးလေးသြဇာကိုခေါ်တယ်။ ရှင်ညို့ကိုခေါ်တယ်။ ကျွန်တော့်ရှေ့မှာတင် ဖြစ်သွားတာ"
"ငါ လိုက်လာဖို့လိုမလား"
"ကျွန်တော်ရှိပါတယ်။ ကျွန်တော့်ကားကို အရံယာဉ်မောင်းကိုတင်ပြီး လွှတ်လိုက်ပြီ။ ကျွန်တော်စောင့်ကူလို့ ရပါတယ်"
"ရှင်ညို့ကိုတွေ့ပြီလား"
"ကျွန်တော့်အိမ်မှာ တည်းသွားတာပဲ။ ခု ရန်ကုန်ရောက်နေပြီ။ သူတို့ကို ပို့ပေးခဲ့တာ ကျွန်တော့် သူငယ်ချင်းပါ"

www.mmcybermedia.com/ typed byငွေဇင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ဦးသြဇာက မီးသတင်းကိုတော့ မပြောတော့။ ပြော၍လည်း ဘာမျှထူးမည်မဟုတ်။ အကြောင်းထူးရင်သာ ဖုန်းဆက်ဖို့မှာပြီး ဖုန်းကို ပိတ်လိုက်သည်။

* * *

ကျော်ကျော်က မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ ဒုတိယအကြိမ် သတိရလာခြင်းဖြစ်ပါသည်။ ပထမအကြိမ် သတိရစဉ်က အိပ်မက်မက်နေသလို ခံစားနေရသည်။ နောက်ပြန်ပြီး အိပ်ပျော်သွားသည်။ ယခုတစ်ခါတော့ ကြည်ကြည်လင်လင်။ သူ့ဘေးမှာ ဆရာဝန်နှင့် ဆရာမများကို တွေ့ရသည်။

"ကျွန်တော် ဘယ်ရောက်နေတာလဲ"
"တောင်ငူဆေးရုံ"

ကျော်ကျော်သည် လမ်းဘေးသို့ လွင့်စင်သွားသော ကားပေါ်မှာ ပါသွားခဲ့သည်ကိုသာ မှတ်မိသည်။

"ကျွန်တော့်ကို ဘယ်သူလာပို့သွားတာလဲ"
"ကိုပါရာ။ ဟော ဟိုမယ်လာပြီ"
ကျော်ကျော် ဘာပြောရမည် မသိ။ ကိုပါရာက ကျော်ကျော်၏ဘေးမှာ ဝင်ရပ်လိုက်ပြီး...
"နေသာတယ် မဟုတ်လား။ ငါ ဦးလေးသြဇာဆီကို ဖုန်းဆက်ပြီးပြီ"

ဆရာဝန်က...
"ခင်ဗျား သိပ်ကံကောင်းတယ်။ ကယ်မယ့်လူတွေလို့ ခင်ဗျားကို ကားထဲကဆွဲထုတ်ပြီးတော့ ကားက မီးလောင်တာပဲ။ ချင်ဗျား သတိမေ့သွားတာတစ်ခုက လွဲပြီး ဘာမှမဖြစ်ဘူး။ ပွန်းတာ ပဲ့တာလောက်ပဲ ရှိတယ်။ ခု အကြောဆေး သွင်းထားတယ်။ ငြိမ်ငြိမ်နေလိုက်ပါ ဒီဆေးကုန်ရင် လုံးဝ ကောင်းသွားမယ်"

ဆရာဝန်က ပြုံးပြပြီး ထွက်သွားသည်။ ဆရာမလေးသုံးယောက်က ဆရာဝန်၏နောက်မှ ပါသွားသည်။ ကျော်ကျော်က...
"ကိုပါရာ ကျွန်တော့်ကို ခွင့်လွှတ်ပါ"
"ငါ ဘယ်တုန်းကမှ မင်းအပေါ် ဘယ်လိုမှ သဘောမထားခဲ့ဖူးပါဘူး ကျော်ကျော်"
"ရှင်ညို ကျွန်တော့်ဆီက ထွက်သွားတယ် ကိုပါရာ။ သူ ခင်ဗျားဆီလာသလား"
"လာတယ်"
"ဟင်... ခု ခု ဘယ်မှာလဲ"

"သူ ရန်ကုန်မှာ"

* * *

ဦးသော်တာက သတင်းစာကိုဖတ်နေရာမှ ကျော်ဆီစက်ကြီး မီးလောင်သည့်သတင်းကို တွေ့သွားပြီး...
"သမီး"
"ရှင်"
"ကြည့်စမ်း ဒီသတင်းကို"

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ရှင်ညို သတင်းစာကိုယူ၍ ကြည့်လိုက်သည်။

"ဟင်"
ဘက ရှင်ညိုကို အကဲခတ်နေ၏။
"ဘ"
"မြေးလေး"
"သူ့... သူ့... သူ့ဆီစက်ကြီး မီးလောင်သွားပြီ။ ဒီမယ် အို... တိုက်တွေပါ ပါသွားတာ။ ဂိုဒေါင်ရော၊ သူ့ သူ့မှာ ဘာမှမရှိတော့ဘူး ဘ"

ရှင်ညို၏ ပါးပြင်ပေါ် မျက်ရည်ပုလဲက လိမ့်ဆင်းလာသည်။

* * *

ဗင်ကားလေးက အရှိန်နှင့်ပြေးလွှားနေသည်။ ကားမောင်းနေသူမှာ ကိုပါရာဖြစ်ပြီး ဘေးမှ ထိုင်လိုက်လာသူမှာ ကျော်ကျော် ဖြစ်ပါသည်။ ကားလေးက အရှိန်ကို တဖြည်းဖြည်း လျှော့လိုက်သည်။

"ဘာလို့လဲ"
"ခဏ နားမယ်လေ။ တစ်ခုခုစားရအောင် ကျော်ကျော်လည်းစားပါ"
"ကျွန်တော် မစားချင်ဘူး"
"ကားကိုတော့ ခဏအနားပေးမှ ရမှာကျော်ကျော်"

ကိုပါရာက စားသောက်ဆိုင်တန်းလေးရှေ့မှာ ရပ်လိုက်သည်။

"ကျွန်တော်တော့ မဆင်းတော့ဘူးဗျာ။ ခင်ဗျားသာ သွားတီးလိုက်ပါ"
"မဆင်းချင် မဆင်းနဲ့ကွာ။ တစ်ခုခုတော့ စားပါ။ ငါ ကားပေါ် အပို့ခိုင်းလိုက်မယ်။ ဒီမှာ နွားနို့ကောင်းတယ်"
"ကြက်ဥကြော်၊ ပေါင်မုန့်မီးကင်နဲ့ နွားနို့ပို့လိုက်ဗျာ"

ကိုပါရာက ဆင်းသွားပြီး သူ့အတွက် ထမင်းကြော်နှင့်ဆိတ်သားကြော် မှာလိုက်ပြီး ကျော်ကျော်ဖို့ ပေါင်မုန့်ကြက်ဥ နွားနို့ကို ကားပေါ် အပို့ခိုင်းလိုက်သည်။ ကိုပါရာသည် ထမင်းကြော်ကို စားနေရာမှ ဘေးနားတွင်ရှိသော သတင်းစာဆီသို့ မျက်စိကရောက်သွားသည်။

"ဟင်"

* * *

"ဦးသော်တာ ဖုန်းဆက်ခေါ်ရတဲ့ကိစ္စကို ပြောပါဦး"
ရှေ့နေကြီးက မေးလိုက်ခြင်းဖြစ်ပါသည်။

"အမွေလွှဲပြောင်းပေးတဲ့စာချုပ် လုပ်ချင်လို့ပါ"

www.mmcybermedia.com/ typed by ငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ကြံကြံဖန်ဖန်ဗျာ။ ဒီသမီးတစ်ယောက်တည်း ရှိတဲ့ဟာကို"
"ခုကတည်းက သူ့လက် သူ့ခြေ ဆုံးဖြတ်သုံးစွဲလို့ ရစေချင်လို့ပါဗျာ။ စိတ်ရဲအောင်လို့ပါ"

ဦးသော်တာ၏စကားကြောင့် ရှင်ညို အံ့သြသွားသည်။
ဦးသော်တာကမူ သူ့မြေးလေး ပခက်နားမှမခွာ။

"အချက်အလက်တွေအားလုံး ကွန်ပြူတာထဲမှာရှိတယ်"
ဦးသော်တာက ဆက်၍ပြောနေခြင်း ဖြစ်ပါသည်။ ရှေ့နေကြီးသည် သူ့တပည့်မလေးကို ကွန်ပြူတာထဲမှ ဦးသော်တာ၏ပိုင်ဆိုင်မှုများ၊ လုပ်ငန်းများ၊ ရှယ်ယာများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ ဘဏ်စာအုပ်များကို လိုအပ်သလို ထုတ်ယူပြီး အားလုံးကို ရှင်ညိုအား လွှဲပေးကြောင်း စာချုပ်ပြုလုပ်စေသည်။

"ဧည့်သည်လာတယ်ခင်ဗျ"
ခြံစောင့်လူငယ်လေး၏အသံကြောင့် တံခါးဝသို့ လှမ်းကြည့်လိုက်သောအခါ...
"ဟင်... ကိုကြီးပါရာ"
"မောင်ပါရာ"

ဘနှင့်ရှင်ညိုတို့က ပြိုင်တူလို လှမ်းခေါ်လိုက်သည်။ ဘက ကိုပါရာနှင့် ဦးသော်တာကို မိတ်ဆက်ပေးပြီးမှ...
"ဘာထူးလို့လဲ မောင်ပါရာ"
"ကျော်ကျော် လိုက်လာတယ်"
"ဘယ်မှာလဲ"
"ရှေ့မှာ ဒီခြံဟုတ်မဟုတ် ဝင်ကြည့်လိုက်ဦးမယ်ဆိုပြီး တမင်ထားခဲ့တာ"

ကိုပါရာက ကျော်ကျော်နှင့်သူ ဆုံရပုံကို အကျဉ်းချုံ့ကာ ပြောလိုက်ပြီး...
"သူ့ဆီစက် မီးလောင်တာ သူ မသိသေးဘူး ရှင်ညို"
"ဟုတ်လား"
"ငါ ခေါ်ခဲ့ရမလား။ နင်က မတွေ့ချင်ရင်တော့ ဒီမှာမရှိဘူးလို့ ပြောပေးမယ်"
"အို... ခေါ်ခဲ့ပါ။ ဒီမှာ ငါ အလုပ်ကလေးရှုပ်နေလို့"

ရှင်ညိုမှာ လွှဲပြောင်းစာရင်း ဖတ်ပြသည်များကို နားထောင်ပြီး စာချုပ်များတွင် လက်မှတ်ထိုးရမည့်အချိန် ဖြစ်နေပါသည်။ ကိုပါရာက ကျော်ကျော်ကိုခေါ်၍ ပြန်ဝင်လာသည်။ ရှင်ညိုက စာချုပ်များပေါ် လက်မှတ်ထိုးနေရာမှ...
"မောင် ခဏလေးနော်။ ဖေဖေ ဒါ ရှင်ညိုရဲ့ခင်ပွန်းပါ သားရဲ့ဖေဖေပေါ့"

ရှင်ညိုက လက်မှတ်များ ထိုးသည်။ စာချုပ်စာတမ်းများကို အလူမီနီယံသေတ္တာလေးထဲ ထည့်သည်။ ရှေ့နေကြီးက...
"ဒီလုပ်ငန်းတွေ၊ ရင်းနှီးငွေတွေ အားလုံးရဲ့ စီမံခန့်ခွဲပိုင်ခွင့်ဟာ သမီးရဲ့ အဆုံးအဖြတ်ပေါ် မူတည်သွားပြီ။ သမီးရဲ့ဖေဖေကလည်း ပြေပါလိမ့်မယ်။ ဦးကိုလည်း တိုင်ပင်နိုင်ပါတယ်"

www.mmcybermedia.com/ typed by ငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ကျော်ကျော်သည် စာချုပ်များပေါ်မှ ရှင်ညိုပိုင်ဆိုင်ရမည့် သိန်းထောင်ပေါင်းများစွာ တန်ဖိုးရှိသော လုပ်ငန်းများ၊ အဆောက်အဦများစာရင်းကို တွေ့လိုက်ရပြီး အသာထထွက်ခဲ့သည်။ ကိုပါရာက ကျော်ကျော်၏နောက်မှ ထလိုက်သွားသည်။ ရှင်ညိုကမူ အိမ်တွင်းရေးကိစ္စများ ပြောဆိုနေကြ၍ အပြင်ထထွက်သွားသည်ဟုသာ ယူဆလိုက်မိသည်။ ရှေ့နေကြီးက အလုပ်ကိစ္စများ ပြောပြီးသွားတော့ ဝမ်းသာဂုဏ်ပြုစကားများ ဆက်ပြောနေသေးသည်။ ရှေ့နေကြီး နှုတ်ဆက်ပြီး ပြန်သွားမှ ရှင်ညိုလည်း ထိုင်ရာမှ ထနိုင်တော့သည်။ ရှင်ညို ရှေ့ထွက်၍ လိုက်လာတော့ ကျော်ကျော်က မရှိပြီ။ ကိုပါရာက စာရွက်ကလေးကို ရှင်ညို၏ လက်သို့ လှမ်းပေးလိုက်သည်။

*ရှင်ညို...*
*မောင် ရှင်ညို့ကိုချစ်လို့ လာခဲ့တာပါ။ ရှင်ညိုက အလွန်ချမ်းသာတဲ့ သူဌေးမလေး ဖြစ်နေတော့...*

*ရှင်ညို ချမ်းသာလို့ အတင်းလိုက်ခဲ့တယ်ဆိုပြီး အထင်မခံနိုင်ဘူး။ မောင်ချစ်တာ ရှင်ညိုပါ။ မောင့်ရဲ့အချစ်ကို သက်သေထူဖို့ မခေါ်ဘဲ ပြန်သွားပါပြီ။*

*သူဌေးမလေးမဟုတ်တဲ့*
*ရှင်ညိုချစ်တဲ့*
*မောင်*

အမည်းရောင်နှင့် မီးခိုးရောင်များက မြင်ကွင်းတစ်ခုလုံးကို လွှမ်းခြုံထားသည်။ ကြည့်လေရာမှာ ထိုးထိုးထောင်ထောင်ဖြစ်နေသော တိုင်မည်းမည်းများ။ အူနှင့်ဟောင်းလောင်းဖြစ်နေသော တိုက်ကြီး။ မီးကျွမ်းသွပ်ပြားများနှင့် ကွေးကောက်နေသော သံတန်းများ။ ကျော်ကျော်က တစ်လှမ်းချင်း လျှောက်ဝင်လာသည်။ ဦးသြဇာမှာ ကိုပါရာ ဖုန်းဆက်ပြောပြထား၍ အားလုံးကိုသိနေပြီ။ ဦးသြဇာသည် တစ်ချိန်က ခမ်းနားခဲ့သော တိုက်ကြီး၏ အပြိုအပျက်များကြားမှာ တည်ငြိမ်စွာရပ်နေသည်။ လက်ဆွဲအိတ်တစ်လုံးနှင့် သူ့အနားသို့ရောက်လာသော ကျော်ကျော်ကို...
"ခုလိုပုံစံနဲ့ ကြုံနေရတာ စိတ်မကောင်းပါဘူးကွာ"
"ကျွန်တော့်ရင်ထဲက မီးလောင်ပြင်က ဒီမြင်ကွင်းထက် အကျည်းတန်ပါတယ် ဦးလေးသြဇာ"

ကျော်ကျော်သည် ပြာမှုန်များ၊ အမှိုက်များနှင့် ပြည့်နေသော ရေကူးကန်ကို ကြည့်မိသည်။

"ဦးလေးသြဇာ"
"ပြော ကျော်ကျော်"
"ကျွန်တော်တို့ ပေးစရာရှိတာတွေကို အရင်ဆုံးပေးနိုင်ဖို့ စာရင်းလုပ်ပါ။ မြို့သစ်က တိုက်နဲ့ခြံရယ်။ ပြင်ဦးလွင်က ခြံရယ် ရောင်းဖို့စီစဉ်ပါ။ လိုအပ်ရင် ကျန်နေတဲ့ ကားပါရောင်းပါ။ ပြီးတော့ ဘဏ်မှာရှိတာတွေပါ ထုတ်ပြီး အကုန်ရှင်းပေးလိုက်ပါ။ ကျွန်တော် ဒီတိုက်ပျက်မှာပဲနေမယ်"
"ကျော်ကျော်"
"ကျွန်တော် ပြောတဲ့အတိုင်းလုပ်ပါ။ အလုပ်သမားတွေကို သုံးလစာစီပေးဖို့ပါ စီစဉ်ပါ။ ကျွန်တော် ဘယ်သူ့ကိုမှ မျက်လွှာပင့် မကြည့်ချင်ဘူး။ လာပြီးငုံ့ကြည့်မှာလည်း မခံနိုင်ဘူး။ ကိုယ်က

www.mmcybermedia.com/ typed by ငွေခင်ဟေဟ်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ရစရာရှိတာတွေတော့ သူတို့ဟာသူတို့ အလိုက်သိပြီး လာပေးမှာယူပါ။ မြို့သစ်တိုက်က ပစ္စည်းတွေ ဒီမှာရွှေ့ပြီး နေရာချထားမယ်”

“ဖိုးကျော် မင်းရဲ့မာနကို လျှော့သင့်ပြီကွာ”

“ကျွန်တော့်မှာ ဘာမာနများရှိသေးလို့လဲ ဦးလေးသြဇာ”

“မရှိတဲ့မာနပေါ့ကွာ။ လူတွေမှာ ငွေကြေးပြည့်စုံတဲ့အခါမှာ မာနရှိသလို ငွေကြေးမပြည့်စုံတဲ့ အခါမှာလည်း မာနဟာ ခေါင်းထောင်လာတာပဲ ဖိုးကျော်။ မရှိမာနက ပိုဆိုးတယ်”

ကျော်ကျော် ဘာမှမပြော။ မီးလောင်ပြင်ကြီးကိုသာ ငေးကြည့်နေသည်။ ထိုစဉ်...

“ဟင်”

မီးလောင်ပြင်မှာ ဖြတ်လျှောက်၍ ဝင်လာသူက ရှင်ညို။ ရှင်ညိုက ကျော်ကျော်၏အနီးသို့ ရောက်သောအခါ...

“မောင်... ရှင်ညိုလေ အမွေတွေကို လက်မခံဘဲ မောင့်ဆီကို ဆင်းလာတာပါ။ မောင်ဟာ ရှင်ညို့ကို ချစ်သလို ရှင်ညိုချစ်တာဟာလည်း မောင့်ကိုပါ။ မောင့်ရဲ့ငွေတွေ မဟုတ်ပါဘူး”

ကျော်ကျော်သည် ရှင်ညို့ကို ဖက်ထားလိုက်သည်။ ရင်ခုန်သံတို့က တစ်ထပ်တည်းကျနေသည်။

ပရာဒိုနှင့် ပါဂဲရိုး ကားကြီးနှစ်စီးက ခြံဝမှ လိမ့်ဝင်လာသည်။ ကားပေါ်မှ ဘ၊ ကိုပါရာ၊ ဦးသော်တာနှင့် ကလေးလေးတို့ ဆင်းလာသည်။ ဦးသြဇာက ဦးသော်တာပွေ့ထားသော ကလေးကို လက်ဆင့်ကမ်း ယူလိုက်သည်။

“ဦးသြဇာ ဆိုတာမှတ်တယ်”

“ဟုတ်ပါတယ် ခင်ဗျ”

“ကျွန်တော့်မြေးကို ဦးသြဇာလက် အပ်ခဲ့ပါရစေ”

“မြေးလေးကိုတော့ မာန်မာနတွေမရှိတဲ့၊ တည်ငြိမ်အေးဆေးပြီး အသိဉာဏ်ရှိတဲ့၊ စဉ်းစားဆင်ခြင်မှုရှိတဲ့ လူသားတစ်ယောက် ဖြစ်လာအောင် ကျွန်တော် တာဝန်ယူ သွန်သင်ပါ့မယ်ခင်ဗျာ။ စိတ်ချပါ”

ဦးသြဇာ၏စကားကြောင့် ကျော်ကျော်နှင့်ရှင်ညိုတို့က လှမ်းကြည့်လိုက်သည်။ ထိုအချိန် ဦးသော်တာက ကိုပါရာ၏ လက်ထဲမှ အလူမီနီယံသေတ္တာလေးကို ယူလိုက်ပြီး ဦးသြဇာလက်သို့ အပ်ကာ...

“ဒါက ကလေးပိုင်ဆိုင်တဲ့ အမွေစာချုပ်ပါ။ သူ့အမေကလည်း လက်မခံဘူးဆိုတော့ ဦးသြဇာကိုပဲ အမွေထိန်းအဖြစ် အပ်ခဲ့ပါရစေ”

ဘက ရှင်ညိုတို့နား လာရပ်သည်။

“မြေးလေး”

“ဘ”

“ဘတော့ မောင်သော်တာနဲ့အတူ ရိပ်သာဝင်တော့မယ်။ မြေးလေး စိတ်လိုက်မာန်ပါတွေ မလုပ်နဲ့တော့နော်”

“ဟုတ်ကဲ့”

“မောင်ကျော်ကျော်”

www.mmcybermedia.com/ typed byငွေခင်ယော/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ဘ"
"အစစအရာရာ သည်းခံပေးပါကွယ်"
"စိတ်ချပါ ဘ"

ဘ၊ ကိုပါရာနှင့် ဦးသော်တာတို့က ပရာဒိုကားပေါ် တက်လိုက်ကြသည်။ ပါဂဲ့ရိုးမှာ သူ့မြေးအတွက် ထားခဲ့မှန်း မပြောဘဲ သိကြပါသည်။

"ဖေဖေ"
"သမီး"
"သမီးတို့ မကြာခဏ လာပ့ါမယ်ဖေဖေ"

ဦးသော်တာက ခေါင်းငြိမ့်ပြသည်။ ကားဘီးလှိမ့်တော့ ဘ၏မျက်ဝန်းမှ မျက်ရည်တစ်စက် ကြွေကျသွားသည်။ ကျော်ကျော် ရှင်ညိုနှင့် ဦးဩဇာတို့ ရပ်ငေးကျန်ရစ်သည်။ ဦးဩဇာ၏ ရင်ခွင်ထဲမှ ကလေးငယ်ကို ကျော်ကျော်ကကြည့်လိုက်သည်။

ရင်ထဲမှ နွေရာသီသည် ရေခဲနယ် အေးခဲသွားပါသည်။
ခဲသွားတဲ့ နွေ…
ခဲသွားတဲ့ နွေ…

<u>၂၀၀၅၊ ဖေဖေါ်ဝါရီနှင့် မတ်၊ ကလျာ။</u>

* * * * * *

www.mmcybermedia.com/ typed by ငွေဇင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

## ဖြစ်သွားတဲ့ မဖြစ်နိုင်တာ

*ဒေါနခြံမှာနေသည်*

အချို့ကိစ္စများသည် ထူးပြီးမဆန်းပါ။ အချို့ကိစ္စများမှာမူ ဆန်းပြီးမထူးပါ။ ကွန်ပျူတာ အင်တာနက်တို့တွင်ကျယ်၍ ကမ္ဘာ့အရှေ့ဖျားမှ မျိုးတုံးလု ပိုးဟပ်ကြီးများကိုတွေ့သည့် သတင်းသည် ကမ္ဘာ့အနောက်ခြမ်းမှာ မိနစ်ပိုင်းအတွင်း သိနိုင်နေသော အချိန်မှာ မန္တလေးမြို့ တောင်ဖျားမှ ဖြစ်ရပ်ကိုမူ မန္တလေးမြို့ပေါ်က လူများပင် မသိလိုက်ပါ။ လူမသိ သူမသိနှင့် ပျောက်ကွယ်သွားသော ထူးဆန်းသည့် ဖြစ်ရပ်ပေါင်းများစွာတွင် ထိုဖြစ်ရပ်လည်း ပါပါသည်။

မန္တလေး စစ်ကိုင်း ကားလမ်းဘေးမှ ဒေါနခြံရပ်ကွက်ကလေးသည် ဟင်းသီးဟင်းရွက် စိုက်ခင်းများနှင့် ထာဝရစိမ်းလန်းလျက်ရှိပါသည်။ ခြံ ဉယျာဉ် တောင်သူတို့နေထိုင်ရာ ရပ်ကွက်ကလေး ဖြစ်သောကြောင့် လောဘကင်း၍ အေးချမ်းပါသည်။ ကိုယ်စိုက်ပျိုးထားသည်၊ အပင်လေးများ တဖြည်းဖြည်း ကြီးထွားလာသည်ကို ကြည့်ရင်း ပီတိဖြစ်ကြသည်။ အပင်လေးများကို ဂရုစိုက်ရင်း အချိန်ကုန်ကြသည်။ ထိုဒေါနခြံရပ်ကွက်တွင် နေထိုင်သော ဘသည်လည်း တောင်သူကြီးတစ်ဦး ဖြစ်ပါသည်။ ဘမှာ မြေးနှစ်ယောက်ရှိသည်။ ကိုပါရာနှင့် ကျော်မင်းဟန်တို့ ဖြစ်သည်။ ထွန်မွှေ၊ မြေပေါက်၊ ခုံဆွဲ အလုပ်များကို ကိုပါရာနှင့် ကျော်မင်းဟန် တို့က လုပ်သည်။ ဘသည် မျိုးစေ့ကြဲ၊ ဆေးပက်၊ ပေါင်းရှင်း သက်သောင့်သက်သာ လုပ်ရသည့် အလုပ်မျိုးလောက်သာ လုပ်သည်။

"ဘ ဒီတစ်ခါ ဘာကြဲမှာလဲ"
"အပျိုကြီး လူပျိုကြီးပင်ပေါ့ကွာ"
ဘ၏စကားကြောင့် ဘ၏စိုက်ခင်းနှင့် ကပ်နေသော ခြံထဲမှ ဖွားစွာက မျက်စောင်းထိုးသည်။ ဖွားစွာ၏မြေးမဖြူက ခေါင်းငုံ့၍ ပြုံးသည်။

"ဘာပင်လည်း ဘ"
ကိုပါရာက ခုံဆွဲနေရာမှမေးသည်။

"သီးချိန်တန်မသီး ပွင့်ချိန်တန် မပွင့်တဲ့ အပင်ပေါ့ကွာ။ မုံလာဉ။ တချို့အပျိုကြီးဖြစ်နေတာ ဘာလို့လဲ သိရဲ့လား"
"ပြောစမ်းပါဦး ဘ"
"သစ်ပင်လေးတွေကို မတရားလုပ်လို့ကွ။ ပွင့်ချိန်မတန်သေးဘဲ အတင်း အပွင့်ခိုင်း"

ပန်းမုံလာ စိုက်ခင်းထဲမှာ ပေါင်းနုတ်နေသော ဖွားစွာက ထရပ်သည်။ ဘသည် ထိုအခြေအနေများကို ကြိုသိပြီးမို့ စိုက်ခင်းထိပ်မှ အိမ်ဆီသို့ သုတ်ခြေတင် ပြေးပါလေပြီ။ စိုက်ခင်းထဲမှာ မပြေးသာ၍ မတ်တပ်ကြီးမိနေသော ကိုပါရာကိုသာ တွေ့ရတော့သည်။

"ဟိုကောင်"
"ခင်ဗျာ"
"ဟိုထွက်ပြေးတဲ့ မင်းရဲ့အဘိုးကိုပြောလိုက်"

www.mmcybermedia.com/ typed by ငွေခင်ယောင်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ကျွန်တော် အောင်သွယ်လုပ်တာ ဝါသနာမပါဘူးခင်ဗျ"
"ဟင် မင်းက... ကဲဟယ်"
ဖွားစွာသည် သူ့လက်ထဲမှာ အသင့်ရှိနေသော ပေါင်းထိုးသည့် တူရွင်းပြားလေးနှင့် လုမ်းထုသောကြောင့် ဘနောက်သို့ အပြေးလိုက်ရတော့သည်။ ဘ၏ခြံမြေနှင့် ဖွားစွာ၏ခြံမြေကို ခါးစောင်းခန့်မြင့်သော လမ်းလျှောက်ပင်လေးများက စည်းရိုးသဖွယ် ခြားထားပါသည်။

"မိဖြူ"
"ဖွား"
"ဟိုဘက်က ငါ့တူရွင်းပြား သွားကောက်စမ်း"
"ဖွားက ခိုင်းတာနော်"
"ငါ ခိုင်းတာက တူရွင်းကောက်ဖို့၊ ဟိုအကောင်နဲ့ စကားပြောရင်တော့ အော်ရမှာပဲ"

ဖွားစွာမှာ စည်းရိုးဘေးတွင် ငုတ်တုတ်ထိုင်၍ ရေထမ်းပုံးကြီးတပ်နေသော ကျော်မင်းဟန်ကို မမြင်ပါ။ ထို့ကြောင့်လည်း တူရွင်းကောက်ရန် မဖြူကို ခိုင်းခြင်းဖြစ်ပါသည်။ မဖြူသည် လမ်းလျှောက်ပင်များကြားမှ တိုးဖြတ်ကူးခဲ့ပြီး တူရွင်းကိုရှာသည်။ တူရွင်းကို မတွေ့မီ ကျော်မင်းဟန်ကို မြင်သွားပြီး ပြုံးပြလိုက်သည်။

* * *

*ငယ်ပေါင်းကြီးဖက်*

ဦးသာဝ၊ ဦးစံဖျော၊ ဦးပေတလူနှင့် ဦးပွေလီတို့မှာ ဘ၏ ငယ်ပေါင်းများ ဖြစ်ကြပါသည်။ တစ်ရပ်တည်းနေ တစ်ရေတည်းသောက် တစ်မြေတည်းမှာ အတူကြီးခဲ့ကြ၍ ငယ်ကျင့်များက မပျောက်။ 'တို့က ခုမှ ခုနစ်ဆယ်ကျော်လေးရှိသေးတာ' ဆိုသော စကားကို တွင်တွင်ပြောပြီး အစဉ်ပျော်နေသော လူကြီးလူပျော်များ ဖြစ်ပါသည်။

"ကိုစံဖျော"
"ဘာလဲ"
"ကျုပ်တို့ ခရမ်းသီးကို တစ်တောင်လောက်ရှည်ပြီး လက်မောင်းလောက် တုတ်အောင် လုပ်ကြည့်ရအောင်"
ဦးသာဝ စကားကြောင့် ဦးပေတလူက မျက်လုံးပုတ်ခတ် ပုတ်ခတ်လုပ်ပြီး...
"အသုံးတည့်ပါ့မလား"
"ဘာ အသုံးတည့်ရမှာလဲ"
"မိသားစုနစ်ယောက်တည်းရှိတဲ့အိမ် ချက်စားချင်ရင် ပြောတာပါ။ တစ်လုံး လုံးလည်း မကုန်။ ချန်ထားလို့လည်း မကောင်း"

ဦးပွေလီက မေးစေ့ကိုပွတ်နေရာမှ...
"ခရမ်းသီးကတော့ လက်ရှိအနေအထားပဲ ကောင်းပါတယ်ဗျာ။ ခင်ဗျားအနေနဲ့ ကြီးအောင်စမ်းသပ်ချင်ရင် ပဲကြီးကို လက်ဖက်ရည်ပန်းကန်ပြားလောက် ရှိအောင် လုပ်ကြည့်ပါလား။ ဒါဆို ပဲဟင်းစားချင်ရင် အများကြီးချက်ဖို့ မလိုတော့ဘူး။ ကိုစံဖျောလို တစ်ကိုယ်တည်းသမား ဆိုလို့ကတော့ ပဲကြီးတစ်စေ့ရှိရင် စိတ်အေးရပြီ။ ချက်လိုချက်၊ ကြော်လိုကြော်။ ပွနေအောင် ရေစိမ်ပြီးမှ ကြက်ဥနဲ့ကပ်ကြော်လည်း ရတယ်"

www.mmcybermedia.com/ typed byငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ဦးသာဝတို့အဖွဲ့မှာ တာရိုးပေါ်မှ လက်ဖက်ရည်ဆိုင်တွင် စတည်းချကာ စကားဦးတည့်ရာ ပြောရင်း အချိန်ကုန်သူများ ဖြစ်ပါသည်။

"ဘူးသီးကိုပဲ ကြီးအောင်လုပ်ဖို့ ကြိုးစားပါဗျာ။ အဲဒါက စိပ်ရောင်းလည်း ရတယ်။ လာမယ့် သစ်သီးဝလံပြပွဲမှာ ဝင်ပြိုင်ဦးမလား"
"ပြိုင်ပွဲဆိုလို့ ပြိုင်ပွဲတောင် အတော်နီးလာပြီ။ ကျုပ်တို့ ဘကို သတိပေးကြဦးစို့။ ဒီနှစ်လည်း ပထမလိုချင်တာဆိုရင် ခုကတည်းက စိုက်ပြီး သေသေချာချာ ပြုစုရတော့မှာ။ ဖွားစွာကတော့ စိုက်ပျိုးရေးပစ္စည်းဆိုင်မှာ ဆေးတွေရော မျိုးစေ့ရောမှာပြီး စိုက်နည်းတွေတောင် မေးနေတယ် ကြားတယ်"
"လုပ်မယ်လေ။ ပြီးခဲ့တဲ့တစ်နှစ်က ဒုတိယဖြစ်ထားတော့ ဘယ်ကျေနပ်မလဲ။ ပထမရသူက ဘဖြစ်နေတော့ ပိုဆိုးတာ။ ဘကလည်း သူ့အိမ်ရှေ့သွားပြီး ကွေးနေအောင် ကတာကိုး။ အဲဒီမှာ ပိုဆိုးတာက ကိုပွေလီက ဒိုးပတ်ယူလာပြီး တီးပေးတာပဲ"

ပြီးခဲ့သည့်နှစ်က ဘ၏ဘူးသီးက ပြိုင်ပွဲမှာ ပထမရပါသည်။ အနာအဆာ လုံးဝမပါ။ ကြီးပုံကလည်း လှသည်။ ဘက...
"အကြီးပြိုင်မလား၊ အထွားပြိုင်မလား ကြိုက်သလို တိုင်းစမ်းကိုယ့်လူ... ယောက်ျား... မာန်သေမှ လျှော့မယ်ဘူး" ဟူ၍ဆိုရာ ကသောကြောင့် ဖွားစွာက ထမင်းရည်နှင့်ထွက်ပက်သည်။ အေးနေ၍သာ တော်တော့သည်။ တစ်ယောက်တစ်ခွန်း စကားများကြသည်။ ကျုပ်အိမ်ရှေ့ ကျုပ်ပက်တာဆိုသော ဖွားစွာ၏စကားကြောင့် ဘတို့အဖွဲ့ အလျှော့ပေးခဲ့ရခြင်း ဖြစ်ပါသည်။ ထိုစဉ်ကတည်းက ဘ၏မြေး ကျော်မင်းဟန်နှင့် ဖွားစွာ၏မြေး မဖြူတို့၏ အချစ်ရေးမှာ တောင်တက်ကားလမ်းလို ဖြစ်ခဲ့ရတော့သည်။

"ဒီနှစ်လည်း တို့လူကြီး အနိုင်ရအောင် ငါ ရှယ်မျိုးစေ့ ရထားတယ်"

* * *

*ဘူးသီးဖီလင်*

ဖွား၏ စိုက်ခင်းတွင် ယောက်ျားတစ်ယောက်နယ် အလုပ်လုပ်နေရသူက မဖြူ။ ဆောင်းတွင်းမှာ ရေအထမ်းငါးဆယ်လောက် လောင်းရသည်။ နွေဆိုလျှင် အထမ်းနှစ်ရာခန့် လောင်းရသည်။ မနက်ရေ ညရေ။ ဆောင်းမှာကတော့ ညရေလောင်းဖို့ မလို။ အခင်းထိပ်မှာ ရေလှောင်ကန် တူးထားရသည်။ "ရွှေတချောင်းနှင့်နီးသည့် အခင်းများကတော့ ချောင်းရေခတ်လောင်း၍ ရသည်။ ချောင်းနှင့်ဝေးလျှင် တွင်းရေခတ်လောင်းရသည်။ ချိုးရေကိုလည်း ရေလှောင်ကန်ထဲ ဖောက်ထည့်ထားရသည်။ အလေ့အကျင့်ရနေ၍ လုပ်နိုင်နေကြခြင်း ဖြစ်ပါသည်။ တရုတ်နံနံစိုက်လျှင် အပူ မကြိုက်သောကြောင့် စင်ထိုး၍ ကောက်ရိုးတင်ကာ အပူရှိန်ကို လျှော့ပေးရသည်။ ကောက်ရိုးမတင်ဘဲ ဘူးလို ကြက်ဟင်းလို စင်တင်ထား၍လည်း ရသည်။ အချို့က ပဲလင်းမွှေ စင်တင်သည်။ ဖွားစွာကမူ ဘူးချထားပြီ။ ဒီနှစ် သစ်သီးဝလံပြိုင်ပွဲအတွက် အနိုင်ရမှ ဖြစ်မည်ကိုး။

ကိုပါရာသည် ရေလောင်းနေသော မဖြူကို လှမ်းကြည့်နေရာမှ...
"ဟဲ့ မဖြူ"
"ဘာလဲ ကိုကြီးပါရာ"
"ရေလောင်းရတာ မပင်ပန်းဘူးလား"

www.mmcybermedia.com/ typed byငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ပင်ပန်းတာပေါ့"
"ပင်ပန်းရင် ငါ့ညီအားနေတာပဲ ခေါ်ပြီးအကူခိုင်းပါလား"
မဖြူက ကိုပါရာကို မျက်စောင်းထိုးကြည့်သည်။
"ဘာလဲ နင်က မခိုင်းရက်လို့လား"
"ဟုတ်တယ်"
"အဟီး ငါ့ညီကတော့ ကံကောင်းတာပဲ"

ထိုစဉ် ဖွားစွာက အခင်းထိပ်သို့ ရောက်လာပြီး...
"ဟဲ့ ရေလောင်းတဲ့မိန်းမ။ ရေပင်များပေါက်နေတာလား"

ဖွားစွာ အော်လိုက်မှ ကိုပါရာလည်း ခံ့ဆွဲ မြေညှိ ဆက်လုပ်ဖြစ်တော့သည်။ ကျော်မင်းဟန်နှင့် မဖြူမှာ ရပ်သိရွာသိ ချစ်သူများ ဖြစ်ကြပါသည်။ ဖွားစွာကလည်း သိပါသည်။ ကျော်မင်းဟန်ကို ရိုးသား၍ ကြိုးစားသောကြောင့် သဘောကျသော်လည်း ဘနှင့် ကိုပါရာကိုမူ လုံးဝကြည့်မရပါ။ ဘက သူ၏ဘူးသီးကို အနိုင်ရပြီးကတည်းက ပြင်းပြင်းထန်ထန် ဖြစ်သွားခြင်းပါ။

"ခေါ်ဖြူဖြူ လာပါဦး"
ဖွားစွာက သူ့မြေးကို လှမ်းခေါ်သည်။ မဖြူက ရေထမ်းပုံးကို ချပြီး အဘွားရှေ့မှာ သွားရပ်လိုက်သည်။

"မေ့နေပြီလား"
"ဘာလဲ အဖွား"
"တော့်ကို ကျုပ်ပြောထားတယ် မဟုတ်လား။ တော် အိမ်ထောင်ပြုချင်လျှင် လွတ်လပ်ရေးပွဲပြီးအောင်စောင့်။ သီးနှံပြိုင်ပွဲမှာ ဟိုအဘိုးကြီးကို ကျုပ်ကနိုင်ပြီးမှ တော့်ကို အဲ့ဒီအဘိုးကြီးရဲ့မြေးနဲ့ သဘောတူနိုင်မယ်ဆိုတာလေ"
"ဟင် အဘွားကလည်း ဘာဆိုင်လို့လဲ"

ဖွားစွာက ခါးထောက်ရပ်လိုက်ပြီး...
"ဆိုင်တယ် ဆိုင်တယ် ကျုပ်နဲ့ပတ်သက်တဲ့ လူမှန်သမျှ ကျုပ်ကနိုင်ရမှ။ မှတ်ထား"

* * *

"ဟေ့ ငါကလည်း ငါအနိုင်ရတဲ့ သူနဲ့မှ ဆက်ဆံချင်တာကွ။ မင်းကို မပေးစားဘူးပြောနေတာ မဟုတ်ဘူး။ ပေးစားမယ်။ ဒါပေမယ့် လာမယ့် သစ်သီးဝလံပြိုင်ပွဲပြီးထိတော့ စောင့်ရမယ်။ အဲဒီပြိုင်ပွဲမှာ ငါ ပထမရရင် မင်းရဲ့အိမ်ထောင်ရေး အဆင်ပြေပြီသာမှတ်"
"ဘ ပထမ မရဘူးဆိုရင်"
"မပေးစားနိုင်သေးဘူး။ ငါနိုင်တဲ့နှစ်မှကို ပေးစားမှာ"
"ဟာဗျာ"
"ဟာဗျာမနေနဲ့။ မင်းတစ်သက်လုံး ဒုက္ခရောက်မှာကြောင့် မင်းအတွက် ခုလို ဆုံးဖြတ်ရတာ"
"ဘာဆိုင်လို့လဲ ဘရယ်"

www.mmcybermedia.com/ typed by ငွေစင်ပေသော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ဆိုင်တာပေါ့ကွ။ အဲဒီအဘွားကြီးက မင်းရဲ့အဘိုးတောင် ငါကနိုင်ထားတာဆိုပြီး တစ်သက်လုံး ပြောလို့ပြီးမှာ မဟုတ်တော့ဘူး။ မင်းကို မိန်းမ မေပေးစားချင်လို့ တမင်ကန့်ကွက်နေတယ် မထင်နဲ့။ မိန်းမယူတယ်ဆိုတဲ့ အလုပ်ကို ငါလည်း ဝါသနာပါတာပဲ အသက်အရွယ်ကြောင့် အတင်းမေ့ထားရတာ။ အင်း စကားစပ်မိလို့ သတိရသွားတော့လည်း လူတောင်ရိုးတိုးရွတ ဖြစ်လာတယ်"

"ပုရွက်ဆိတ်အုံပေါ် ထိုင်မိလို့လား"

"ဖွတ်"

ကိုပါရာက အခန်းတွင်းဝင်လာရင်း ပြောလိုက်ခြင်းဖြစ်ပါသည်။

"ပြောစမ်းပါဦး ဘာတွေများ ပြဿနာဖြစ်နေပြန်ပြီလဲ"

ကျော်မင်းဟန်က ဘပြောပြသည်ကို ပြန်၍ ပြောပြလိုက်ပြီး...

"ကျွန်တော်တော့ ဘာလုပ်ရမှန်း မသိတော့ဘူး"

"လွယ်လွယ်လေးပါကွာ။ ဘရဲ့ဘူးသီးကို ကြီးအောင်လုပ်ပေးလိုက်။ ဒါဆိုအားလုံး ပြေလည်သွားမှာပဲ။ လက်စသတ်တော့ မင်းရဲ့ဇီလင်က ဘူးသီးဇီလင်ပဲ"

ကျော်မင်းဟန်မှာ ကိုပါရာထံမှ မည်သို့သော အကြံဉာဏ်မှ ထွက်မလာ၍ စိတ်ပျက်သွားမိသည်။

* * *

*<u>တခြားစီဖြစ်သွားသော ခုတ်ရာနှင့်ရှရာ</u>*

ရက်ကုန်၍ လပြောင်းခဲ့ပြီ။ ဘ၏ဘူးစင်မှ ဘူးသီးမှာလည်း ဘောလုံးကို လေမှုတ်သွင်းနေသည့်နှယ်။ တစ်နေ့တခြား ထွားလိုက်နေသည်။ နံနက်လင်းသည်နှင့် ဘ၊ ဦးပွေလီ၊ ဦးစံပျောနှင့် ကိုပါရာတို့မှာ ဘူးသီးမှတ်တမ်း ယူကြသည်။ လုံးပတ်ကို တိုင်းထွာသည်။ အညှာမှချက်ထိ မည်မျှရှိသည်ကို မှတ်သားသည်။ ဘတို့လုပ်သမျှကို စိတ်ဝင်စားစွာ နေ့စဉ်အားပေး ကြည့်ရှုနေသူတို့မှာ ချက်စူနှင့်မျက်ပြူ ဖြစ်ပါ၏။ ချက်စူနှင့်မျက်ပြူမှာ မျောက်ရှုံးအောင် ဆော့သော ကလေးများဖြစ်သည်။ ဘတို့ခြံနှင့် ကျောချင်းကပ်ခြံမှ ဖြစ်ပါသည်။ သူတို့သည် ဘ၏ဘူးသီးနှင့် ဖွားစွာ၏ ဘူးသီးကို စိတ်ဝင်စားကြသည်။ ဘ၏ဘူးသီးကို ကြည့်ပြီးသည်နှင့် ဖွားစွာ၏ ဘူးသီးကို သွားကြည့်ကြသည်။ တစ်ခါတလေ ဖွားစွာ၏ဘူးသီးကို ကြည့်ပြီးမှ ဘ၏ဘူးသီးကို လာကြည့်သည်။ တစ်ရက်မှာတော့ ချက်စူနှင့်မျက်ပြူသည် ဘတို့ တုန်လှုပ်သွားစေမည့် သတင်းတစ်ခုကို သယ်လာပါတော့သည်။ ထိုသတင်းမှာ ဖွားစွာသည် သူ၏ဘူးသီးကို ဖျာလိပ်နှင့် ပတ်ကာထားခြင်းပင်။ ဘ၊ ဦးပွေလီ၊ ဦးစံပျောတို့သည် တိုင်ပင်ထားသလို 'ဟေ' ကနဲ ပြိုင်တူ အော်ပြီးသကာလ ခြံစည်းရိုးနားသို့ လေးဘက်တွားသွားကာ ဖွားစွာ၏ ဘူးသီးကိုချောင်းကြည့်ကြသည်။ ဟုတ်၏။ ဖွားစွာ၏ဘူးသီးမှာ ဖျာလိပ်အတွင်း ရောက်နေပါပြီ။ ဖျာလိပ်သည် ဘူးသီးကိုပတ်ကာ ဘူးစင်မှာ တွဲလောင်းခိုနေသည်။ ဘတို့သည် ကန်သင်းရိုးဆီ ပြန်လျှောက်လာပြီး ထိုင်လိုက်ကြကာ...

"ဒါ ဘာသဘောလဲဗျ"

"ကျုပ်တို့ လေ့လာအကဲခတ်လို့ မရအောင် ကာကွယ်တာပါဗျာ"

"အဲဒါတော့ သိတာပေါ့။ အဲသလို ဘာလို့ကာကွယ်တာလဲဆိုတာ စဉ်းစားကြည့်ရမှာ။ အကြောင်းရှိရမယ်။ အဲဒီအကြောင်းဟာ ဘာလဲ"

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"အင်း ဖြစ်နိုင်တာကတော့ သူ့ဘူးသီးက သေးသေးကွေးကွေး ကြုံလှီပြီး မစွမ်းမသန် ဂီလာန ဘူးသီးဖြစ်နေလို့ ခင်ဗျား မမြင်အောင်၊ ကြည့်လို့မရအောင် ကာထားတာပဲ"
"ဆက်စဉ်းစားပါဦး ဦးပွေလီ။ မဖွားစွာရဲ့ ဘူးသီးဟာ ပိုလီယိုဘူးသီး၊ ရှုနာရှိက်ကုန်းဘူးသီးပဲ ထားပါတော့။ ဘာလို့ မမြင်စေချင်တာလဲ"
"ရှင်းပါတယ်ဗျာ။ ပြိုင်ပွဲနီးတော့မှ သူ့ဘူးသီးဟာ ခင်ဗျားရဲ့ဘူးသီးကို မနိုင်လောက်ဘူးထင်ရင် ခင်ဗျားဘူးသီးထက်ကြီးတာကို ရှာဝယ်ပြီး သူ့အပင်က သီးတာဆို ဝင်ပြိုင်မယ်လေ"
"ဟုတ်ပြီ ကျုပ်သဘောပေါက်သွားပြီ။ ကျုပ်ကို သူ့ဘူးသီးရဲ့ အနေအထား အကဲခတ်လို့မရအောင် မမြင်ရအောင် လုပ်ထားတယ်။ အဲဒီအချိန်မှာပဲ သူကတော့ ကျုပ်ရဲ့ဘူးသီးကို အကဲခတ်နေတော့..."
"ဘရဲ့ ဘူးသီးကိုလည်း ပြန်ကာ"
"ဟုတ်တယ် ခင်ဗျားရဲ့ ဘူးသီးကို ကာ"
"မောင်ပါရာ"
"ဗျာ"
"ဗျာသွားယူကွာ"
"ဗျာ အပိုမရှိဘူးလေ"
"အင်း အဲသလိုဆို..."

ဘက စဉ်းစားသည်။ အကြံထုတ်သည်။ တစ်ရေးမအိပ်ရဘဲ အကြံက ပေါ်လာသည်။ ဘသည် သူ၏တိုက်ပုံနှင့် ပုဆိုးကို ယူကာ ဘူးသီးကို ဆင်မြန်းပေးလိုက်လေတော့သတည်း။ ဘူးသီးမှာ ဘ၏ ပုဆိုးနှင့်တိုက်ပုံကြောင့် အတော်ခန့်သွားသည်။ သူတို့အားလုံးသည် ဘူးသီးကိုကြည့်ရင်း သဘောကျနေသည်။

"ကဲ တို့ဘက်ကတော့ ကာကွယ်တာတွေ လုပ်ပြီးသွားပြီ၊ မဖွားစွာရဲ့ ဘူးသီးအခြေအနေကို အမှန်အတိုင်း သိဖို့လိုတယ်။ မောင်ပါရာ"
"ဟာ ဘ ကျွန်တော်မလုပ်ရဲဘူး။ ဖွားစွာက ကျွန်တော့်ကို ထုတိုင်း လွဲလွဲနေလို့ဆို အားအားရှိတိုင်း နို့ဆီဗူးခွံထောင်ပြီး ခဲပေါက်ကျင့်နေတာ ကျွန်တော် တွေ့ထားတယ်"
"ဒီလိုဆို မင်းတို့လုပ် မုန့်ဖိုးတစ်ကျပ်ပေးမယ်"

ဘက သူပေးအပ်မည့်တာဝန်ကို ထမ်းဆောင်ရန် မုန့်ဖိုးနှင့် ကြိုတင်စည်းရုံးကာ ချက်စုနှင့်မျက်ပြူတို့ဘက်ကို မြှားဦးလှည့်လိုက်သည်။

"ကျွန်တော်တို့က ဘယ်လိုလုပ်ရမှာလဲ"
"လွယ်လွယ်လေး ညကျရင် သူဖျာပတ်ထားတဲ့ ဘူးသီး ဘယ်လောက်ရှိတယ်ဆိုတာ ကြိုးနဲ့ သွားတိုင်းကြ။ ဒီလို လုံးပတ်ရော။ ဒီလို အရှည်ရော"

* * *

"ဟင်"
ဖွားစွာမှာ ရုတ်တရက် အံ့အားသင့်သွားသည်။ တိုက်ပုံနှင့် ပုဆိုးကို ဝတ်ထားသော ဘူးသီးကြီးကို မြင်လိုက်ရ၍ ဖြစ်ပါသည်။ ဘူးသီးကြီးမှာ ဖွားစွာအား ပြောင်ပြနေသည့်နှယ်။ ဘူးသီးကိုကြည့်ရင်း

www.mmcybermedia.com/ typed byငွေခင်ဝေယံ/ created by lucky82

အလိုလိုဒေါသ ဖြစ်လာသည်။ သူ့အား သရော်လှောင်ပြောင် နေသည်သို့ ခံစားရသည်။ မကြည့်ဘဲလည်း မနေနိုင်။ ခဏ ခဏ ကြည့်ဖြစ်နေသည်။

ညရောက်သောအခါ ဘ၏ ပြူတင်းပေါက်မှ မီးရောင်သည် ဘူးသီးကြီးအား ဆလိုက်ထိုးထားသည့်နှယ်။ ထို့ကြောင့် ဖွားစွာ၏ ပြူတင်းတံခါးမှလည်း ဘူးသီးကြီးကို အထင်းသား မြင်နေရသည်။ ထို့ကြောင့် ဖွားစွာမှာ ဒေါသလှိုင်းတို့ တအိအိတက်လာပြီး စိတ်အနှောင့်အယှက် ဖြစ်နေရသောကြောင့် တော်တော်နှင့် အိပ်မပျော်။ ထိုစဉ် ဖွားစွာ၏ ခြံတွင်းသို့ ချက်စူနှင့်မျက်ပြဲတို့ ဝင်ရောက်လာကြရာ...
"ဟိုကလေးတွေ ဘာလုပ်မလို့ပါလိမ့်"

ဖွားစွာ ထထိုင်သည်။ ခုတင်အောက် ဆင်းသည်။
ကလေးများက သူတို့ယူလာသည့် ရေပုံးကြီးနှင့် ဘူးသီးကိုတိုင်းရန် ဘူးသီးနားချဉ်းကပ်ကြသည်။ ထိုစဉ် ဖွားစွာက ဂုတ်မှဖမ်းဆွဲကာ...
"ဟိတ်"
"အမေ့"
"အောင်မယ်လေး"
"မှန်မှန်ပြောစမ်း၊ မင်းတို့ဘာလာလုပ်တာလဲ။ ဘူးသီးခိုးမလို့ မဟုတ်လား"
"ဟိုဟို... ခိုးမလို့ မဟုတ်ပါဘူး။ ဘူးသီးတိုင်းဖို့ လာတာပါ"
"ဘာ"
"ဘူးသီးကို တိုင်းမလို့"
"ဘာကိစ္စ မင်းတို့က တိုင်းရမှာလဲ"
"ဘက ဖွားရဲ့ဘူးသီး ဘယ်လောက်ကြီးသလဲဆိုတာ သွားတိုင်းပေး။ တစ်ကျပ်ပေးမယ်ဆိုပြီး ခိုင်းလို့"
"ဩော် ဒီလိုကိုး"

ဖွားစွာသည် ခဏမျှ စဉ်းစားပြီး...
"မင်းတို့ ငါခိုင်းတာ လုပ်မပေးရင်တော့ အရပ်လူကြီးအိမ် ပို့ရမှာပဲ။ ဘယ်လိုလဲ အရပ်လူကြီးဆီ သွားမလား။ ငါခိုင်းတာ လုပ်မလား"
"လုပ်ပါ့မယ်"
"ကောင်းပြီ။ နက်ဖြန်မနက်မှာ ငါစောင့်ကြည့်နေမယ်။ မင်းတို့ ဟိုအဘိုးကြီးရဲ့ လုံချည်ကို ဆွဲချွတ်ပေးရမယ်"

ချက်စူနှင့်မျက်ပြဲက ပြိုင်တူ ခေါင်းငြိမ့်လိုက်သည်။

"ကဲ ဒါဖြင့်သွားတော့။ ရော့ မုန့်ဖိုးယူသွားဦး"
ချက်စူနှင့်မျက်ပြဲတို့ ထွက်သွား၍ အဝေးရောက်သည်ထိ ဖွားစွာက စောင့်ကြည့်နေလိုက်သည်။ ချက်စူနှင့်မျက်ပြဲမှာ...
"ဘကမေးရင် တို့ ဘယ်လိုဖြေမလဲ"
"ရမ်းပြောလိုက်ရမှာပဲ။ ဒီလောက်ရှိတယ်ဆိုပြီး"
"ဒါနဲ့ အဘွားကြီးက ဘာလို့အဘိုးကြီးလုံချည် ဆွဲချွတ်ဖို့ ခိုင်းတာလဲ"
"ဘယ်သိမလဲ။ မုန့်ဖိုးရပြီးပြီပဲ။ မနက်ကျတော့ သူလှမ်းကြည့်နေတဲ့အချိန် ဆွဲချွတ်ပြီး ပြေးကြတာပေါ့"

www.mmcybermedia.com/ typed by ငွေခင်ဟေဘ်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ညသည် တိတ်ဆိတ်နေ၏။

* * *

ကျေးငှက်သံတို့ အော်မြည်သံကြားရမှပင် ဖွားစွာနိုးလာသည်။ မျက်နှာကို ကပျာကယာသစ်ပြီး အိမ်နောက်ထွက်လိုက်၏။ ဘ၊ ဦးပွေလီ၊ ကိုစံပျော့နှင့် ကိုပါရာတို့ကို တွေ့ရသည်။ ဘူးသီးကြီးကို လှမ်းကြည့်လိုက်တော့ ပုဆိုးတိုက်ပုံနှင့် အခန့်သားရှိနေဆဲ။ ထိုအချိန်မှာပင် ချက်စုနှင့် မျက်ပြုက ရောက်လာသည်။

ဘတို့က...
"ဘယ်လိုလဲကွ"

ချက်စုနှင့်မျက်ပြုက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး လက်ထဲမှကြိုးကို လှမ်းပေးသည်။

"ဟောသလောက်ရှိတယ်"

မျက်ပြု လုပ်ပြသော ကြိုးကွင်းက တော်တော်ကြီးနေသည်။
ဘနှင့်ဦးပွေလီက မျက်ပြုလုပ်ပြသော ကြိုးကွင်းကိုကြည့်ပြီး...
"ကလေးတွေ ဘူးသီးနဲ့ ဘူးစင်များ မှားပြီးတိုင်းလာသလား ဟဲ့ ဟဲ့ အလိုလေး"

ချက်စုနှင့်မျက်ပြုက ဘ၏ပုဆိုးကို ဆွဲချွတ်လိုက်ကြသောကြောင့် ဖြစ်ပါသည်။ လှမ်းကြည့်နေသော ဖွားစွာသည်ပင် အံ့အားသင့်သွားသည်။ ဖွားစွာခိုင်းလိုက်သည်က ဘူးသီးမှ ဘ၏ပုဆိုးကို ဆွဲချွတ်ရန်ဖြစ်ပါသည်။ ယခုမူ ကလေးတွေက ဝတ်ထားသော ပုဆိုးကို ဆွဲချွတ်ကြသည်။ ပြဿနာ။ ဖွားစွာ ကပျာကယာ အိမ်ထဲ လှည့်ဝင်လိုက်သည်။ ချက်စုနှင့်မျက်ပြုကလည်း ပုဆိုးကို ဆွဲချွတ်ပြီးသည်နှင့် လှည့်ထွက်ပြေးတော့၏။ သို့သော် သူတို့ထက် အပြေးသန်သော ကိုပါရာက နှစ်ယောက်လုံးကို ဖမ်းလိုက်နိုင်ပါသည်။

"ကဲ ပြောစမ်း မင်းတို့ ဘာလို့ ဘရဲ့လုံချည်ကို ဆွဲချွတ်ရတာလဲ"
"ဟို ဟို ဖွားစွာက အချွတ်ခိုင်းတာ"
"ဟေ"

ဘတို့အားလုံး အံ့အားသင့်သွားကြသည်။ ချက်စုနှင့်မျက်ပြုမှာ လွှတ်ပေးလိုက်သည်နှင့် တရှိန်ထိုး ထွက်ပြေးကြတော့သည်။ ဘသည် ဦးပွေလီဘက်လှည့်ကာ...
"ဦးပွေလီ"
"ဗျာ"
"ဒီကိစ္စကိုမှန်အောင် တွေးနိုင်ရင်၊ တွေးခေါ်ပညာရှင် ဆရာကြီး ဘာထရန်ရပ်ဆဲလ် မရှိတဲ့နောက်မှာ ခင်ဗျားဟာ ဘာထရန်ပွေလီဆိုပြီး နာမည်ကြီးသွားနိုင်တယ်။ ပြောစမ်းပါဦး ခင်ဗျားရဲ့အထင်"

www.mmcybermedia.com/ typed by ငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ဒီကိစ္စက အပြောရခက်တယ်ဗျ။ ကျုပ်ပြောလိုက်တဲ့ စကားတစ်ခွန်းဟာ ကျုပ်ကိုပြန်ပြီး အသရေဖျက်မှုနဲ့ တရားစွဲခံရနိုင်တယ်"
"အမျှော်အမြင် ကြီးပါပေတယ်"
"ဒီတော့ ခုလိုဖြစ်အောင် ဖန်တီးစေခဲ့တဲ့ ကာရက်ရှင်မှပဲ သူ့ရဲ့ရည်ရွယ်ချက် အစစ်အမှန်ကို သိမယ်။ သူ့ကို တိုက်ရိုက်သွားမေးလိုက်တာဟာ အကောင်းဆုံးပဲ။ ကလေးတွေကို မုန့်ဖိုးပေးပြီး ပုဆိုးကို ဆွဲအချွတ်ခိုင်းတာ ဘာသဘောလဲလို့"

သို့ဖြင့် ဘတို့အဖွဲ့သည် ဖွားစွာ၏ အိမ်ဘက်သို့ ချီတက်ခဲ့ပါလေပြီ။ အိမ်ပေါက်ဝသို့ရောက်သော်...
"မဖွားစွာ"
ဖွားစွာက တံခါးဝမှာလာရပ်ပြီး...
"ဘာလဲ"
"ဘာလဲ မလုပ်ပါနဲ့။ ခုမှ မသိချင်ယောင်ဆောင်နေလို့ အပိုပဲ။ မင်း ကလေးတွေကို မုန့်ဖိုးပေးပြီး ငါ့လုံချည်ဆွဲအချွတ်ခိုင်းတာ ဘာသဘောလဲ"

ဖွားစွာ ဘာဖြေရမှန်း မသိ။

"ဖြေပါ ဖြေပါ ခုလိုပြေပြေလည်လည် မေးနေတာကို မဖြေရင် သက်ဆိုင်ရာကနေ ခေါ်မေးရလိမ့်မယ်"
"ဟုတ်တယ် ရုံးရောက် ဂတ်ရောက်ဆိုရင် ဒါ အသရေဖျက်မှုပဲ။ ပုဒ်မ ငါးရာ။ တစ်ပုဒ်မ တစ်ကျပ်နှုန်း ဒဏ်တပ်ဦးတော့ မင်း ငွေငါးရာလည်းကုန်မယ်။ အရှက်တကွဲလည်း ဖြစ်မယ်"
"ဒီမှာ ဒေါ်ဖွားစွာ ခုကိစ္စမှာ ဘကိုအရပ်က အကြည်ညိုပျက်အောင် လုပ်တာလည်း ဖြစ်နိုင်တယ်။ ဘမှာ ဘောင်းဘီတို ပါလို့သာပေါ့"
"ကံကောင်းလို့ အရပ်ကို ခြိမ်းခြောက်မှုမဖြစ်တာ"

ဖွားစွာမှာ မည်သို့ဖြေရှင်းရမှန်း မသိ၍ ခပ်တည်တည်နှင့် ပြန်ဟောက်ရန် စိတ်ကူးလိုက်ပြီး...
"တော်တို့ ခု ကျုပ်ခြံထဲကထွက်သွားပါ။ ကျုပ်ကို ခွင့်မတောင်းဘဲ ကျူးကျော်ဝင်ရောက်လာတာကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲလို့ရတယ်"
"ဟေ"
"ရိုးရိုးသားသားဆိုရင် ခုလိုခိုးကြောင်ခိုးဝှက်လာဖို့ မလိုဘူး။ အိမ်ရှေ့ကနေ လာခေါ်ပေါ့။ တော်တို့မှာ အကြံတစ်ခုခုရှိလို့သာ ခုလို နောက်ဖေးကနေ ဝင်လာတာ။ မိန်းမသား နှစ်ယောက်တည်းနေတဲ့ အိမ်ကို နောက်ဖေးပေါက်က ခွင့်မတောင်းဘဲ ဝင်လာတာကိုက မရိုးသားတာပဲ"

ဖွားစွာက ခါးထောက်ပြီး ခပ်တည်တည်နှင့် ဟောက်သည်။ ဦးစံဗျောက...
"ကိုပွေလီ"
"ဗျာ"
"ပိုင်နက်ကျူးလွန်မှုက ဘယ်လောက်လဲ"
"မပြောတတ်ဘူး"

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ပိုင်နက်ကျူးလွန်တဲ့အပြင် အမျိုးသမီးနှစ်ယောက်တည်း နေတဲ့အိမ်ကို ဝင်ရောက်တာဆိုတော့ အသရေဖျက်မှုပါ ဖြစ်နိုင်တယ်ဗျ။ ပိုင်နက်ကျူးလွန်မှုက ကျုပ်တို့ရှုံးရမယ့်အမှု။ အေးအေးဆေးဆေး လှည့်ပြန်ရအောင်လား"
"ကောင်းသားပဲ"
"ဘာ"
"ဘယ်လိုလဲ"
"ခင်ဗျားလုံချည်ကျွတ်ချိန်က ဘယ်သူမှလည်း မမြင်ပါဘူးဗျာ။ ပြန်ကြပါစို့"
"ပြန်လေ။ နှုတ်တော့ဆက်လိုက်ကြပါဦးစို့။ မစ္စာ ပြန်မယ်နော်။ နောက်တော့ ကလေးတွေ မခိုင်းပါနဲ့။ အလကား ပိုက်ဆံကုန်တယ်"
"တော် ဘာစကားပြောတာလဲ"

ဖွားစွာအိမ်ထဲ လှည့်ဝင်၍ တစ်စုံတစ်ခု ယူမှန်းသိသော ဘနင့်ကိုပါရမှာ ရှေ့ဆုံးမှ ပြေးကြပါလေပြီ။ အပြေးနောက်ကျသောကြောင့် ခရမ်းချဉ်သီးတစ်လုံးက ဦးစံဗျော၏ ကျောပြင်ကို ထိမှန်လေရာ...
"ဖျစ်"
"လက်သံပြောင်သဟ"

* * *

ထိုသို့ဖြစ်ပြီးနောက်မှာ ဖွားစွာက ပိုမို၍ တင်းကျပ်လာပါသည်။ မဖြူကို အနီးကပ်စောင့်ကြည့်သည်။ ကျော်မင်းဟန်နောက် ခိုးရာလိုက်ပြေးမည်ကို စိုးသောကြောင့်ဖြစ်ပါသည်။ သစ်သီးဝလံပြိုင်ပွဲ နီးလာလေ သူတို့ရင်တုန်ရလေ။ မည်သူပင်နိုင်နိုင် ဝေးရမည့်အဖြစ်။ နှစ်ယောက်လုံး ရှုံးလျှင်တော့ ကြံဖန်ပြော၍ နီးစပ်ရန် ဖန်တီးနိုင်ဦးမည်။ လူငယ်တွေမှာ သူတို့အတွေးနှင့်သူတို့ ရင်တုန်နေကြသည့်နယ် လူကြီးတွေမှာလည်း သူတို့အရေး သူတို့တွေးကာ ရင်တုန်နေကြသည်သာ။

"ကိုစံဗျော"
"ဘာလဲ"
"ကျုပ် ရင်တွေ တုန်တယ်ဗျာ"
"တော်သေးတာပေါ့ဗျာ တခြားဟာတုန်ရင် ဒုက္ခ"
"ဘာလဲဗျ"
"လက်ပြောတာပါဗျာ။ ရေသောက်ရအခက်၊ မျက်နှာသစ်ရ အခက်"

ထိုစဉ် ဦးပွေလီရောက်လာပြီး...
"ပြိုင်ပွဲရက် ကြေငြာလိုက်ပြီ"

* * *

"ဘယ်သူမှ ဆုမရပါစေနဲ့"
ကျော်မင်းဟန်နှင့်မဖြူတို့က ပြိုင်တူ ဆုတောင်းသည်။ ပြိုင်ပွဲတွင် ဆုကြေငြာပါတော့မည်။

"ကိုစံဗျော"

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ဘာလဲ"
"သွေးဆေးများ မပါဘူးလား"
"ရင်တုန်နေပြီလား"
"မဖွားစွာ သွားတိုက်ချင်လို့ပါ။ ကျုပ်ပရိသတ်မေးကြည့်တယ်။ ဆယ်ယောက်မှာ ရှစ်ယောက်က ကျုပ်ရဲ့ဘူးသီးကို နိုင်မယ်ပြောတယ်"
"ချင့်ယုံပေါ့ဗျာ။ မဖွားစွာ လိုက်မေးတော့လည်း ဆယ်ယောက်မှာ ကိုးယောက်က သူ့ဘူးသီးနိုင်မယ်လို့ ပြောသတဲ့"
"အင်"

သို့ဖြင့် ဒိုင်လူကြီးများ၏ ဆုကြေငြာသံကို စောင့်ရတော့သည်။
"အဟမ်း အဟမ်း"
"ကြေငြာတော့မယ်"
"သစ်သီးဝလံပြိုင်ပွဲမှာ ပထမဆုရတာကတော့ ဘရဲ့ဘူးသီး..."
ဟေးကနဲ အသံကြီး ဆူညံသွားသည်။

"နဲ့... ဖွားစွာရဲ့ဘူးသီးတို့ ပူးတွဲရရှိသွားပါတယ်။ အမှတ်ချင်း တူနေတဲ့အတွက် ပူးတွဲပေးလိုက်ရခြင်း ဖြစ်ပါတယ်"

* * *

ကျော်မင်းဟန်နှင့် မဖြူတို့ အပြုံးမှာ ကြည်လင်လန်းဆန်းလျက် ရှိပါသည်။

မဖြစ်နိုင်ဟု ယူဆရသော ကိစ္စပေါင်းများစွာသည် ဖြစ်သွားတတ်သော သဘောရှိသည်တွင် ထိုဖြစ်ရပ်ကလေးလည်း ပါပါသည်။

(မေ-၂၀၀၅၊ ကလျာ။)

* * * * * *

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

## ချစ်ပင်လယ်

"မယူရဘူး"
"မယူရဘူး"
ဘ၏ ကျယ်လောင်စွာ အော်လိုက်သော အသံသည် "သီရိဂေဟာ"အတွင်း လွှမ်းမိုးသွားပါသည်။ ကျော်မင်းဟန်က ငေးငေါင်ကာ ထိုင်နေ၏။ ကိုပါရာကမူ "မအောင့်နိုင်တော့ဘူး" ဆိုသည့် မျက်နှာပေးနှင့်။ ဘသည် ကိုပါရာ၏ ရှေ့မှာရပ်လိုက်ပြီး...
"အလုပ်မရှိ အကိုင်မရှိနဲ့ မိန်းမယူချင်လို့ ဖြစ်မလားကွ"
"ဖြစ်တာပေ့ါ"
"ဘာ ဖြစ်တာပေ့ါလဲ။ အလုပ်ကိုတော့ လက်ကြောတင်းအောင် မလုပ်ချင်ဘူး။ မင်းတို့ယူမယ့် မိန်းမ ဘယ်လိုလုပ်ကျွေးမှာလဲ"

ကျော်မင်းဟန်က မျက်စောင်းထိုးကြည့်ပြီး...
"ဘက ကျွေးထားမှာပဲဟာ"
"ဟ ငါက ကျွေးထားမယ် စိတ်ကူးမှတော့ ငါ့ဟာငါ ယူမှာပေ့ါ။ ဒီမှာ မိဘဝတ္တရားထဲမှာ သင့်တော်ရာနဲ့ အိမ်ထောင်ပြုပေးဖို့ပဲ ပါတယ်။ မင်းတို့ယူမယ့်မိန်းမ လုပ်ကျွေးဖို့မပါဘူး။ လုပ်ကျွေးရမှာက ယူတဲ့လူရဲ့ ဝတ္တရား"
"အဲသလို ခွဲခြမ်း ခွဲခြမ်း မပြောပါနဲ့။ မိဘဝတ္တရားထဲမှာသာ ချွေးမကို လုပ်ကျွေးဖို့မပါတာ။ အဘိုး ဝတ္တရားထဲမှာတော့ ပါချင်ပါမှာပေ့ါ"
"ထင်ကြေးနဲ့ပြောတာ တရားမဝင်ဘူး ငါ့လူ"
"အကိုးအကား ရှာနေတုန်း"
"ရှာတွေ့ရင်ပြော။ အကိုးအကား မတွေ့ခင်တော့ မယူနဲ့ဦး"
"ယူထားပြီးမှ အကိုးအကားကို ဆက်ရှာမယ်လေ"

ဘသည် မကျေမချမ်းနှင့် တံခါးချောင်မှ တုတ်ကောက်ကိုဆွဲပြီး...
"အေး မင်းတို့က ငါ့စကားနားမထောင်ဘဲ ထင်ရာလုပ်မယ်ဆိုရင် ငါကလည်း ထင်ရာလုပ်ရလိမ့်မယ်"

ဘက မခြိမ်းခြောက်စဖူး ခြိမ်းခြောက်လိုက်သည်။

"ထွီ... မြေးအဘိုးလေး သုံးယောက် ပျော်ပျော်ပါးပါး အေးအေးချမ်းချမ်း မနေချင်တဲ့ကောင်တွေ။ ဟေ့ မင်းတို့က သီးခြားအပျော်ရှာရင် ငါကလည်း သီးခြားအပျော်ရှာလိုက်ရုံပဲ"

ဘသည် တိုက်ရှေ့သို့ ထွက်သွားကာ ကားနောက်ခန်းထဲမှာ တုတ်ကောက်ကို ပစ်တင်လိုက်ပြီး ကားကို မောင်းထွက်ခဲ့သည်။ ဘ၏တိုက်မှာ မြို့သစ်တွင်ရှိပြီး မန္တလေးမြို့ပေါ်မှာ တိုက်သုံးလုံးကို ပိုင်ဆိုင်ပါသေးသည်။ ထိုတိုက်များကို အငှားထားပြီး ထိုတိုက်လခများဖြင့် စားသောက်နေခြင်း ဖြစ်သည်။ ကျော်မင်းဟန်နှင့် ကိုပါရာတို့အတွက် ရည်ရွယ်ကာ တံခွန်တိုင်တွင် ငါးမွေးမြူရေးကို လုပ်ထားသော်လည်း ဘပဲသွားကြည့်နေရသည်။ မွေးမြူရေးကန်ကို စောင့်ရှောက်ပေးထားသည့် ဘ၏သူငယ်ချင်း ဦးပေတလုရှိ၍သာ တော်တော့သည်။ ဦးပေတလုနှင့်အတူ ဦးစံပျောက နေပေးသည်။ ငါးကန်မှ

www.mmcybermedia.com/ typed by ငွေခင်ဝေယာ်/ created by lucky82

တိုက်ကလေးတွင် ဘ စိတ်ရှုပ်သည့်အခါ ရောက်သွားပြီး နေကုန်နေခန်း နေတတ်သည်။ ဦးပေတလူ၏သားက လမ်းမတန်းတွင် ထမင်းဆိုင်ဖွင့်ထားသည်မို့ စားရေးသောက်ရေးက ပြေလည်ပါသည်။ အလုပ်မရှုပ်ပါ။

ဘက သူတို့ကို အလုပ်ကိုယ်စီနှင့် မြင်ချင်သည်။ ယခုမူ အလုပ်ကိုယ်စီနှင့် မမြင်ရဘဲ မိန်းမကိုယ်စီနှင့် မြင်ရမလိုဖြစ်နေပြီ။ ကျော်မင်းဟန်က မိန်းမသွားခိုးရန် ကိုပါရာနှင့် တိုင်ပင်နေသည်ကို ဘက ကြားပြီး ယခုကဲ့သို့ အော်ရဟစ်ရ တားရ ဖြစ်ခဲ့ရခြင်းပါ။

* * *

ထိုအချိန် ကျော်မင်းဟန်နှင့် ကိုပါရာလည်း ဆွေးနွေးနေရပါပြီ။ ကျော်မင်းဟန်က…

"ကဲ ဘယ်လိုသဘောရသလဲ ကိုကို"

"ဟ ချိန်းပြီးမှတော့ သွားခေါ်ရမှာပေါ့။ အားလုံးလည်း စီစဉ်ပြီးနေပြီပဲဟာ"

"ဘာနဲ့ သွားခေါ်မှာလဲ"

"ဒီမယ် ဘတိုက်ပုံအိပ်ထဲက စူပါစလွန်းသော ငါနှိုက်ထားလိုက်တယ်။ ကိုယ့်ဘက်က ခိုးရမယ့် အခြေအနေထိ ဆုံးဖြတ်ရတော့မယ်ဆိုရင် ခိုးသာခိုး၊ ရော့ ဒါက အောင်ပင်လယ်က တိုက်သော့"

ကိုပါရာက သော့များကို ကျော်မင်းဟန်ထံ ပစ်ပေးလိုက်၏။

* * *

ဘ၏အမူအယာကို မြင်သည်နှင့် ဦးပေတလူနှင့် ဦးစံပျောတို့က သိပါသည်။ ဘတစ်ယောက် သူ့မြေးတွေကို အလိုမကျဖြစ်ခါ ထွက်လာခဲ့မှန်း။ ဘက သူ့ထုံးစံအတိုင်း…

"မကျေနပ်ဘူးဗျာ။ လုံးဝမကျေနပ်ဘူး ဒီကိစ္စကိုတော့ အလိုမလိုက်နိုင်ဘူး။ အလုပ်မလုပ်ချင်ဘဲ မိန်းမယူချင်လို့ ဖြစ်မလားဗျာ။ ကျုပ်က လိုက်တောင်းမပေးတော့ ခိုးပြေးကြမယ်တဲ့လေ။ ဒါကြောင့် ကားသော့ယူပြီး ထွက်လာတာ။ ဒီမယ် အဲ အဲ ဟိုကောင်တွေ နှိုက်ထားလိုက်ပြီနဲ့တူတယ်"

"ကဲပါဗျာ အဲဒီကိစ္စကို မေ့မေ့ပျောက်ပျောက် ထားလိုက်စမ်းပါ။ ကိုယ်က ပူနေလို့လည်း ဖြေရှင်းပြီး ဖြစ်သွားမှာမှ မဟုတ်ဘဲ။ သူ့သဘောသူဆောင်ပြီး သူ့ဟာသူ ပြေလည်သွားမှာပဲ။ ကဲ ကျုပ်တို့နဲ့ လိုက်ခဲ့မလား"

"ဘယ်လဲ"

"မန္တလေးတောင် သွားတက်ကြမလို့။ လိုက်တက်နိုင်ပါ့မလား"

"အထင်သေးလိုက်တာဗျာ"

ဦးပေတလူနှင့် ဦးစံပျောမှာ တံခွန်တိုင်မှနေ၍ ဦးပိန်တံတားဆီသို့ အမြဲလမ်းလျှောက်နေကျဖြစ်သလို ဘမှာ ငယ်စဉ်က ဘောလုံးကန်ခဲ့ပြီး အသက်ကြီးတော့လည်း ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်တွေချည်း ဖြစ်ပါသည်။

* * *

ကျော်မင်းဟန်သည် 'ပြင်ဦးလွင်မှ ကြိုဆိုပါ၏' ကို မြင်ကတည်းက ရင်တွေခုန်နေသည်။ သူတို့ဆုံနေကျ လက်ဖက်ရည်ဆိုင်လေးသို့ ရောက်သောအခါ အသင့်ထိုင်စောင့်နေသော ချယ်ရီကို တွေ့လိုက်ရသည်။ ကျော်မင်းဟန် ဝင်ထိုင်မိသည်နှင့် ချယ်ရီ၏ဘေးမှာ ထိုင်နေသော သူငယ်ချင်းက…

www.mmcybermedia.com/ typed by ငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ချယ်ရီ ငါပြန်တော့မယ် နင်ပျောက်သွားတာနဲ့ ဒေါ်လေးတို့က ငါ့ဆီ အရင်ဆုံးရောက်လာမှာ။ ငါ ရှိနေမှ ဖြစ်မှာ။ ဆိုင်ကို သွားတော့မယ်"

ချယ်ရီက ခေါင်းငြိမ့်ပြလိုက်သည်။ ကျော်မင်းဟန်က...
"ကဲ ပြောပြပါဦး၊ လာခိုးဖို့ခေါ်ရတဲ့ အကြောင်းလေး သိရအောင်လို့။ ဒါမှ မောင်တို့ ဘယ်လောက်ဝေးဝေး ပြေးရမယ်ဆိုတာ မှန်းဆလို့ရမှာ"

ကျော်မင်းဟန်က ချယ်ရီ၏လက်ဖျားကို ဆုပ်ကိုင်ထားလိုက်သည်။

"အိမ်က သဘောတူထားတဲ့သူ ရှိတယ် မောင်။ သူက နိုင်ငံခြားသွား အလုပ်လုပ်နေတာ။ ခု ဒီပြန်ရောက်နေပြီ။ အဲဒါ ချယ်ရီက ဆက်ဆံတဲ့ပုံစံ တစ်မျိုးဖြစ်နေတယ်ဆိုပြီး မေမေတို့က သံသယဝင်လာတော့ ချယ်ရီ့အခန်း ဝင်မွှေတာ။ မောင့်ဆီက စာတွေ မိကုန်ရော။ ဒီတော့ သူတို့ သဘောတူတဲ့သူနဲ့ အမြန်ဆုံး လက်ထပ်ပေးဖို့ စီစဉ်နေကြပြီ မောင်။ အခြေအနေကို စောင့်ကြည့်မယ်ဆို နေလိုက်ရင် ချယ်ရီတို့ဝေးရလိမ့်မယ် မောင်"

တစ်ယောက်မျက်နှာ တစ်ယောက် စူးစိုက်၍ ကြည့်လိုက်ကြသည်။

* * *

ထိုအချိန် ဘမှာ ဦးပေတလူ၊ ဦးစံပျောတို့နှင့်အတူ မန္တလေးတောင်ပေါ် သို့ တက်လျက်ရှိပါသည်။

"ဗျို့ မောလိုက်တာ ခြေမကချေးတောင် နဖူးတက်မှန်တယ်"
"နဖူးကချေး ခြေမထိကျတယ်လို့သာ ကြားဖူးပါတယ်ဗျာ"
"ခုဟာက ခြေထောက်ကို အားယူပြီး မြောက်မြောက်တက်နေရလို့ ခြေမကချေး နဖူးတက်မှန်တာဗျ"
"အားမလျှော့နဲ့ဗျို့ တစ်ဝက်ကျိုးနေပြီ"
"အားတော့ မလျှော့ပါဘူး။ ခဏတော့ နားရအောင်လား။ ရှေ့အဆင့်မှာ အအေးဆိုင်ရှိတယ်"
"ဘယ်လောက်ကြာကြာ နားမှာလဲ"
"တစ်လတန်သည်၊ နှစ်လတန်သည်"
"အင်း မန္တလေးတောင်ကို နှစ်ရှည်စီမံကိန်းနဲ့ တက်မယ့်သဘောရှိတယ်"

ဘတို့အဖွဲ့ အအေးဆိုင်မှာ ဝင်ထိုင်လိုက်တော့...
"အဘတို့ ဘာသောက်မလဲရှင်"
"သံပုရာရည် သုံးခွက်ပေး၊ မချိုစေနဲ့နော်"
"ဟုတ်ကဲ့"

မိန်းကလေးက သံပုရာရည် သွားဖျော်သည်။ ဦးစံပျောက...
"ကျုပ်ငယ်ငယ်က ဒီတောင်ပေါ် ခဏခဏ ရောက်တာပေါ့"
"ကျန်းမာရေးအတွက်လား"
"ဟင့်အင်း တောင်ပေါ်မှာ အအေးရောင်းတဲ့ ကောင်မလေးတစ်ယောက်ကို သဘောကျလို့"

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ဘတို့စကားကြောင့် ကောင်မလေးက မျက်စောင်းထိုးကြည့်၏။

"မန္တလေးတောင် စိမ်းလန်းရေးမှာ တတပ်တအား မပါဝင်ခဲ့ပေမယ့် စိုပြေရေးမှာ ပါဝင်ခဲ့တဲ့ သဘောပေ့ါလေ။ ဒါနဲ့ အဲဒီကောင်မလေး အအေးရောင်းတာက ဘယ်အဆင့်မှာလဲ"
"နေပါဦး စဉ်းစားကြည့်လိုက်ပါဦးမယ်။ အဲ အဲ ဒီအဆင့်မှာပဲ။ အဲဒီကလေးမလေးလို ရုပ်မျိုးလေးပဲဗျ"

ကလေးမလေးက အအေးခွက်များ လာချပေးသည်။

"နာမည်ရော မှတ်မိသေးသလား"
"နေဦး... နေဦး"
"နာမည်လေးက ရိုးရိုးလေးနဲ့ဆန်းတာပါလား။ နေဦး ဆိုတော့"
"ဟာဗျာ စဉ်းစားနေသေးလို့ နေဦးလို့ပြောတာဗျ။ အဲ သတိရပြီ။ သူ့နာမည်က စိန်မှုန်တဲ့"
"ဟုတ်လား"

ကလေးမလေးက မျက်စောင်းထိုးကြည့်ပြန်သည်။ ဘက...
"ငါ့မြေးရေ ဒီအဆင့်မှာ ဈေးရောင်းဖူးတဲ့ ဒေါ်စိန်မှုန်ဆိုတာများ သိသလား"
"ဟုတ်ကဲ့ သိပါတယ်။ သမီးတို့အဖွားပဲ"
"အင်"

* * *

ချယ်ရီ၏သူငယ်ချင်း နွယ်ဝါသည် အဝေးကပင် သူ့ဆိုင်ရှေ့မှာ ရပ်ထားသော ချယ်ရီတို့အိမ်မှ ကားကို တွေ့လိုက်ရသည်။ သူ ခြေတစ်လှမ်း နောက်ကျသွားလေပြီ။ နွယ်ဝါ၏မေမေသည် ချယ်ရီနှင့်သူ နှစ်ယောက်အတူ ထွက်သွားကြသည်ကို ပြောပြနှင့်ပြီ ဖြစ်မည်မှာ မလွဲပါ။ နွယ်ဝါ သက်ပြင်းရှည် ချလိုက်မိသည်။

* * *

"နှစ်ဦးသဘောတူ လာရောက်လက်ထပ်တာ ဟုတ်ရဲ့လား"
"ဟုတ်ပါတယ်"
"ကောင်လေးက ဖြားယောင်းသွေးဆောင်တာမျိုး၊ အနိုင်ကျင့် ခြိမ်းခြောက်တာမျိုး ရှိသလား"
"မရှိပါဘူး ကျွန်မကိုလာခေါ်ဖို့ ကျွန်မကိုယ်တိုင် စာရေးပြီး ခေါ်လိုက်တာပါ"

ကျော်မင်းဟန်နှင့် ချယ်ရီသည် တရားရုံးတွင် နှစ်ဦးသဘောတူ လက်ထပ်စာချုပ်မှာ လက်မှတ်ရေးထိုးလိုက်ကြပါပြီ။

* * *

ဘတို့အဖွဲ့သည် ဦးခန္တီဇရပ် အထက်ဆင့်သို့ရောက်သောအခါ နိမိတ်ကြီးလေးပါး သရုပ်ပြပုံများကို တွေ့ရသည်။

"ကိုပေတလူ ခင်ဗျား အဲဒီအထဲ ဝင်ရပ်နေပါလား"

www.mmcybermedia.com/ typed by ငွေခင်ယောဉ်/ created by lucky82

"ဒါ နိမိတ်ကြီးလေးပါးလေ။ ကွက်တိပဲဟာကို"
"ဒီနေ့ လူငယ်တွေအတွက်တော့ ခင်ဗျားကို သူတို့နဲ့အပြိုင် ဝတ်နေတဲ့ သူငယ်ပြန် အဘိုးကြီးကို တွေ့ရရင်လည်း တရားကျနိုင်တာပဲဗျ။ သူအို သူနာ သူငယ်ပြန် ဆိုပြီး"

သို့နှယ် ဘတို့အဖွဲ့မှာ စရင်း နောက်ရင်း မြွေကြီးနှစ်ကောင်ထိ ရောက်ခဲ့ကြပါလေပြီ။ မြွေကြီးနှစ်ကောင်သို့ ရောက်သောအခါ ဓာတ်ပုံဆရာလေးက ရောက်လာပြီး...
"အဘတို့ ဓာတ်ပုံရိုက်ပါလား။ မြွေကြီးနှစ်ကောင်နဲ့ အမှတ်တရပေါ့။ ဒါ အထက်ဆုံးဆင့်ပဲ"

ဦးစံဖျော့က ဓာတ်ပုံဆရာလေးကို ကြည့်လိုက်ပြီး...
"တော်ပါပြီကွာ။ တို့နဲ့ဆို မြွေကြီးငါးကောင် ဖြစ်သွားပါလိမ့်မယ်"

* * *

ဦးသော်တာနှင့် ဒေါ်အင်ကြင်းတို့ ကားလေးသည် တရားရုံးခြံဝိုင်းအတွင်းသို့ ဝင်လာပြီး လျှောက်လွှာစာရေးများ ရှိရာနေရာမှာ ရပ်လိုက်သည်။

"ငါ့တူရေ ဒီနေ့မနက် လက်ထပ်စာချုပ် လာဝယ်တဲ့ ကောင်လေး ကောင်မလေးများရှိသလား"
"ရှိတယ်ခင်ဗျ။ ကျွန်တော်တောင် သက်သေလိုက်ပေးခဲ့သေးတယ်။ သူတို့လက်ထပ်ပြီး ထွက်သွားကြတာ နာရီဝက်လောက်တော့ ရှိပြီ"
"ကောင်မလေးနာမည် မှတ်မိသလား"
"ချယ်ရီတဲ့ ပန်းနာမည်ဖြစ်နေလို့ သတိထားလိုက်မိတာပါ"

ဦးသော်တာ ငိုင်သွားသည်။ ဒေါ်အင်ကြင်းက...
"ဘာငိုင်နေတာလဲ လိုက်ကြမယ်လေ။ မန္တလေးက ကောင်လေးနဲ့ လိုက်ပြေးတာပဲ ဖြစ်ရမယ်။ မန္တလေးက ကောင်လေးလိပ်စာ ကျုပ်ဆီပါတယ်"

* * *

ဘသည် အပေါ်ဆုံးအဆင့်မှ အနောက်ဖက်မျက်နှာသို့ ရောက်သောအခါ အဝေးကြည့်မှန်ပြောင်းကြီးကို တွေ့ရ၍...
"တစ်ခါကြည့် ဘယ်လောက်လဲကွ"
"ငါးဆယ်ပါ အဘ"
"ဘယ်လောက်ဝေးဝေးထိ ပြတ်ပြတ်သားသား မြင်ရသလဲကွ"
"လကမ္ဘာပေါ်က လူသားခြေရာထိ မြင်ရမယ် ဘ"
"လူ့ခြေရာ ကြည့်ချင်မှတော့ ကိုယ့်အောက်ကိုယ် ငုံ့ကြည့်မှာပေါ့ကွ။ ဘာကိစ္စ ငါးဆယ်ပေးပြီး လကမ္ဘာထိ လှမ်းကြည့်ရမှာလဲ။ ဒါက နေ့ခင်းကွ၊ လလည်း ရှိတာမဟုတ်ဘူး"
"မှန်ပြောင်းရဲ့ဆွဲအားကို ပြောပြတာပါ ဘရဲ့"

ဦးစံဖျော့က...
"တာဝတိံသာ ကြည့်လို့ရော ရပ့်မလားကွာ"

www.mmcybermedia.com/ typed byဇွေဇင်ဟေသ်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"သုဇိတာ သနပ်ခါးလိမ်းနေတာပါ မြင်ရမယ်"
"ဒါဆို ရေချိုးချိန်မှ ကြည့်တော့မယ်"
"ငါလည်းကြည့်မယ်"

ဦးစံဗျောနှင့် ဦးသာ၀စကားကြောင့် မှန်ပြောင်းဘေးမှ ကောင်လေးမှာ ပြုံးစိစိဖြစ်သွားသည်။ ဘက...
"တာ၀တိံသာက ၀េးပါတယ်ကွာ။ ဒီအနားနီးနီး အမျိုးသမီးဘော်ဒါ မရှိဘူးလား။ ချိန်ပေးစမ်း ရော့ ငါးဆယ်"

မှန်ပြောင်းစောင့် ကောင်လေးက တောင်ခြေတစ်နေရာကို ချိန်ပေးလိုက်ပြီး ရပြီဟု ပြောကာ ဖယ်ပေးလိုက်သည်။ ဘက မှန်ပြောင်းထဲမှ လှမ်းကြည့်လိုက်ပြီး...
"ဟ အဘွားကြီးတွေပါလားကွ"
"ဘိုးဘွားရိပ်သာလေ"
"အင်း ငါက အသက်အရွယ် ကန့်သတ်ပြီး မပြောမိတာ မှားသွားတယ်။ အဲ အဲ ဟိုတစ်ယောက် လမ်းလျှောက်တာ လက်တစ်ဖက်တည်း ရမ်းပါလား မခင်စွာများလား"

ဘက ဦးသာ၀တို့ဘက် လှည့်လိုက်ပြီး...
"တောင်ပေါ်ထိ ကားယူခဲ့ရင် ကောင်းမှာ"
"အမြန်ရောက်ချင်လို့လား"
"အင်း"
"တောင်ခြေထိကားနဲ့ ဆင်းသွားမယ်လေ"

ဘ၊ ဦးသာ၀နှင့် ဦးစံဗျောတို့မှာ အဆင်းတွင် ကားငှား၍ ဆင်းသွားတော့၏။ တောင်ခြေရောက်မှ သူတို့ထားခဲ့သော ကားကိုယူကာ ဘိုးဘွားရိပ်သာသို့ ထွက်ခဲ့လေတော့သည်။

ရိပ်သာသို့ ရောက်သောအခါ...
"မခင်စွာ"
"ဟင်... ကိုငွေဘ"
"ဘာလာလုပ်တာလဲဟင် ဒီနေ့က မခင်စွာရဲ့မွေးနေ့ မဟုတ်လား"
"မှတ်မိသေးတယ်နော်"
"မှတ်မိတာပေါ့"
"မွေးနေ့မို့ ရိပ်သာလာပြီး တစ်နေ့စာ လှူတာလေ"
"ပြီးပြီလား"
"ပြီးပြီ။ ပြန်တော့မလို့ တူမတွေ လာခေါ်မယ်ဆိုလို့ စောင့်နေတာ"
"ကျုပ် လိုက်ပို့ပါရစေလား မခင်စွာ။ ပြောပြစရာတွေလည်း ရှိလို့ပါ။ ကိုသာ၀နဲ့ ကိုစံဗျော"
"ဟေ"
"ခင်ဗျားတို့ ဆင်းတော့"
"အပြောင်းအလဲကလည်း မြန်လှချည်လား"
"ကားငှားပြီး ပြန်နှင့်တော့ဗျာ"

* * *

MCM BOOKSHELF
www.mmcybermedia.com

ကျော်မင်းဟန်သည် ကားကို သတိနှင့် မောင်းနေသည်။ ချယ်ရီက ကျော်မင်းဟန်၏ပုခုံးပေါ် ခေါင်းမှီ၍ လိုက်လာသည်။

"မောင်"
"ပြော"
"မေမေတို့လက်မှာ မောင့်လိပ်စာ ရှိတယ်နော်။ လိုက်လာမှာ သေချာတယ်"
"မပူပါနဲ့ကွာ မောင်တို့နေရမယ့်နေရာ စီစဉ်ပြီးသားပါ"

တောင်ခြေရောက်တော့ အရှိန်က ပိုမြင့်သွားသည်။

* * *

ဘသည် ကားကိုမောင်းရင်းမှ...
"ကျုပ် ပြန်တွေ့ဖို့ အမြဲမျှော်လင့်ခဲ့တယ် မခင်စွာ။ ဖြူစင်သန့်ရှင်းတဲ့ သံယောဇဉ်နဲ့ တစ်ခါတရံ စကားလေးဘာလေး ပြောပြီး အေးအေးချမ်းချမ်း အနားယူရင်း ဆုံချင်တာပါ"
"ခု ကိုငွေဘ ဘယ်သူတွေနဲ့ နေလဲ"
"တူမက မွေးထားတဲ့ မြေးနှစ်ယောက်နဲ့ နေတယ်လေ။ လူပျိုကြီးပါဗျာ"

ဘနှင့်ဖွားစွာတို့၏ အပြုံးတွင် ငယ်ရုပ်ဆင်သွားသလိုလို။

"ဒါနဲ့ မခင်စွာကရော"
"တူမလေးနဲ့နေတာပါပဲ။ ကျွန်မရတဲ့ အမွေအားလုံး တူနဲ့တူမလေးကိုပဲ ခွဲပေးလိုက်တယ်လေ။ ဒါနဲ့ ခု ဘယ်သွားမလို့လဲ"
"အောင်ပင်လယ်က တိုက်ကလေးကို ပြချင်လို့ပါ။ ကျုပ်တို့ မနေဖြစ်ပေမယ့် ခုထိ အမြဲ ထိန်းသိမ်းထားတုန်းလေ။ အသက်ကြီးလာလို့ တည်ငြိမ်သွားပေမယ့် အိပ်မက်က နိုးထလို့ မရသေးဘူးဗျာ။ မခင်စွာကို ကျွန်တော့်အိပ်မက်ကလေး ပြရုံသက်သက်ပါ"

ဖွားစွာ သက်ပြင်းချမိသည်။ ကံမဆုံ မကြုံခဲ့ရသော သူတို့မှာ အိုကာမှပင် ပြန်ဆုံကြရသည်။ အလွယ်သသယ်ဖို့ အရွယ်တွေ မဟုတ်သော်လည်း သစ္စာတရားကိုတော့ သက်သေပြချင်သေးသည်။ နှစ်ကိုယ်တူနေဖို့ ရည်ရွယ်ကာ ဆောက်ခဲ့ပြီးကာမှ ဝေးခဲ့ရသောကြောင့် တိုက်ကလေးမှာ နေသူမဲ့ သခင်ဝေး ဖြစ်ခဲ့ရသည်။

"အဲဒီမှာ ကိုငွေဘ မနေဘူးလား"
"မနေရဲဘူးလေ။ အတိတ်ကို မမေ့ချင်ပေမယ့် အမြဲသတိပေးနေမယ့် နေရာကိုး။ ဘယ်သူ့ကိုမှလည်း ပေးမနေတော့ဘူး။ မြေးတွေကိုပဲ တစ်ပတ် နှစ်ခါလောက် လွှတ်ပြီး သန့်ရှင်းရေးလုပ် ပန်းပင်တွေ ရေလောင်းခိုင်းရတယ်။ အရပ်လူကြီးတွေကလည်း စောင့်ရှောက်ပေးကြပါတယ်"

ကားလေးသည် မှန်မှန်လေး ပြေးနေသည်။

* * *

www.mmcybermedia.com/ typed byငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ကိုပါရာ ကြုံဆုံရင်ဆိုင်ရမည့် ပြဿနာများကို စဉ်းစားရင်း ကျော်လွှားရမည့်နည်းကို ကြံတွေးမရ ဖြစ်နေသည်။ ထိုစဉ်မှာပင် ခြံတွင်းသို့ ကားတစ်စီးကွေ့ဝင်လာသည်။ ကားရပ်လိုက်သည်နှင့် ကမ္ဘာပေါ်တွင် မျက်နှာထား အတင်းဆုံးဟု ဆိုရမည့် ဒေါ်အင်ကြင်း ဆင်းလာသည်။ ကိုပါရာသည် ဝမ်းချိုင်းကို စိမ်ခေါ်၍ လက်ဝှေ့ထိုးလိုက်ရသည်ကမှ သက်သာလိမ့်ဦးမယ်ဟု တွေးမိသွားသည်။

* * *

ကျော်မင်းဟန် တံခါးဖွင့် ဝင်လိုက်သည်နှင့် ခြံထဲသို့ ကားတစ်စီး မောင်းဝင်လာပြီး ရပ်သည့်အသံကို ကြားလိုက်ရသည်။ လှည့်ကြည့်လိုက်တော့...

"ဟင် ဘ"

"အို ဖွား"

"မခင်စွာ အဲဒါကျုပ်မြေးလေ"

"အို ချယ်ရီကလည်း ကျွန်မမြေးပဲ။ ပြင်ဦးလွင်မှာနေတဲ့ တူကမွေးတာ"

ကျော်မင်းဟန်နှင့် ချယ်ရီက...

"ဘ ကျွန်တော်တို့ကို မခွဲပါနဲ့တော့။ ရုံးမှာလည်း လက်မှတ်ထိုးပြီးပါပြီ"

"ဖွား ဖေဖေလိုက်လာရင် ပြောပေးပါဦး"

ဘနှင့်ဖွားသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။

"မခင်စွာ"

"ကိုငွေဘ"

"ကလေးတွေကို စိတ်ချမ်းသာခွင့် ပေးလိုက်ကြရအောင်ဗျာ။ ကျုပ်တို့ကိုယ်စား ကျုပ်တို့ ကိုယ်ပွားလေးတွေပါဗျာ"

ထိုစဉ် ကားတစ်စီးက ခြံတွင်းသို့ မောင်းဝင်လာပါသည်။ ကိုပါရာက ရှေ့မှ မျက်နှာငယ်လေးနှင့် ဆင်းလာ၏။ နောက်မှဆင်းလာသော ဦးသော်တာနှင့် ဒေါ်အင်ကြင်းမှာ ဖွားစွာကို မြင်လိုက်ရသောအခါ...

"ဟင်"

"အို"

ဖွားစွာက...

"မင်းတို့ မျက်နှာတွေပြင်စမ်း။ ကိုယ့်သမီးလေးမင်္ဂလာကိစ္စ စကားပြောဖို့ လိုက်လာတာကိုများ ရန်သူကို ရင်ဆိုင်ရတော့မယ့် မျက်နှာမျိုးတွေနဲ့ သော်တာ"

"ခင်ဗျာ"

"ငါ့မြေး စိတ်ချမ်းသာတာပဲ မြင်ချင်တယ်နော်"

"ဟုတ်ကဲ့"

ကျော်မင်းဟန်နှင့် ချယ်ရီသည် တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်ရင်း ပြုံးလိုက်မိသည်။

* * * * * *

www.mmcybermedia.com/ typed byငွေခင်ဆွေ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

## ချစ်လိုက်တာ တုန်

နွေပျိုမက ပူအားကောင်းလှသည်။ အပျင်းဓာတ်ခံရှိသူတို့အတွက် ငြီးငွေ့မှုကို အားဖြည့်ပေးနေသလို။ ထို့ကြောင့်လည်း အလိုမကျမှုများက တိုးပွားနေပါသည်။ ဘ၊ ကိုပါရာနှင့် ကျော်မင်းဟန်တို့သည် အတွေးကိုယ်စီဖြင့် ငြိမ်သက်နေ၏။ ဘက ကျော်မင်းဟန်ကို မသိမသာ အကဲခတ်နေသည်။ ကိုပါရာက ဘကို သံသယမျက်လုံးဖြင့် ကြည့်၏။ ကျော်မင်းဟန်ကမူ ဘာကိုမျှ တွေးစရာမရှိ၍ ဘာတွေးရမှန်းမသိဖြစ်နေသော သူ၏အဖြစ်ကို သနားနေသလိုလို။

"ကျော်ကျော်"
ဘက ခေါ်လိုက်သည်။

"ဗျာ ဘ"
"မင်း ဘာတွေတွေးနေတာလဲ"
"ဘာတွေးရမလဲဆိုတာ တွေးနေတာ ဘ"
"မင်း အဲသလိုယောင်ချာချာ ဖြစ်နေလို့ မိန်းမယူဖို့ ပြောနေရတာပေ့ါ"
"ကိုပါရာ ပေးစားလိုက်"
"ဟ သူ့ကိုပေးစားရင် ငါကပဲ လုပ်ကျွေးနေရမှာပေ့ါ။ အဲသလို လုပ်ကျွေးရမယ်ဆိုမှတော့ အလကား သူ့ကို ပေးစားပ့ါမလား။ င့ါဟာငါ ယူမှာပေ့ါ"
"ကြည့် ကိုယ့်ဖဲ ကိုယ်ချိုး၊ ကိုယ့်ဟာကိုယ် ကလဖန်ထိုးပြီး ပုံတူကျအောင်လုပ်၊ တစ်ဝိုင်းလုံး ဒိုင်စားဖို့ ကြံစည်နေတာ"
"မင်းကို အဲဒါကြောင့် မပေးစားချင်တာ။ မင်းပါးစပ်က ထွက်လာတဲ့စကားကို နားထောင်ကြည့်လိုက်တာနဲ့ မင်းရဲ့ခေါင်းထဲမှာ အသုံးမကျတဲ့ အမှိုက်တွေပဲ ရှိတယ်ဆိုတာ သိသာတယ်။ ကဲ ကျော်ကျော် ပြော။ မင်းအတွက် ငါ မြင်ထားတယ်"
"အသက် (၇၀) ကျော်နဲ့ အသက် (၂၀) ကျော် ဘယ်လိုလုပ် အကြိုက်ချင်းတူနိုင်မှာလဲ အဘရာ"
"ဒီမှာ မောင်ပါရာ ငါဟာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေမှာသာ ခေတ်နောက်ကျန်ပြီး မျက်ခြေပြတ်ကောင်း ပြတ်ပါမယ်။ အလှအပကို ခံစားတဲ့နေရာမှာတော့ နှစ်စဉ်ထွက်နေတဲ့ ပြက္ခဒိန်တွေ၊ ပိုစတာတွေကိုကြည့်ပြီး ခေတ်ကို အမီလိုက်နေတာပါကွယ်။ အင်တာနေရှင်နယ် မျက်လုံး။ နယ်နမိတ် စည်းမခြားတဲ့ အလှတရားတွေနဲ့ ရှင်သန်နေတဲ့ ဘကွ။ ဒီမှာ င့ါမြေး ဘပေးစားတာ ယူ။ မင်း နောင်တမရစေရဘူး"

ကျော်မင်းဟန်မှာ ဆရာဝန်ဖြစ်ပါသည်။ ဆေးခန်းသေးသေးလေး ဖွင့်ထားသည်။ ဘ ခေါ်လာသော လူနာများကို အခမဲ့ ကုပေးနေရသည်က များပါသည်။ ကိုပါရာကလည်း သူ့မိတ်ဆွေများ၏ ကျန်းမာရေးကို တာဝန်ယူလိုက်သေးသည်။ ကျော်မင်းဟန်ကို ဆေးခန်းကြီးများမှာလည်း လုပ်ခွင့်မပြု။ နိုင်ငံခြားသို့လည်း ထွက်ခွင့်မပြု။ "မင်းတို့ တစ်သက်စားဖို့ ငါ ရှာပေးပြီးပြီ။ တတ်ထားတဲ့ပညာနဲ့ အတတ်နိုင်ဆုံး လူမှုရေးလေးတွေ လုပ်ပေးပြီး ပျော်တတ်အောင် ကြိုးစားစမ်းပါ" ဟူ၍သာ ပြောလေ့ရှိသည်။ ကျော်မင်းဟန်၏ ဆေးခန်းမှာ လူမှုရေးသိတတ်သော ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းလေးတစ်ခုနယ် နာမည်ကြီးပါသည်။ ဆေးထိုး၊ ဆေးပေး ဆေးကုပြီးသည်နှင့် ကျသင့်ဖိုးတော့ပြောသည်။ ပါသလောက်ပေး။ နောက်ရက်ဆက်လာဖို့ လိုပါက ဆေးဖိုးရှိရှိ၊ မရှိရှိ လာဖြစ်အောင် လာဖို့ခေါ်သည်။ သည်တော့

MCM BOOKSHELF
www.mmcybermedia.com

အချို့တတ်နိုင်သူတို့က ဆရာလေးစေတနာမှာ ကုသိုလ်ပါဝင်ပါရစေဆိုပြီး ကျသင့်ဆေးဖိုးငွေထက် ပိုပေးသွားသူများလည်း ရှိသည်။ ရိုးရိုးလေးနှင့် ပုံမှန်လေး လည်ပတ်နေသည်။ ဘာဟိတ်ဟန်မှ မပါ။ ကျော်မင်းဟန်ကိုယ်တိုင်ပင် ဘ သွင်းပေးထားသော ပုံစံမှာ ပျော်မွေ့နေပါပြီ။ လောဘမရှိ။ ငြိမ်းအေးဘိ။

သည်လို ကြည်နူးအေးချမ်းစွာ ဖွဲ့စည်းထားသော ဘတို့မြေးအဘိုးသုံးယောက်ကြားသို့ လွန်ခဲ့သည့် (၁၀) ရက်ခန့်မှစ၍ ကျော်မင်းဟန် မိန်းမယူရေးပြဿနာကို ဘက သယ်လာခြင်း ဖြစ်ပါသည်။

"ကိုစံပျော်ရဲ့ မြေးလေး တော်တော်လှတယ်ကွ။ သိမ်သိမ်မွေ့မွေ့ မွန်မွန်ရည်ရည်လေး။ ငါ မင်းအတွက် စိတ်ကူးရသွားတယ်။ မင်းကို အိမ်ထောင်ပြုပေးဖို့ ဝတ္တရား ငါ့မှာ ရှိနေသေးတယ်"
ဟူ၍ စခဲ့ခြင်းပါ။ ဘ၏ဆန္ဒက အရှိန်တက်လာပုံ မြန်ပါသည်။ "အိမ်ထောင်ပြုစေချင်တယ်" အဆင့်မှ "အိမ်ထောင်ပြုရမယ်" ဟူသော ညွှန်ကြားသည့်အဆင့်သို့ ချက်ချင်းတက်လှမ်းလာသည်။

"ငါ ပြောလို့ကတော့ စံပျော်ရော၊ မမယ်မရောက ငြင်းမှာ မဟုတ်ဘူး။ အဘိုးအဘွားက မငြင်းမှတော့ သော်တာနဲ့ အင်ကြင်းကလည်း ခေါင်းငြိမ့်ရမှာပဲ"

ဘ၏ဆန္ဒ လွန်ကဲနေမှုကို ကျော်မင်းဟန်မှာ အလိုမလိုက်ရဲပါ။ သူလည်း မမြင်ဘူး၊ အပြန်အလှန် ချစ်နိုင် မချစ်နိုင် မသေချာ။ မေတ္တာမပါသည့် အိမ်ထောင်ရေးကို ထူထောင်ရန်မှာ မလွယ်လှပါ။ ဘက ကျော်မင်းဟန်၏ ပုခုံးကို ပုတ်လိုက်ပြီး...
"ဘယ်လိုလဲ"
"မယူချင်ပါဘူးဆိုမှ... ဘရာ"
"အံ့ရော... ကမ္ဘာပေါ်မှာ မင်းဟာ အထူးဆန်းဆုံး ယောက်ျားပဲ၊ မိန်းမပေးစားတာကို မယူချင်ဘူးရယ်လို့"
"ဘရယ်... သူ့အကြောင်းသိဖို့ မပြောနဲ့ မြင်တောင် မမြင်ဖူးတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်လိုလုပ်ပြီး ယူပါ့မယ်လို့ ကတိပေးလို့ ရမှာလဲ"
"မင်းက ကိုယ့်အဘိုးရဲ့ ရွေးချယ်မှုကို မယုံကြည်တဲ့ သဘောလား"
"ဘ ဒါလောက် လက်ထပ်စေချင်နေရင် ကျွန်တော်ကြိုက်တာ တွေ့တာနဲ့ လက်ထပ်မယ် ဟုတ်လား"
"မင်းကြိုက်တာတွေ့အောင် ငါက ဘယ်လောက်ကြာကြာ စောင့်ရမှာလဲ"
"ကဲ ခု သွားရှာမယ် နာရီဝက်အတွင်း တွေ့စေရမယ် စိတ်ချ"

ဘက မကျေမနပ်နှင့် ကြည့်နေသည်။

"အပြန်မှာ ဒိန်ချဉ် ဝယ်ခဲ့မယ်"

ကျော်မင်းဟန်နှင့် ကိုပါရာမှာ ဘ၏စကားစက်ကွင်းမှ ရှောင်ရှားလိုသောကြောင့် အအေးဆိုင်သို့ ထွက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ကျော်မင်းဟန်မှာ အာရုံရှုပ်ထွေးစ ပြုနေပါပြီ။ ဒီရက်ပိုင်းမှာ ဘ၏ မိန်းမပေးစားရေး စီမံကိန်းကို ဘတစ်ယောက်တည်း အတင်း အကောင်အထည်ဖော်မည့် အရိပ်အယောင်တွေ ပြနေသည်။ ကျော်မင်းဟန်သည် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်နှိုက်ကာ ပလက်ဖောင်း အကွက်များပေါ်မှာ Dancing game ကစားသလို ခြေထောက်ကို ရွှေ့ကြည့်ရင်း ငုံ့၍လျှောက်နေမိသည်။ ထို့ကြောင့်လည်း မျက်နှာချင်းဆိုင်မှ လာနေသော လေးလေးကို ကျော်မင်းဟန်

www.mmcybermedia.com/ typed byငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

မမြင်မိ။ လေးလေး၏ လက်ထဲမှာ အိတ်နှင့်ထည့်ယူလာသော စတော်ဘယ်ရီဖျော်ရည်ထုတ်များ ပါသည်။ လေးလေးကလည်း ဖျော်ရည်ထုတ်များကို အာရုံရောက်နေ၍ ရှေ့တည့်တည့်မှ လာနေသော ကျော်မင်းဟန်ကို သတိမထားမိပါ။ ကိုပါရာကမူ နီးလာလျှင် ရှောင်သွားကြမည် အထင်နှင့် သတိမထားမိ။ သို့သော် ကိုပါရာ၏အထင် လွဲသွားပါသည်။ လေးလေးနှင့် ကျော်မင်းဟန်မှာ သိပ်ကို နီးကပ်သွားကာမှ တစ်ယောက်ကိုတစ်ယောက် မြင်လိုက်ရသည်။ နေ့ခင်းကြီးမှာ ဆိုင်းမပါ ဗုံမပါနှင့် က,လာသော ကျော်မင်းဟန်ကိုကြည့်ရင်း အံ့အားသင့်နေသလို ကျော်မင်းဟန်ကလည်း သူ့ရှေ့မှာ ဘွားကနဲ ပေါ်လာသော လေးလေးကို မျက်တောင်မခတ် သူကြည့်မိသည့် အချိန်မှာ မျက်နှာချင်းက နီးလွန်းစွ။ ကျော်မင်းဟန်က ကပျာကယာ နောက်ဆုတ်ရင်း...
"တောင်းပန်ပါတယ်ဗျာ"
"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မကလည်း ကိုယ့်အတွေးနဲ့ကိုယ် ငေးလာမိတော့"

တစ်ယောက်ကိုတစ်ယောက် စူးစိုက်၍ ကြည့်လိုက်မိကြသည်။ ထို တဒင်္ဂ အကြည့်သည် တစ်ဘဝ လက်တွဲရန် ကံကြမ္မာဖန်လာတော့မည်ကို သူတို့ သတိမထားမိပါလေ။

"တော်တော့်ကို လှတယ်ဗျာ"

ကျော်မင်းဟန်သည် အမျိုးသမီးငယ် ထွက်သွားရာသို့ ရပ်ငေးကြည့် ကျန်ရစ်သည်။ အမျိုးသမီးငယ်က လမ်းတစ်ဖက် ကူးသွားကာ ခြံကျယ်ကြီးအတွင်းသို့ ဝင်သွားတော့သည်။

"အဲဒီခြံက ဖြစ်မယ်။ အအေးလာဝယ်တာ"
"ဖြစ်နိုင်တယ်၊ ဘာလဲ မင်း သဘောကျသွားပြီလား"
"စိတ်ဝင်စားမိတာပါ။ သူ့ကြည့်ရတာ သည်းခံနိုင်တယ်၊ တည်ငြိမ်တယ်၊ ဒေါသကင်းတယ်၊ ခွင့်လွှတ်တတ်တယ်၊ တော်တော့်ကို သဘောထားပြည့်ဝတဲ့ မိန်းကလေးပဲ"
"ကဲ လာ အအေးဆိုင်ကပြန်မှ ဒီဘက်ဘေးလမ်းက လျှောက်။ အဲဒီခြံမှာ သေချာရင်တော့ တွေ့ရမှာပဲ"

ကျော်မင်းဟန်တို့ အအေးဆိုင် ထွက်ခဲ့သည်။

"အစ်ကိုကြီး မြန်မြန်သောက်နော်"
"မင်းကတော့ကွာ၊ ရေခဲ မီးမြှိုက်ပြီး မျိုချရမလို ဖြစ်နေပြီ"

ကျော်မင်းဟန် သည်မျှ စိတ်လှုပ်ရှားသည်ကို ကိုပါရာ တစ်ခါမျှ မတွေ့ဖူးပါ။ ကိုပါရာက ရေခဲများကို မျိုချလိုက်ပြီး...
"ကဲ ဗိုက်ထဲရောက်မှ အရည်ပျော်လိမ့်မယ်လို့ သဘောထားလိုက်ပြီ အဘဖို့သာ ဒိန်ချဥ်မှာတော့"
"မှာပြီးပြီ"
"အံ့သြကုန်နိုင်ဘွယ် ပါပဲ"

ကိုပါရာက ပါဆယ်ထုပ်ကိုဆွဲကာ လမ်းတစ်ဘက်ကို ကြိုကူး၍ လျှောက်လာခဲ့သည်။

* * *

www.mmcybermedia.com/ typed by ငွေခင်ေယာ်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

လေးလေးက ခြံတွင်း မန်ကျည်းပင်ရိပ် မြက်ခင်းပေါ်မှ ခုံတန်းလေးပေါ်တွင် သူ့သူငယ်ချင်း နော်မာနှင့်ထိုင်နေသည်။ နော်မာသည် လေးလေးပြောပြသည်ကို ယုံနိုင်အောင် ကြိုးစား၍ မရ ဖြစ်နေ၏။

"ပြန်ပြောစမ်းပါဦး က,လာတယ် ဟုတ်လား"
"ဟုတ်တယ် က,လာတာ။ ငါက ရယ်ချင်တာနဲ့ ခေါင်းငုံ့ပြီး လျှောက်လာရတာ။ ကြည့်မိရင် ရယ်မိမှာကြောင့်။ က,တာကတော့ တော်တော်ကိုလှတယ်ကွ။ သူကလည်း ခေါင်းငုံ့ပြီး က,လာတာ။ ဒါကြောင့် မျက်နှာချင်းဆိုင်ကြီး တိုက်မိမလို ဖြစ်ရတာ။ အဲ မျက်နှာချင်းဆိုင် ကြည့်မိတော့မှ သူက ပျော်ပြီးက,လာတဲ့ ပုံစံမျိုး မဟုတ်ဘူးဟ။ စိတ်ရှုပ်ထွေးစရာ တစ်ခုခု ကြုံနေလို့ က,ပစ်နေတဲ့ ပုံမျိုး။ ပြီးတော့ ဥပဓိရုပ်က တည်တည်ခန့်ခန့်ကွ"
"ညွှန်းလှချည်လား မိလေးရယ်။ အမျိုးသားတစ်ယောက်ရဲ့ ဂုဏ်ပုဒ်ကို နင့်ပါးစပ်က ဖွင့်ပြောတာ ဒါ ပထမဆုံး ကြားဖူးတာပဲ"
"နောက်မှပြော ဟိုမယ် ဒီဘက်က ဒီဘက်က"

ခြံရှေ့မှ ကျော်မင်းဟန်နှင့် ကိုပါရာတို့ ဖြတ်သွားကြသည်ကို လေးလေးက လှမ်းပြသည်။ နော်မာက လှမ်းကြည့်၏။ ထိုစဉ် သူတို့ဘက်သို့ လှည့်လာသော ကျော်မင်းဟန်၏ မျက်နှာကို တွေ့လိုက်ရာ...
"ဟင် သူလား"
"ဟုတ်တယ်"
"ဟုတ်ရဲ့လား။ လမ်းပေါ်မှာ က,တယ်ဆိုတာ"
"ဟုတ်ပါတယ်။ အဲဒါကြောင့် တိုက်မိမလို ဖြစ်တာ။ လမ်းမှ အရှင်းကြီးရယ်။ သူနဲ့ငါ နှစ်ယောက်တည်း။ အလကား မမှတ်မိဘဲ နေပ့ါမလား"
"ငါတော့ နေပူခေါင်ခေါင် မိုးကြိုးပစ်တဲ့သတင်း ကြားရသလိုပဲ"
"ဘာလို့လဲ"
"အဲဒါ ဒေါက်တာကျော်မင်းဟန်"
"ဟင် ဟုတ်လို့လား"
"ဟုတ်တယ်။ တို့လမ်းထဲမှာ ဆေးခန်းဖွင့်တာပဲ။ လူမှုရေးဆရာဝန်လေးဆိုပြီး နာမည်ကြီးနေတာ"
"သြော် သူကိုး။ သူ့အကြောင်းတွေတော့ ကြားဖူးပါတယ်"
"မိလေး လူပျိုနော် သူက"
"အဲဒါ ငါနဲ့ ဘာဆိုင်လဲ"
"သတိထားဖို့ လိုအပ်တယ်နော်။ ဒါပဲ သိပ်တော့ မူမနေနဲ့၊ ပိုက်ထဲ ဝင်လာလို့ကတော့ အမိသာ ဖမ်းပေရော့နော်။ သူ ဘယ်လမ်းလာမလဲလို့ ထောင်ထားတဲ့ အလှပိုက်တွေ၊ ငွေပိုက်တွေ နည်းတာမဟုတ်ဘူး။ ကံကောင်းလို့ နင့် ပိုက်ထဲဝင်တိုး အဲလေ နင့်ပိုက်ထဲ ဝင်တိုးတာ"

လေးလေးသည် ဒုတိယအကြိမ် တွေ့မြင်လိုက်ရသော ကျော်မင်းဟန်၏ မျက်နှာပေါ်ဝယ် မကြည်မလင် ဖြစ်နေခြင်းများ လျှော့ပါးကွယ်ပျောက်နေသည်ကို သတိထားမိလိုက်ပါသည်။

* * *

www.mmcybermedia.com/ typed by ငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ဘက ဒိန်ချဉ်သောက်ရင်း ကျော်မင်းဟန်နှင့် ကိုပါရာကို အကဲခတ်နေသည်။ ကျော်မင်းဟန်က အပြင်သို့ ငေးနေသည်။ ကိုပါရာက...

"ကိုယ့်လူ ငေးမနေနဲ့၊ တွေးမနေနဲ့။ စဉ်းစားဖို့ မလိုဘဲ မြင်လိုက်တာနဲ့ ဆုံးဖြတ်ချက်ချရမယ့် ကိစ္စထဲမှာ ဒါပါတယ်။ လူဦးရေ ဆယ်သိန်းဝန်းကျင်နဲ့ ရှုပ်ထွေးနေတဲ့ မြို့ကြီးထဲမှာ ယောကျ်ားလေး တစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် မျက်နှာချင်း လက်လေးလုံးအကွာ ဆုံတွေ့ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူးနော်။ ကဲ ပြောစမ်းပါဦး။ မင်းက အဆုံးဖြတ်ရ ခက်နေသေးလို့လား"

"ကျွန်တော်က သားလေးရရင် နာမည်ဘယ်လိုပေးရမလဲ စဉ်းစားနေတာဗျ"

"အင်"

ဘက သူတို့အတား လျှောက်လာရင်း...

"ဟိုနှစ်ယောက် ဘာတွေပြောနေတာလဲ"

"ကျော်မင်းဟန် မိန်းမယူတော့မလို့တဲ့"

"ကောင်းတယ်"

"ကြိုပြီးရှင်းအောင် ပြောထားမယ်နော်။ ဘပေးစားတာ ယူမှာ မဟုတ်ဘူး။ သူလိုချင်တာ ယူမှာ"

"ဘာ မင်းမှာ ရည်းစားရှိလို့လား"

ကိုပါရာက ဘေးမှဝင်ပြီး...

"နက်ဖြန် (၁၀) နာရီလောက်ဆိုရင် ရှိတော့မှာ ဘ"

"အဲသလိုတော့ မလုပ်ကြနဲ့လေကွာ။ ခုလေးတင် ကိုစံဗျောဆီကို ငါက ဖုန်းဆက်လိုက်သေးတာ။ မင်းရဲ့ မြေးနဲ့ ငါ့မြေး ပေးစားရအောင်ဆိုပြီး"

"ဟာ အဓိပ္ပာယ်မရှိတာပဲ။ ကျွန်တော် မိန်းမယူမယ့်ကိစ္စ ဘက ဆုံးဖြတ်ရတယ်လို့"

"မဆုံးဖြတ်လို့ မဖြစ်ဘူးကွ။ စံဗျောဆီကို သာဝကလည်း အဝင်အထွက်ရှိတယ်။ သာဝက သူ့မြေးဖို့ စိတ်ကူးနေပုံရတယ်။ စံဗျောမြေးက တော်တော်ချောတာကွ။ ဒါကြောင့် လက်ဦးမှုအရယူပြီး မင်းနဲ့စိတ်ကူးထားတယ်ဆိုတာ စကားလွှန်လိုက်ရတာ"

"လွှန်လည်း မတတ်နိုင်ဘူး။ ကျွန်တော့်မှာ ကျွန်တော်နှစ်သက်တာရှိတယ်။ တွေ့ထားတယ်"

"ဘယ်တော့က တွေ့တာလဲ"

"အစောက"

"ဟေ"

"နက်ဖြန်မှာ ချစ်ရေးဆိုမယ်"

"မင်းတို့ တကယ်ပြောနေတာလား"

"တကယ်ပြောတာ"

ဘ စိတ်ညစ်သွားသည်။ ပို၍လည်း စိတ်ပူသွားသည်။ မသင့်မတော်တာတွေနှင့် ဖြစ်မှာစိုးရိမ်သည်။ ဘ ဘာလုပ်ရမည် မသိတော့။ ထိုအချိန်တွင် ကျော်မင်းဟန်တို့ကမူ သူတို့ ဘာလုပ်ရမည်ကို သိနေပါပြီ။ ထိုညက တစ်ညလုံး ဘ အိပ်မပျော်နိုင်။ စိုးရိမ်မှုနှင့် အတွေးကြောင့် ယောင်ချာချာနှင့် မျက်စိကြောင်နေခဲ့သည်။

www.mmcybermedia.com/ typed byငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

တွေ့ကြသေးတာပေါ့ကွာ။ မင်းတို့က မြန်သလား၊ ငါက မြန်သလားဆိုတာ။ စံပျောကို သွားတွေ့ပြီး မင်္ဂလာကိစ္စကို စီစဉ်ရမယ်။

သို့နှယ် ဆုံးဖြတ်လိုက်နိုင်ပြီးကာမှ အိပ်ပျော်တော့သည်။ ညသည် တိတ်ဆိတ်နေ၏။

* * *

တစ်ညတာ ကုန်ဆုံးလွန်မြောက်ပါတော့မည်။ နေမင်း၏ အရင် နိုးထလာသူမှာ ဘဖြစ်ပါသည်။ ဘ၏ လှုပ်လှုပ်ရှားရှား အသံများကြောင့် ကိုပါရာနှင့် ကျော်မင်းဟန်တို့ပါ သတိရလာကြသည်။ သူတို့ သတိရလာသောအခါ အပြင်ထွက်ရန် အသင့်ပုံစံဖြင့် ပြင်ဆင်ပြီး ဘကို တွေ့ရသည်။ ကိုပါရာက...
"ဘက ဘယ်လဲ"
"ဒီနားတင်ပါကွာ"
"ဘ ကြည့်ရတာ ထူးခြားနေလို့"
"ရာဇာနေဝင်း စတိုင် ဖမ်းထားလို့ နေမှာပေါ့"
"ဘ တစ်ခုခု ကြံစည်တော့မယ့်ပုံပဲ"
"မြေးအဘိုးချင်း အထင်လွဲရန်ကောကွာ"
"ကျွန်တော်ကတော့ မယုံချင်ဘူး"
"ခက်လှချည်လား"

ဘက မရေမရာ အဖြေတွေပေးကာ ပြုံးစိစိနှင့် ထွက်သွားပါလေပြီ။ ကိုပါရာက မျက်နှာသစ်နေသော ကျော်မင်းဟန်ကို ဆွဲခေါ်ကာ...
"ဘ မရိုးဘူးကွ"
"ဟာဗျာ ကိုကြီးပါရာကလည်း ကိုယ့်အဘိုးကို"
"တစ်ခုခု ကြံစည်နေတယ်လို့ ဆိုလိုတာကွ။ ဒီမှာ မင်းမနေ့က ကောင်မလေးကို ချစ်နေပြီလား"
"ဘာလုပ်မလို့လဲ"
"အမြန်ဆုံး လှုပ်ရှားတော့။ ဘ ကြည့်ရတာ သူ့သူငယ်ချင်း ဦးစံပျောဆီသွားတာနဲ့ တူတယ်။ မင်းအနေနဲ့ မနေ့က ကောင်မလေးကိုလည်း မြင်တုန်းခဏ ရင်ခုန်မိတာ။ ဘယ်ရယ်လို့ မဟုတ်ဘူးဆိုရင်တော့ ကိစ္စမရှိဘူး။ ချစ်မိတာ ဆိုရင် ဒီနေ့ဖွင့်ပြော"
"ဘယ်မှာ တွေ့မှာမို့လဲ"
"ညံ့ပါ့ကွာ။ မနေ့က တွေ့တဲ့အချိန်၊ တွေ့တဲ့နေရာမှာပဲပေါ့။ ဒီမယ် ငါ့ညီ၊ သူကလည်း မင်းကို စိတ်ဝင်စားသွားမိရင် ဒီနေ့ အဲဒီအချိန်မှာ မင်းနဲ့ ဆုံလိုဆုံငြား ဆိုပြီး ထွက်လာမှာ သေချာတယ်။ ဒီနေ့သာ ဆုံလို့ကတော့ ကိုးဆယ်ရာနှုန်း သေချာပြီ၊ လှုပ်ရှားပေတော့"

ကျော်မင်းဟန်မှာ တွေဝေနေမိသည်။ သူ ကြိုတင်စဉ်းစားသည့် အထဲမှာ အိမ်ထောင်ရေးကိစ္စဆိုသည်မှာ လုံးဝမပါခဲ့။ ဆယ်ကျော်သက်ကမူ ရည်းစားထားဖူးပါသည်။ ချစ်သလား၊ ချစ်တယ်။ အတူသွား အတူစား။ ကျောင်းပြီးတော့ မတွေ့ကြတော့ဘူး။ သူက ပညာရေး စိတ်ဝင်စားသည်။ ကျော်မင်းဟန်က လူမှုရေး စိတ်ဝင်စားသည်။ ယခု သူက နိုင်ငံခြားမှာ။ ပြန်တွေးကြည့်တော့ ကော်ဖီသောက်ချင်နေတုန်း ကော်ဖီသောက်ရသလိုမျိုး။ တွဲသွားချင်တုန်း တွဲသွားခဲ့ကြသည်။ သူ့လမ်း သူလျှောက်။ ကိုယ့်လမ်း ကိုယ်လျှောက်။ မမုန်းဘဲနှင့် လမ်းခွဲခဲ့ကြသည်။ ထို့အတွက် ဝမ်းနည်းကြေကွဲ တမ်းတခြင်းမျိုးလည်း မရှိခဲ့ပါ။

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ယခုမူ ဘဝလက်တွဲဖော်အဖြစ် ရည်မှန်းကြည့်မိသည်နှင့် ရင်ဖိုချင်နေသည်။ တစ်မနက်လုံး ဆေးခန်းမှာ ထိုင်နေရသော်လည်း စိတ်က သူနှင့်မနေ။

ဆေးခန်းပိတ်ပြီး အိမ်ပြန်ရောက်သည်ထိ ဘပြန်မရောက်သေး။ ကိုပါရာက...
"ငါ အိမ်စောင့်နေမယ်။ မင်းသွားတော့"
"ဘ ပြန်လာထိ စောင့်ဦးမယ်လေ"
"ဘယ်အချိန်မှ ပြန်လာမယ်မှန်းမှ မသိတာကွာ။ လွဲနေလိမ့်မယ် သွားပါတော့"

ကျော်မင်းဟန်က တွေဝေနေသည်။

"ကိုကို"
"ဘာလဲ"
"မနေ့ကမှ မြင်ဖူးပြီး ဒီနေ့ ရည်းစား စကားပြောလို့ အဖြေပါ တောင်းမယ်ဆိုရင် ယုံနိုင်ပါ့မလား"
"အဲဒါကတော့ မင်းရဲ့အပြောအဆိုပေါ် မူတည်မှာပဲ ကျော်ကျော်"

ကျော်မင်းဟန်က တွေးနေပြန်သည်။

"သွားမှာသာ သွားစမ်းပါကွာ။ ဒါနဲ့ လွဲကုန်လိမ့်မယ်"

* * *

လေးလေးသည် ကျော်မင်းဟန်ကို အဝေးမှာကတည်းက မြင်ရသည်။ သူ့အား စောင့်နေမှန်း သိနေသည်။ လေးလေးက ဟန်မပျက် ဆက်လျှောက်လာသည်။

ကျော်မင်းဟန်က လေးလေးရှေ့မှာ ထွက်ရပ်သည်။ ပိတ်ကာ တားသည်မျိုးလည်း မဟုတ်။

"စကားလေးနည်းနည်း ပြောစရာရှိလို့။ ခဏရပ်ပါဦးလား ဘေးကနေ လိုက်ပြောနေရင် သူ့အတွက် စိတ်အနှောက်အယှက် ဖြစ်မှာစိုးလို့ပါ"

လေးလေးက ရပ်လိုက်သည်။ ကျော်မင်းဟန်မျက်နှာကို စူးစိုက်၍ ကြည့်မိသည်။ ကျော်မင်းဟန်မှာ ရှက်နေသလိုလို။ စိတ်လှုပ်ရှားနေခြင်းကလည်း ထင်ဟပ်နေသေးသည်။

"ကျွန်တော့်အပြုအမူကို ကလေးဆန်တယ်လို့ မထင်ပါနဲ့ဗျာ။ ဆောရီး ကလေးဆန်ပြီးမှ ခုလို တောင်းပန်တော့ ခင်ဗျားက ဘယ်လို ထင်ရမှန်းမသိ ဖြစ်တော့မှာပဲ"

လေးလေး မပြုံးမိအောင် မနည်းစိတ်ထိန်းလိုက်ရသည်။

"ဟို ဒီလိုပါ။ ရည်းစားစကား ပြောဖို့ရာအတွက် လေးလေးနက်နက် ခန့်ခန့်ငြားငြားဖြစ်ဖို့ စကားလုံးတွေ၊ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ ရှိနိုင်မယ့် အပြုအမူတွေ စဉ်းစားကြည့်ပါသေးတယ်။ မရဘူး။ ကျွန်တော်၏

www.mmcybermedia.com/ typed byငွေခင်ဖေယော်/ created by lucky82

အချစ်ကို သိပ္ပံနည်း၊ ဝိဇ္ဇာနည်း၊ ဂုမ္ဗီရနည်းများနှင့် စမ်းသပ်စစ်ဆေး သုတေသနပြုနိုင်ရန် ဖိတ်ခေါ်ပါသည်။ ဆို ပြောပြန်ရင်လည်း အခန်းအနား ကျင်းပတာနဲ့တူသွားမှာ။ ဒီတော့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်ဗျာ။ အဲဒီ ဆုံးဖြတ်တာ မပြောရဲလို့ ရှေ့က စကားတွေ လျှောက်ပြောနေရတာ"

"ဒါဖြင့် ကျွန်မကို သွားခွင့်ပြုပါဦး။ ပြောရဲတော့မှ ပြောပေါ့နော"

"ဟာ မဟုတ်ဘူး။ ခု ပြောရဲပြီ။ ကျွန်တော် ခင်ဗျားကို ချစ်တယ်။ မနေ့က မြင်မိပြီးကတည်းက"

"ရှင်"

"အဲဒါ အဖြေလေး သိချင်လို့"

လေးလေးမှာ ချစ်ရေးဆိုခြင်းခံရသည်ကို စိတ်မဆိုးမိပါ။ ချစ်ရေးဆိုပုံကိုတော့ ရယ်ချင်နေသည်။ ကျော်မင်းဟန်ကို ဆရာဝန်တစ်ယောက် ဖြစ်မှန်း သိနှင့်နေ၍လည်း ဖြစ်ပါသည်။ သရော်လှောင်ပြောင်သည်ဟု ထင်သွားမည် စိုးသောကြောင့် လေးလေးသည် ပြုံးချင်စိတ်ကို ထိန်းထားသည့်ကြားမှပင် နှုတ်ခမ်းပေါ်မှာ အပြုံးရိပ်က ထင်ဟပ်သွားသည်။

"ကျွန်တော့်ကို ခပ်ကြောင်ကြောင်များ ထင်နေလို့လားဗျာ"

"အို မဟုတ်ပါဘူး တစ်ယောက်အကြောင်း တစ်ယောက် သိဖို့မပြောနဲ့ တစ်ယောက်နာမည်တောင် တစ်ယောက် မသိရသေးဘဲ ဘယ်လိုလုပ်ပြီး တစ်သက်လုံး လက်တွဲရမယ့် အိမ်ထောင်ရှင်ဖြစ်မယ့် ချစ်သူလို့ လက်ခံရမလဲ။ ဖြေရမလဲ"

"အေးဗျာ။ ချစ်ရေးဆိုနေကျ မဟုတ်တော့ မကျွမ်းကျင်ဘူး ဖြစ်သွားတယ်"

ကျော်မင်းဟန်က သူ့စကားနှင့်သူ ပြုံးလိုက်သည်။ လေးလေးပါ လိုက်ပြုံးခွင့် ရသွားသည်မို့ အောင့်ထားရသော ရယ်ချင်စိတ်က လျော့ပါးသွားသည်။

"ဟိုလေ... ကျွန်တော့်နာမည် ကျော်မင်းဟန်ပါ။ အလုပ် အလုပ်က အရောင်းအဝယ်ဆိုပါတော့"

ကျော်မင်းဟန်သည် သူ့ကိုယ်သူ အခြေအနေမှန်ထက် လျှော့ပြောလိုက်သောကြောင့် အလုပ်အကိုင်ကို ချစ်သူထက် လူကို ချစ်သူအား ရှာချင်ကြသည့် အမျိုးသားများထဲမှာ သူလည်း ပါသကိုးဟု ထင်လိုက်သည်။ ကျော်မင်းဟန်ကမူ သူ ဆရာဝန်ဖြစ်ကြောင်း ပြောလိုက်လျှင် ယုံမှယုံပါ့မလား ဟူသော အတွေးနှင့် လွယ်လွယ်ပြောလိုက်ခြင်း ဖြစ်ပါသည်။ လေးလေးက ကျော်မင်းဟန်ကို စူးစိုက်ကြည့်၍...

"ကျွန်မက လိမ်တာ မကြိုက်ဘူးနော်"

"ကျွန်တော် မလိမ်ပါဘူး"

ကျော်မင်းဟန် မလုံမလဲဖြစ်သွားသည်။ လေးလေးက...

"ကျွန်မ ရှင်းရှင်းနဲ့ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်။ ရှင့်အတွက်လည်း စိတ်အနှောင့်အယှက် ဖြစ်မနေစေချင်ဘူး။ ကျွန်မအတွက်လည်း စိတ်အနှောင့်အယှက် မဖြစ်ချင်ဘူး။ ဒီတော့..."

လေးလေးက ပြောစကားကို ရပ်ထားလိုက်သည်။ မနေ့ကတည်းက ချစ်ရေးဆိုလာခဲ့သော် ဟူ၍ အထပ်ထပ်အခါခါ စဉ်းစားထားပြီး ဖြစ်သောကြောင့် ပေးရမည့်အဖြေမှာ အဆင်သင့် ရှိနေခဲ့ပါသည်။ ယခုမူ

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ကျော်မင်းဟန် ချစ်ရေးဆိုပုံမှာ အိုးနင်းခွက်နင်းနင့်။ ရည်းစားစကားပြောတာကိုပဲ မကျွမ်းကျင်လို့ပါဟူ၍ တောင်းပန်သေးသည်။ ယခုမူ သူပေးရမည့် အဖြေအတွက် ပြောရမည့်ပုံစံကို စဉ်းစားလိုက်ပြီး…
"ရှင် စိတ်လျှော့လိုက်ပါ"
"ဗျာ"
"ကျွန်မက ဆရာဝန်မှ ယူမှာရှင့်"

လေးလေးက ပြုံးပြုံး ထွက်သွားသည်။ ကျော်မင်းဟန် အံ့အားသင့်နေသည်။ ရင်ခုန်မြန်လာသည်။ သူ အိမ်ပြန်ရောက်တော့ ကိုပါရာက သတင်းနားထောင်ရန် စောင့်နေသည်။ ကျော်မင်းဟန်က…
"ဒီလို…"

ကိုပါရာကို အစအဆုံး ပြောပြလိုက်သည်။

"ဒါဆို သေချာပြီ"
"ဗျာ"
"မင်း စဉ်းစားလေ။ လိမ်တာမကြိုက်ဘူးဆိုတဲ့ စကားရယ်၊ ဆရာဝန်မှ ယူမှာ ဆိုတာရယ် ဆက်စပ်လိုက်ရင် အဖြေက ရှင်းနေပြီကွဲ့။ ဒီမှာ ငါ့ညီ သွေးပေါင်ချိန်မနေနဲ့။ နားကျပ်ကိုင်မနေနဲ့။ နှလုံးခုန်မြန်ပြီး သွေးတိုးလာတာက အချစ်ကြောင့်၊ သွေးတိုးလည်း မဟုတ်ဘူး။ နှလုံးရောဂါလည်း မဟုတ်ဘူး။ အချစ်ရောဂါ"
"ဟုတ်ပါ့မလားဗျာ"
"သေချာပါတယ်ကွာ။ မင်း ဆေးပညာမှာ ဒေါက်တာဘွဲ့ရသလို ငါကလည်း နှလုံးသားရေးရာမှာ ပီအိတ်ချ်ဒီ အယ်လ်အိုဗွီ အီး ပါ"
ထိုစဉ် ဘကလည်း အပြုံးမျက်နှာနှင့် ဝင်လာသည်။

"မင်းအတွက် အဆင်ပြေပြီကွ။ ငါ စံပျောအိမ် ရောက်ခဲ့တယ်။ အဆင်ပြေချင်တော့ သူ့သားနဲ့ သူ့ချွေးမလည်း ရောက်နေတာနဲ့ တစ်ခါတည်း ပြောလိုက်တယ်။ စံပျောကလည်း ဒီကောင်က သူ့မြေးနဲ့ ငါ့မြေး ပေးစားချင်နေတာ။ မင်းတို့သဘောလည်း ပြောကြဦးဆိုတော့ ဟိုက အဖေ့အဆုံးအဖြတ်က အဓိကပါတဲ့။ အဖေ့မြေး အဖေပိုင်တာပဲတဲ့။ ငါကို အခုမှ မင်းအတွက် စိတ်အေးသွားတယ်"

ကျော်မင်းဟန်က မျက်လုံးအပြူးသားနှင့် ကြည့်သည်။

"ဒုက္ခပဲ ကျွန်တော်တို့ မပြောဘဲ ဘာလို့ လျှောက်စီစဉ်ရတာလဲ"
"အံ့ပါရဲ့ကွာ။ မိန်းကလေးလှလှလေးနဲ့ ပေးစားဖို့ စီစဉ်တာ မင်းတို့အတွက် ဒုက္ခလား။ ငါ့မြေး ဘ အတည်ပေါက်ပြောမယ်။ မင်းတို့က မမြင်ဘူးပဲ ယူရမလားလို့ မေးတယ်။ ကဲ မြင်ဖူးအောင် လိုက်ကြည့်ဦးမယ်လို့ ဘာလို့ မပြောတာလဲ။ ကြည့်ပြီးမှ အကြောင်းပြချက် ခိုင်ခိုင်လုံလုံနဲ့ငြင်းရင် ငါက လက်ခံပါတယ်။ မင်း မငြင်းနိုင်လောက်တဲ့ဟာမို့ ငါက စီစဉ်ခဲ့တာကွ။ မင်းမှာ ချစ်သူ မရှိဘူးဆိုတာလည်း သိနေလို့"
"အဲဒါ အရင်က မရှိတာ။ ခု ရှိသွားပြီ"
"လုပ်မနေနဲ့ မနက် အိပ်ယာထ မျက်နှာသစ်တုန်းကကို မရှိသေးဘူး"

www.mmcybermedia.com/ typed by ငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"လွန်ခဲ့တဲ့ နာရီဝက်လောက်ကမှ ချစ်ရေးဆိုခဲ့တာ"
"သူက ဘာပြန်ပြောသလဲ။ သူ့နာမည် ဘယ်သူလဲ"

ကျော်မင်းဟန် ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ သူ့နာမည်သာ ပြောခဲ့ပြီး လေးလေး၏နာမည်ကိုမူ မမေးမိခဲ့ပါ။

"နာမည်တောင် မသိသေးမှတော့ ဆက်မပြောနဲ့တော့။ နက်ဖြန်မနက် မင်း ငါနဲ့လိုက်ခဲ့"
"ဘယ်လဲ"
"စံပျောဆီသွားမယ်။ သူ့သားရော၊ ချွေးမရော မြေးရော ခေါ်ထားလိမ့်မယ်။ နောက်ထပ် ဘာစကားမှ မပြောနဲ့။ ငါ လုပ်နေသမျှဟာ မင်းတို့ဖို့။ ငါ့စေတနာကို နားလည်။ ငါ့ကိုတော့ အရှက်တကွဲဖြစ်အောင် မလုပ်ကြနဲ့- ဒါပဲ"

ဘက စကားအဆုံးမှာ သူ့အခန်းတွင်းသို့ ဝင်သွားသည်။

* * *

ကျော်မင်းဟန်မှာ စိတ်ဓာတ်ကျသွားသည်။ တကယ် ရင်ဆိုင်ရတော့မည်ဆိုလျှင် သူတို့သည် ဘ၏ဆန္ဒကို လွန်ဆန်၍ မရပါ။ ကိုပါရာသည် ကျော်မင်းဟန်ကိုကြည့်၍ စိတ်မကောင်း။ စိတ်မကောင်းသော်လည်း ဘာမျှ မတတ်နိုင်ပါ။ ကိုပါရာက...
"တကယ်တမ်းကျတော့ မင်းအခြေအနေက ဘာမှမဟုတ်သေးပါဘူးကွာ။ ချစ်သူတွေရယ်လို့ ပြောလို့မှ မရသေးတာ။ မင်းအတွက် မချစ်ခင်က လွမ်းရတာ။ ထီပေါက်မယ်မှန်း သိတဲ့လက်မှတ်ကို မထိုးဘဲ နေလိုက်သလိုဖြစ်မှာပေါ့။ ငါ စာနာပါတယ်"

ထိုနေ့ညက ကျော်မင်းဟန် အိပ်၍ မပျော်ပါ။

* * *

နောက်တစ်နေ့ နံနက်မှာတော့ ကိုပါရာနှင့် ကျော်မင်းဟန်တို့မှာ ဘ၏ ဦးဆောင်ရာနောက်သို့ ပါခဲ့ရပါလေပြီ။

ထိုအချိန် ဦးစံပျောမှာ ပိုရင်း ပိုရင်း သတိလစ်သွားသော မြေးကိုကြည့်၍ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။ ဦးသော်တာနှင့် ဒေါ်အင်ကြင်းမှာ သမီး သည်မျှဖြစ်သွားလိမ့်မည် မထင်၍ နင့်အဘိုး စိတ်ချမ်းသာအောင် အိမ်ထောင်ပြုရမယ်ဟု တစ်ချက်လွှတ် အမိန့်ပေးခဲ့မိခြင်း ဖြစ်ပါသည်။ သမီးဖြစ်သူမှာ ဘာမျှပြန်မပြောသာ၍ အံကြိတ်ခါ ရှိုက်ငိုရင်း ငိုရင်း ငိုရင်း သတိလစ်သွားရခြင်း ဖြစ်ပါသည်။ အိမ်မှာကတည်းက ငိုနေသည်၊ လမ်းမှာလည်း ငို၍ ပါလာသည်။ အဘိုးအိမ်ရောက်တော့ ငိုခြင်း၏ အထွတ်အထိပ်ရောက်သွားခြင်း ဖြစ်ပါသည်။

ကျော်မင်းဟန်တို့ရောက်လာတော့ ဦးစံပျောက...
"သူငယ်ချင်း ရောက်ရောက်ချင်း ပြောရမှာ အားနာပါရဲ့ မပြောမဖြစ်လို့ပါ။ ငါ့မြေးက အိမ်ထောင် မပြုချင်သေးဘူးဆိုပြီး ငိုရင်း ငိုရင်း သတိလစ်နေလို့ ခု ဖြစ်သွားတာ..."

www.mmcybermedia.com/ typed byဇွေခင်ဟေး/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ကျော်မင်းဟန်က...
"ခု သတိရပြီလား"
"မရသေးဘူး"
"ကျွန်တော် ကြည့်ပါရစေ၊ ကျွန်တော် ဆရာဝန်ပါ"
"အို ဟုတ်သားပဲ၊ ငါ မေ့နေတာ"

ဦးစံပျောက ကျော်မင်းဟန်ကို အတွင်းခန်းဘက် ခေါ်လာသည်။ ကျော်မင်းဟန်မှာ လာရင်းကိစ္စကို မေ့နေသည်။ လူနာနှင့် ဆရာဝန် တိုက်ဆိုင်ကြုံကြိုက်နေချိန်မှာ လူနာကို ကြည့်ရှုကုသပေးဖို့သာ စိတ်မှာရှိနေသည်။

"ဒီမယ်"
"ဟင်..."

ကျော်မင်းဟန်က ဘေးမှာဝင်ထိုင်ကာ မျက်စိကို ဖြဲကြည့်သည်။ မေးကို ကိုင်လှုပ်သည်။

"ကိုကို"
"ကျော်ကျော်"
"ကားထဲမှာ ဆေးအိတ်ပါတယ်။ ဒီကအပြန် ဆေးခန်းဝင်မှာမို့ ယူလာတာ။ အဲဒါ သွားယူလိုက်ပေးပါလား"

ဆေးအိတ်ယူနေစဉ်မှာပင် ကျော်မင်းဟန်က...
"စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့တော့။ သူ စိတ်ချမ်းသာသလို ဆုံးဖြတ်ပါစေ"

ဆေးအိတ်ရောက်လာသည်။ ကျော်မင်းဟန်က ဆေးထိုးပေးသည်။ ရေခဲပုံးထဲမှ စနီးတာဝါကိုယူကာ နဖူးကို ကပ်ပေးသည်။ မျက်နှာကို သုတ်ပေးသည်။ လည်ပင်းတွေကို သုတ်ပေးသည်။ လေးလေး မျက်လုံးဖွင့်လာသည်။

"ဟင်"
"ဟော သတိရလာပြီ သတိရလာပြီ"

လေးလေး အားလုံးကို နားမလည်နိုင်စွာ ကြည့်နေသည်။
ကျော်မင်းဟန်က နဖူးကို ရေခဲဝတ်နှင့် သပ်ပေးလိုက်သည်။

"အို ဖယ်ပါ"
"ကျွန်တော် ဆရာဝန်ပါ"
"ဟဲ့ သမီး၊ သမီး သတိလစ်နေတာကို သူ ပြုစုပေးနေတာလေ"

* * *

ဧည့်ခန်းမှာ ဘ၊ ဦးစံပျော၊ ကိုပါရာ၊ ဦးသော်တာနှင့် ဒေါ်အင်ကြင်းတို့ ထိုင်နေသည်။ အခန်းတွင်းမှာမူ...

www.mmcybermedia.com/ typed by ငွေဇင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ထလို့ မရသေးဘူးလေ"
"ဘာမှ မဖြစ်ပါဘူး"
"သိပါတယ် ဆရာဝန်ပါ"

လေးလေးက ဆွဲလိမ်လိုက်သည်။ ထိုစဉ် အပြင်ခန်းမှ ဘ၏ အသံကိုကြားလိုက်ကြရသည်။

"ဟား ဟား ဟား လူကြီးတွေမှာ စိတ်ပူလိုက်ရတာ။ ပေးစားပြီးရင်လည်း ချစ်ချစ်ခင်ခင်မှ ရှိပ့ါမလားလို့။ ခုတော့ ချစ်လိုက်တာ တုန်နေတာပဲ"

* * * * * *

www.mmcybermedia.com/ typed by ငွေစင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

## အနည်ထိုင်ချိန်

ဘသည် အောင်မြင်ကျော်ကြားသော ဒါရိုက်တာကြီး ဖြစ်ပါသည်။ အထူးသဖြင့် အချစ်ဇာတ်မြူးနှင့် ဟာသကားများ ရိုက်ကူးရာတွင် အောင်မြင်၍ လူသိများသည်။ ဝင်ငွေအရတွက်လျှင် 'က' အဆင့်မှာ အမြဲရှိပါသည်။ မြို့သစ်၏ အစွန်အဖျားမှ 'သုခမြိုင်' ဟူသော ခြံကျယ်ကြီးတွင် မြေးဖြစ်သူ ကိုပါရာနှင့် နှစ်ယောက်တည်းနေပြီး ဘနှင့် ကိုပါရာတို့၏ နေရေးထိုင်ရေး၊ စားရေးသောက်ရေး ကိစ္စအဝဝ အဆင်ပြေရန်အတွက်မူ နက်တူးက တာဝန်ယူထား၏။

"ဘ"
"ဟေ..."
"ဒီနေ့ ဘာစားမလဲ"
"အဲသလို မေးပြီး မင်းချက်ချင်တာ ချက်မှာမဟုတ်လား"
"နက်တူး အစက ဟင်းအမျိုးပေါင်း နှစ်ရာကျော် ချက်တတ်ပါတယ် ဘ၊ ဘဆီမှာ အလုပ်လာလုပ်တော့မှ နှစ်မျိုးတည်းပဲ အမြဲချက်နေရလို့ ကျန်တာတွေ မေ့သွားတာပါ"

ဘက နက်တူးကို မျက်စောင်းထိုးကြည့်သည်။ နက်တူးမျက်နှာက စပ်ဖြီးဖြီး။ ကိုပါရာသည် ပြတင်းပေါက်အနီးမှာထိုင်၍ ဇာတ်ညွှန်းတစ်ပုဒ်၏ ဇာတ်သိမ်းပိုင်းကို ရေးလျက်ရှိပါသည်။ ထိုစဉ် ခြံရှေ့မှာ ကားတစ်စီး လာရပ်လိုက်သောကြောင့်...
"ဘ... ကားကြီးတစ်စီး အိမ်ရှေ့မှာ လာရပ်တယ်"
"ရောင်းချင်လို့ လာပြတာနေမှာပေါ့၊ မင်း ဈေးသွားဖို့လိုအပ်ရင် ဝယ်ပေးမယ်လေ"
"တော်ပါပြီ ဘရယ်...၊ လက်ဆွဲခြင်းက လက်ချိတ်သွားလို့ရတယ်၊ ကားက လက်ချိတ်သွားလို့ ရမှာမဟုတ်ဘူး"

ကားပေါ်မှ ဆင်းလာသော ဧည့်သည် အိမ်ရှေ့ရောက်သည်ထိ ဘတို့မှာ သတိမထားမိပါ။ ထို့ကြောင့် ကိုပါရာက...
"ကြွပါခင်ဗျာ၊ ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"
"ဒါရိုက်တာကြီး ဘနဲ့ တွေ့ချင်လို့ပါ..."

လှပနုနယ်သော မိန်းကလေးတစ်ယောက်က အိမ်တွင်းသို့ လှမ်းဝင်လာသည်။ ဘ က...
"မောင်ပါရာ၊ မင်းအလုပ် မင်းဆက်လုပ်တော့၊ ရပြီ၊ နက်တူး..."
"ခင်ဗျာ..."
"စောစောက ဝယ်လာတဲ့ ကြက်ရင်အုပ်ကို ကြော်လိုက်၊ နီပလေ့စေ၊ မကြွပ်စေနဲ့"
"အစောက ဝယ်လာတာ ကြက်ဥလေ"
"ဒါဖြင့်... မင်း ဝပ်ပေးလိုက်ဦး၊ အကောင်ပေါက်မှ ချက်"

နက်တူးက မျက်စောင်းထိုးကာ နောက်ထဲဝင်သွားသည်။

"ကလေးမ ထိုင်ကွယ့်၊ ကဲ... လာရင်းကိစ္စ ပြောပါဦး"

www.mmcybermedia.com/ typed byငွေခင်ယောင်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ကျွန်မက ရွှေပုံရိပ်ကုမ္ပဏီက မန်နေဂျာပါ ဘ"
"ဪ... ကုမ္ပဏီသစ်ပဲ"
"ဟုတ်ပါတယ် ဘ၊ ကျွန်မတို့ကုမ္ပဏီက ပွဲဦးထွက်ဇာတ်ကားကို တာဝန်ယူပေးဖို့ ဘကို အပ်ချင်လို့"
"ဘယ်လို တာဝန်ယူရမှာလဲ၊ ဘယ် အတိုင်းအတာထိလဲ"
"ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ"
"မင်းသား၊ မင်းသမီးကိုတော့..."
"အသစ်တွေပဲ သုံးမှာပါ"
"အင်း... ဖြစ်ပါတယ်၊ ရည်ရွယ်ထားတဲ့ မင်းသား၊ မင်းသမီး အသစ်တွေကတော့ ရှိပြီးသားပေါ့"
"မရှိသေးပါဘူး ဘ၊ မင်းသမီးသစ်ကိုတော့ ကုမ္ပဏီပိုင်ရှင်က ရွေးပေးပါလိမ့်မယ်၊ မင်းသားသစ်ကတော့ ဘ ရှာပေးရမှာပါ"
"အင်း... လုပ်ပေးရမယ့် အစီအစဉ်က တာဝန်ကြီးတယ်၊ ကုမ္ပဏီသစ်တစ်ခုရဲ့ ပွဲဦးထွက်ကားမှာ သရုပ်ဆောင်သစ်တွေနဲ့ချည်း ရိုက်ပြီး အောင်မြင်အောင် လုပ်ပေးရမှာ ဆိုတော့..."
"ကျွန်မကို မှာလိုက်ပါတယ် ဘ၊ ဘကို ယုံကြည်ပါတယ်တဲ့၊ အောင်မြင်အောင်သာ လုပ်ပေးပါ၊ ငွေအတွက် မပူပါနဲ့တဲ့"

ဤသို့ဖြင့် ဘသည် ရွှေပုံရိပ်ကုမ္ပဏီအတွက် အလုပ်လက်ခံဖြစ်သွားပါလေပြီ။ အလုပ်လက်ခံပြီးနောက် ဆယ်ရက်ခန့်အကြာတွင် ရွှေပုံရိပ်ကုမ္ပဏီ၏ မင်းသားရွေးပွဲကို ဘ၏ 'သုခမြိုင်' ခြံကြီးအတွင်းမှာ စဖြစ်ပါလေရော။ လျှောက်ထားသူတို့မှာ ခြံလုံးပြည့်နေ၏။

"ဘ"
"ဘာလဲ နက်တူး"
"ကျွန်တော်ရော တန်းစီရမှာပဲလား"
"ဘာအတွက်လဲ"
"အင်တာဗျူးဖို့လေ၊ ကျွန်တော်လည်း လျှောက်ထားတယ်"
"ကိုယ့်ထမင်းအိုးကိုယ် မရိုက်ခွဲချင်ပါနဲ့ နက်တူးရာ"

ထိုစဉ် ကိုပါရာက...
"သတင်းထောက် ဆွေစစ်နိုင် ရောက်နေတယ်"
"သတင်းယူဖို့လား"
"ဟုတ်ဘူး၊ မင်းသားလျှောက်လွှာ လာတင်တာတဲ့"

ဘသည် ထိုင်ရာမှ ထလိုက်ပြီး...
"ကဲ... တော်ပြီ၊ နံပါတ်စဉ်အတိုင်းသာ တစ်ယောက်ချင်း ခေါ်သွင်းတော့"

ဘ၏ မင်းသားရွေးပွဲကား စတင်ပါလေပြီ။

"မင်းနာမည်ပြော"
"ရာဇာဂျွန်စော"

www.mmcybermedia.com/ typed by ငွေခင်ဟေဘာ်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"နာမည်ကြားတာနဲ့ ပယ်ချင်သွားပြီ၊ တော်တဲ့သူတွေမှာက ကိုယ်ပိုင်အရည်အချင်း ရှိလို့ကွ၊ သူတို့နာမည် ဆင်တူယိုးမှား ယူလိုက်တာနဲ့ မင်းမှာ သူတို့အရည်အချင်းမျိုး ရှိသွားမယ် ထင်သလား၊ သွားကွာ... သွား"
"သရုပ်ဆောင် မပြရတော့ဘူးလား"
"မလိုဘူး၊ မောင်ပါရာ... နောက်တစ်ယောက်ခေါ်ကွာ"

မင်းသားသစ် ရွေးချယ်နေသည်မှာ ဘနင့်ကိုပါရာ နှစ်ယောက်တည်း ဖြစ်ပါသည်။ နက်တူးက အခမ်းအနားမှူး။

"လှေျာက်လွှာနံပါတ် တစ်ထောင့်ခွန်"

နက်တူးအော်သံကြောင့် ဘ မျက်လုံးပြူးသွားသည်။

"နက်တူး"
"ဗျာ"
"ကံစမ်းမဲနှိုက်သလို နှိုက်ခေါ်နေတာလား၊ အစီအစဉ်အတိုင်း မဟုတ်ဘူးလား"
"အစီအစဉ်အတိုင်းပါ ဘ၊ လျှောက်လွှာနံပါတ်က တစ်ထောင့်တစ်က စတာမို့ပါ"
"ဟုတ်ပြီ ဟုတ်ပြီ ဆက်ခေါ် မင်းက ကုမ္ပဏီတစ်ခုခုမှာ မားကက်တင်းမန်နေဂျာ ဖြစ်သင့်တာ"

ထိုစဉ် လူငယ်တစ်ယောက် ဝင်လာသည်။

"ကျွန်တော့်နာမည် ဇုမ်"
"ဘာ"
"ဇုမ်"
"ဘာအဓိပ္ပာယ်လဲ"
"ဟာ... အဓိပ္ပာယ် တစ်ခုခုရှိရင် ဘယ်ခေတ်မီတော့မှာလဲ"
"ခုလို ပညာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်၊ ကဲ... ပုဆိုးဝတ်နည်း ဘယ်နှစ်မျိုးတတ်သလဲ"
"ခင်ဗျာ... တစ်မျိုးတည်းရှိတာ မဟုတ်ဘူးလား"
"ဖွတ်... မင်း စဉ်းစားကြည့်စမ်း၊ ကာယလုပ်သား ဝတ်တာနဲ့ ကျောင်းဆရာဝတ်တာ တူမလား၊ ကလေကချေ ဝတ်တာနဲ့ ယဉ်ယဉ်ကျေးကျေး လူငယ် ဝတ်တာ တူမလား၊ ဆရာဝန်ဖြစ်ဖြစ်၊ ကျောင်းသားဖြစ်ဖြစ်၊ တေလေဖြစ်ဖြစ်၊ ပုံစံတစ်မျိုးတည်း ဝတ်လို့ ဖြစ်မလားကွ၊ ကိုးရိုးကားရား တစ်မျိုးတည်း ဝတ်လို့ မင်းသား မဖြစ်နိုင်ဘူး ဇုမ်၊ အများနဲ့မတူအောင် ဝတ်တတ်တာဟာ မင်းသားမဟုတ်ဘူးကွ၊ အများနဲ့တူအောင် ဝတ်တာမှ မင်းသား၊ အသေးအဖွဲလောက်မှ လေ့လာမထားဘဲကိုး၊ ကဲ... နောက်တစ်ယောက်ခေါ်ကွာ"

နက်တူးက နောက်တစ်ယောက်ကို ခေါ်လိုက်သည်။ လူငယ်တစ်ယောက် ဝင်လာသည်။

"မောင်ပါရာ"
"ဗျာ..."
"ကုန်တိုက်ကြီးတွေက မှန်ခန်းထဲထားတဲ့ အရုပ်များ အသက်ဝင်လာတာလားကွာ"

www.mmcybermedia.com/ typed byဇွေခင်ပေယာ်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ဝတ်ထားတာကိုက ငါးသိန်းဖိုးကျော်မယ် ဘ"

လူငယ်က သူ့လက်ထဲမှ ဟမ်းဖုန်းကို စားပွဲပေါ် တင်သည်။

"သိန်းငါးဆယ်ကျော်သွားပြီ ဘ"

ဘက ကိုပါရာကို မျက်စောင်းထိုးကြည့်သည်။
လူငယ်က ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ပြီး...
"ကျွန်တော် သိန်းနှစ်ဆယ်ပေးရင် မင်းသားဖြစ်မလား"

ဘက လူငယ်ကို သနားသလို ကြည့်လိုက်သည်။

"ငှါမြေး"
"ဗျာ..."
"ထုတ်လုပ်သူက သိန်းငါးရာလောက် ကုန်မယ်၊ မင်းရဲ့ သိန်းနှစ်ဆယ်ကြောင့် ထုတ်လုပ်သူရဲ့ သိန်းငါးရာ 'ပလုံ' သွားရင် ဘရဲ့ အနုပညာသိက္ခာကလည်း အဲဒီ ပလုံချိန်မှာ တက်လာတဲ့ ရေပွက်နဲ့အတူ ပျောက်သွားမှာပေါ့ကွာ၊ အနုပညာဆိုတာ ငွေနဲ့ဝယ်ယူလို့ မရပါဘူး၊ အနုပညာလုပ်ရပ်ကိုသာ ဝယ်ယူလို့ ရချင်ရမယ်၊ ဖန်တီးနိုင်ဖို့ အရည်အသွေးဆိုတာက ကိုယ့်မှာ ပိုင်ဆိုင်လာအောင် နည်းမှန် လမ်းမှန်နဲ့ လေ့လာ၊ လေ့ကျင့်၊ ဆည်းပူးမှရတာပါ။ မင်းမှာ ငွေရှိပါတယ် ငှါမြေး၊ လမ်းလိုက် မမှားပါစေနဲ့၊ ငွေရဲ့အရေးပါမှုဟာ အတိုင်းအတာတစ်ခု အထိပဲ စွမ်းဆောင်နိုင်ပါတယ် ကလေးရယ်နော်၊ ဒီတော့ ပထမဆုံးပြောရမှာက ငွေစကား မဟုတ်ဘူး၊ အနုပညာစကားပဲ၊ မင်း သရုပ်ဆောင်ပညာ လေ့လာဖူးသလား၊ လေ့ကျင့်ဖူးသလား၊ အခြားအနုပညာတွေကိုရော ဝါသနာပါသလား"
"နည်းနည်းတော့ ပါ ပါတယ်"
"ပြောပြပါဦး"
"သီချင်းနားထောင်တာတို့၊ စာဖတ်တာတို့"
"ဘယ်လို သီချင်းတွေကြိုက်သလဲ"
"အစုံပဲ"
"ဟုတ်ပြီ... ဟုတ်ပြီ၊ သွားနိုင်ပြီ"

သို့နှယ် စိတ်တိုင်းကျစရာ မပါလာသောကြောင့် ဘမှာ စိတ်ပျက်ရလေသည်။

"လူရွေးပွဲကို နားထားဦးမယ်လို့ ကြေညာလိုက်ကွာ"

သို့နှယ်...
မတော်တရော်၊ မတော်မတည့်၊ ထော်လော်ကန့်လန့် အဆင်မပြေမှုတို့နှင့် ကြုံလိုက်ရသောကြောင့်...
"ဖွီ... မစွံလိုက်တာ၊ ငါ လိုချင်တဲ့ပုံစံကို မပါလာဘူး"
"ဒါဖြင့် ဘယ်လိုလုပ်မလဲ ဘ"
"ဇာတ်တစ်ဇာတ် အသစ် ရေးစမ်းကွာ၊ 'ဘနှင့်သူ၏မြေးများ' ဆိုပြီး ငါပဲ မင်းသားလုပ်တော့မယ်"

www.mmcybermedia.com/ typed byငွေခင်ဆွေ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ဗျာ..."
"ကဲ... ငါ ရွှေပုံရိပ်ကိုသွားပြီး ဆွေးနွေးလိုက်ဦးမယ်"

* * *

"ဟော... ဘ၊ လာပါ၊ ထိုင်ပါ"
ဘက မန်နေဂျာ၏ စားပွဲရှေ့မှာ ဝင်ထိုင်လိုက်သည်။

"ဘယ်လိုလဲ၊ စိတ်တိုင်းကျမင်းသား ရပြီလား"
"မရသေးဘူး၊ အဲဒီကိစ္စ ပြောချင်လို့လာတာ၊ သူဌေးနဲ့ တိုက်ရိုက်တွေ့မှ ဖြစ်တော့မယ်"
"ရပါတယ်၊ သူဌေးကလည်း ဘနဲ့တွေ့ချင်နေတာ၊ ဘလာရင် သူ့ဆီပို့ပေးဖို့ မှာထားလို့"

သို့ဖြင့် ဘမှာ ရွှေပုံရိပ်ကုမ္ပဏီပိုင်ရှင်၏ ရှေ့သို့ ရောက်ခဲ့ရပါလေပြီ။

"ဒါ ရွှေပုံရိပ်ကုမ္ပဏီပိုင်ရှင် ဖွားစွာပါ၊ ဖွား ဒါက..."
"သိတယ်... သိတယ်၊ ဒါရိုက်တာကြီးရဲ့ ဓာတ်ပုံကို ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေထဲမှာ ခဏခဏ တွေ့နေရတာပဲ၊ ထိုင်ပါဦး၊ ဒီက မျှော်နေတာ၊ လုပ်ငန်းအတူလုပ်မှတော့ တစ်နေ့ တွေ့ရမှာပဲလို့၊ ကော်ဖီလား၊ လက်ဖက်ရည်လား၊ ဘာသောက်မလဲပြော"

ဘသည် ဖွားစွာ၏ လေသံကို နားထောင်ရင်း အလိုက်အထိုက်ပြောနေပါက ဖန်ခြေနင်းလောက် ဇာတ်လမ်းရှည်သွားနိုင်မှန်း သိ၍...
"အဟမ်း အဟမ်း လာရင်းကိစ္စကတော့ မင်းသား စိတ်တိုင်းကျ ရှာမရတာဘဲ၊ ဒီတော့ ကုမ္ပဏီအနေနဲ့ သဘောတူမယ်ဆိုရင် ကျုပ်ကိုယ်တိုင်ပဲ မင်းသားလုပ် ရိုက်ပေးရတော့မှာပဲ၊ သဘာဝကျအောင် အဘိုးနဲ့ မြေးသုံးယောက်ပေါ့"
"ရိုက်ပါ... ရိုက်ပါ၊ ပိုကောင်းတာပေါ့၊ ဒါပေမယ့် ပြောရဦးမယ်၊ ကျွန်မကလည်း မင်းသမီးရှာမရလို့ ကိုယ်တိုင် ဝင်ပါရမလားလို့ စိတ်ကူးနေတာ၊ ခုတော့ ဒါရိုက်တာကြီးကိုယ်တိုင် မင်းသားလုပ်မယ်ဆိုတော့... ဟင်း ဟင်း... ဇာတ်နာမည်ကို အနယ်ထိုင်ချိန်လို့ ပေးရရင် မကောင်းဘူးလား"

* * *

"မောင်ပါရာ"
"ဗျာ..."
"ယူထားတဲ့ စရံ ပြန်အမ်းကြစို့ကွာ"
"ဘာလို့လဲ ဘ"
"အဲဒီအလုပ် ဖျက်လိုက်မယ်ကွာ"
"မရတော့ဘူး ဘ"
"ဘာလို့ မရမှာလဲ"
"ငွေတွေ မရှိတော့ဘူး"
"ဟေ..."
"ဘပဲ သွားရလာရ ခက်တယ်ဆိုလို့ နက်တူးကို သူဦးလေး ကားပွဲစားဆီလွှတ်လိုက်ပြီ"

www.mmcybermedia.com/ typed byငွေဇင်ယော်/ created by lucky82

"ဟ... ပြန်ခေါ်ကွာ"
"မရတော့ဘူး ဘ၊ ကားက အိမ်ဘေးမှာ ရောက်နေပြီ၊ ငွေက နက်တူးနဲ့ပါသွားပြီ၊ အိမ်မှာရှိတာပါ ထည့်ပေးလိုက်ရတာ"

ထိုစဉ် လမ်းထဲသို့ မောင်းဝင်လာသော ထီကားမှ...
"အနယ်ထိုင်ချိန်မှာ မင်းရောက်လာ၊ အိုဇာတာရယ် စန်းထလာ ဆိုပြီး ဆရာစိုင်းခမ်းလိတ်ရေးတဲ့ သီချင်းထဲမှာ အတိအလင်း ဆိုထားတယ် ခင်ဗျ၊ ဒါကြောင့် တစ်ရွက်ကျန် တစ်သက်စံဖို့ တစ်အုပ်ကျန်၊ တစ်တွဲကျန်ဆိုရင် ဆွေမျိုးတွေပါ စံရအောင် ဒါရိုက်တာကြီးလည်း အားပေးပါဦးလို့၊ အနယ်ထိုင်ချိန်မှာ ရောက်လာတဲ့ ကုသိုလ်ကံကို..."

ဘသည် ဒေါသကြီးစွာ အော်ဟစ်ပစ်ရန် အားယူလိုက်စဉ်၊ တံခါးဝမှာ ဖွားစွာရောက်လာ၍...။ ။

* * * * * *

www.mmcybermedia.com/ typed by ငွေခင်ဟေယာ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

## ချစ်ဝက်ပါ

လူ့လောက၌ ဖြစ်ပျက်နေသော ဇာတ်လမ်းတို့သည် အချက်အလက်ပေါင်းများစွာကို အခြေခံ၍ ဖြစ်တတ်သည်များရှိသလို မမျှော်လင့်သော အချက်အလက်တစ်ခုကို အကြောင်းပြု၍ ရှုပ်ထွေးသော ဇာတ်လမ်းများ ဖြစ်လာတတ်သည်လည်း ရှိပါသည်။ ချစ်ဝက်ပါသည် ဂျာကင်အင်္ကျီတစ်ထည်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဇာတ်လမ်းဖြစ်ပါသည်။

ရွှေတမာ ကဖေးတွင် ညီညီတို့သူငယ်ချင်းတစ်စု ထိုင်လေ့ရှိပါသည်။ သူတို့သည် "နယူးဗီလင်" (အာရုံသစ်) ဆိုသော ခေတ်ပေါ်ဂီတဝိုင်းကို ဖွဲ့စည်းထားကြပြီး ညီညီက "အာရုံသစ်" ၏ ထင်ရှားသော တေးသံရှင် ဂစ်တာသမားတစ်ဦး ဖြစ်ပါသည်။ ထိုနေ့က သူတို့ထိုင်နေကြစဉ် လက်ဖက်ရည်ဆိုင်ရှေ့သို့ ကားတစ်စီး ထိုးရပ်လိုက်ပြီး...
"ဟေး... မင်းတို့ကို လိုက်ရှာနေတာ"

ကားပေါ်မှ ဝိုင်းထောင် ကိုကြီးကျော် ဆင်းလာ၏။ ကားတစ်ဖက်မှ တံခါးဖွင့် ဆင်းလာသူက ရုပ်ရှင်မင်းသား ကိုခင်မောင်တင့်။ ကိုခင်မောင်တင့်သည် ရီမြင့်ရုပ်ရှင်၏ လက်စွဲဖြစ်သည်။ သကြံနမ်း၊ ဒဏ္ဍာရီ စသည့် ဇာတ်ကားကြီးများနှင့် ဗွီဒီယိုကားပေါင်းများစွာကို တာဝန်ယူ လုပ်ပေးခဲ့သူ ဖြစ်သည်။ သူတို့တီးဝိုင်းနှင့်လည်း သုံးကြိမ်မျှ လက်တွဲဖူးသည်။

"ရုပ်ရှင်ရိုက်ချင်လို့ မင်းတို့ဝိုင်း လာခေါ်တာ"

ကိုကြီးကျော်နှင့်အတူ ဆိုင်တွင်း ဝင်လာသော ကိုခင်မောင်တင့်က အားလုံးကို ပြုံးပြနှုတ်ဆက်ရင်း ဝင်ပြောသည်။

"ဖြုန်းစားကြီးဗျ"
"မင်းသား မရောက်လာလို့ကွ။ အရေးပေါ် အစီအစဉ် ပြောင်းလိုက်ရလို့"
"ကဲ ထကြကွာ၊ ဟိုမှာ ဒါရိုက်တာနဲ့ မင်းသမီး စောင့်နေတယ်"
"ဘယ်မှာလဲ"
"တောင်ခြေမှာ"
"သွားနှင့်လေ ကျွန်တော် လိုက်ခဲ့ပါ့မယ်။ အိမ်ပြန်ပြီး အနွေးထည်ယူလိုက်ဦးမယ်။ ခင်ဗျားတို့ ရိုက်တာ မပြတ်လို့ ညထိရောက်ရင် အေးမှာဗျ"

ညီညီ၏ဘေးမှ မင်းခေါင်က...
"စောင့်နေရတဲ့လူတွေ အားနာစရာကွာ ဟိုမယ် ပိုပိုဆီကအင်္ကျီ ခဏငှားခဲ့"

ပိုပိုမှာ ညီညီနှင့် မရင်းနှီးသော်လည်း သိတော့သိသည်။ ပိုပိုနှင့် ညီညီမှာ မြို့သစ်တစ်ရပ်ကွက်တည်းမှာ အတူနေသူတွေ။ ပိုပိုက ရွှေတမာကဖေးနှင့် မျက်နှာချင်းဆိုင်မှာ လာပြီး အလုပ်လုပ်သည်။ ဆံပင် မိတ်ကပ် အလှပြင်ဆိုင်မှာ။ ညီညီသည် ဆိုင်ရှေ့မှာ ရပ်နေသော ပိုပိုကို လှမ်း၍ကြည့်လိုက်သည်။ ပိုပို ဝတ်ထားသည်က ယောက်ျားလေးတွေ ဝတ်တတ်သော ဂျင်းဂျာကင် ပွပွကြီး။

www.mmcybermedia.com/ typed by ငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ငါနဲ့ မရင်းနှီးဘူးကွ"
"မရင်းနှီးပေမယ့် သိနေတာပဲကွာ သွားပါ"

သူတို့ကို ကြည့်နေသော ပိုပို၏ စိတ်ထဲမှာ သူနှင့်ပတ်သက်ပြီး တစ်စုံတစ်ခု ပြောနေကြမှန်း အလိုလိုသိနေသည်။ သူကြည့်နေစဉ်မှာပင် ညီညီက လမ်းတစ်ဘက်သို့ လျှောက်လာပြီး သူ့ရှေ့သို့ ရောက်သောအခါ...
"ပိုပို"
"ရှင်"
"ကျွန်တော့်ကို ဂျာကင်အင်္ကျီ ခဏငှားနိုင်မလား၊ အရေးပေါ် ပွဲတီးရှိလို့ လာခေါ်နေလို့။ အိမ်ပြန်ယူချိန် မရလို့"
"ဟုတ်ကဲ့ ရပါတယ်"

ပိုပိုက ပြောပြောဆိုဆို ချွတ်ပေးလိုက်သည်။

"နက်ဖြန်မှ ပြန်ပေးမယ်နော်"
"ရပါတယ်"

ညီညီက ကျေးဇူးတင်သော အကြည့်ဖြင့် ပြုံးပြကာ စက်နှိုးပြီးနေသော ကားဆီသို့ ပြေးတက် လိုက်သွားသည်။ ပိုပိုသည် ညီညီတို့အား အဝေးရောက်သွားသည်အထိ ရည်ရွယ်ချက်မဲ့ ငေးနေမိရာ...
"ဟိတ်"
"လန့်လိုက်တာဟယ်"

သူငယ်ချင်းတစ်ယောက် နောက်မှရောက်လာပြီး ပိုပို၏ ပုခုံးကို ပုတ်လိုက်သည်။

"အံမယ်မယ်မယ် ငါ့ကျတော့ လန့်တယ်ပေါ့"
"တော်စမ်းပါ မိစံရယ်"
"အို ငါက ဘာပြောလို့လဲ"
"နင် မပြောသေးပေမယ့် ဘာပြောချင်တယ်ဆိုတာ ငါ သိပါတယ်"
"ငါက ဘာမှမပြောချင်ပါဘူး ပိုပိုရယ်၊ ပြောစရာလည်း မလိုဘူးလေ၊ ကိုယ့်ချစ်သူကို နွေးနွေးထွေးထွေး ရှိစေချင်တာ အပြစ်မှ မဟုတ်တာ။ ဟဲ့... ဟဲ့"

ပိုပိုက လှမ်းထုလိုက်သည်။ မိစံက လက်ကို ဖမ်းဆွဲထားပြီး...
"ကိုယ်ငွေ့လေးနဲ့ နွေးနေတော့မှာပဲ၊ သူ့စိတ်ထဲမှာလေ ပိုပိုက ဖက်ထားတယ်လို့ ခံစား... အား... အား မလုပ်နဲ့ နာတယ်ဟ"

သို့နှယ် ပိုပိုကို မိစံက စ နေချိန်မှာ ညီညီကိုလည်း သူ၏ အပေါင်းအသင်းများက...
"ခုလို ပိုပိုရဲ့ အင်္ကျီကို ဝတ်ထားတော့ မင်းရဲ့ ရင်ထဲမှာ ပိုပိုက ဖက်ထားတယ်လို့ မခံစားရဘူးလား"

www.mmcybermedia.com/ typed by ငွေခင်ဟေဉ်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ဟာကွာ"
"ပိုပိုက လှတယ်နော့"
"ငါက ရိုးရိုးခင်တာပါကွာ"
"ဒါပေါ့ နောက်မှ တစ်မျိုးတိုးရမှာပေါ့"
"ငါ စိတ်မကူးပါဘူးကွာ တကယ်ပါ"
"ဟင်းဟင်း စိတ်ကူးတဲ့လူ ပေါ်လာမှ မဆွေးနဲ့နော။ ပိုပိုလိုဟာမျိုး ရှာကြည့်စမ်း၊ ပညာတတ်၊ ဥစ္စာပေါ့၊ ရုပ်ချော။ ပြီးတော့ အလုပ်လုပ်ချင်စိတ်လည်း ရှိတယ်ကွာ။ ဒါမျိုးမှ စိတ်မကူးရင် မင်းမှာ ဦးနှောက်မရှိလို့ဘဲ"
"ကောင်မလေးကြည့်ရတာ မင်းကို စိတ်ဝင်စားပုံရတယ်နော၊ မင်းသာ ပြောလိုက်ရင်"
"တော်ကြပါတော့ကွာ"
"အံမာ စေတနာရှိလို့ တို့က ကမ္ဘောဇဘက်လုပ်နေတာ"

တစ်ယောက်က လက်တို့ပြီး ပြောရင်း ထထွက်သွားသည်။ သူငယ်ချင်းများ၏ ပြောစကားများမှာ သူ၏ နားထဲမှတစ်ဆင့် ရင်ထဲသို့ ရောက်သွားသည်။ စကားတစ်လုံးနှင့် ထိမိလိုက်တိုင်း နှလုံးသားက လှုပ်ခါသွားသည်။ စကားလုံးများဆက်တိုက် ထိပုတ်လိုက်သောအခါ နှလုံးခုန်သံလည်း မြန်ရလေပြီပေါ့။ သူ့ကိုယ်ပေါ်မှာ ရှိနေသော ပိုပို၏ ဂျာကင်အင်္ကျီမှ ရေမွှေးနံ့နှင့် ကိုယ်သင်းနံ့လေးက သင်းသင်းလေးပျံ့နေသည်။ ပိုပိုနှင့် နီးကပ်လွန်းစွာ တွေ့နေရသလို။ ညီညီ ပြုံးမိသွားသည်။

* * *

ထိုနေ့ညက ပိုပိုမှာလည်း သူငယ်ချင်းများ စလိုက်သော စကားများကြောင့် ညီညီနှင့်ပတ်သက်သော အတွေးများက သူ့အာရုံမှာ ကြီးစိုးနေသည်။

"ငါ သူ့ကို စိတ်ဝင်စားနေပြီလား"
"သူကရော ငါ့ကို စိတ်ဝင်စားနေပြီလား"
"ကဲ ချစ်ရေးဆိုလာပါပြီတဲ့"
"ခေါင်းခါရမယ့်သူတော့ မဟုတ်ပါဘူး"

သူ့အတွေးနှင့်သူ ရှက်ပြုံး ပြုံးမိသွားသည်။ ထိုညက ရင်ဖိုစရာ အိပ်မက်ထဲမှာတော့ ညီညီက မင်းသားပေါ့။

ပိုပိုတစ်ယောက် သန်းခေါင်ကျော် ချစ်အိပ်မက် မက်နေချိန်မှာ ညီညီက ရည်းစားစာတစ်စောင်ကို ရင်ဖိုစွာနှင့် ရေးနေပါလေပြီ။ ဒီစာကို ပိုပို၏ အင်္ကျီပြန်ပေးချိန်မှာ အင်္ကျီအိတ်ကပ်ထဲ ထည့်ပေးလိုက်မည်။ ပေးဖို့အတွက်လည်း တော်တော်အဆင်ပြေသည်။ ညီညီသည် စာကို ရေးနေရင်း ရင်ခုန်စရာ ချစ်သူဘဝကို မှန်းဆနေမိ၏။

* * *

စိတ်ကူးယဉ်ညကို လွန်မြောက်၍ နေ့သစ်ပင် ရောက်ခဲ့ပါလေပြီ။ ညီညီမှာ လင်းအားကြီးမှ အိပ်ပျော်သွားသောကြောင့် မနိုးသေးပါ။ ဘသည် အိပ်ယာမှ ထလာကာ မျက်နှာသစ်ပြီးသည်နှင့် လက်ဖက်ရည်ဆိုင်သွားရန် ဟန်ပြင်တော့သည်။

www.mmcybermedia.com/ typed byငွေခင်ဟေသ်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"ဟား ဂျာကင်တစ်ထည်ပါလား"

ဘက ညီညီ၏ အခန်းပေါက်မှာ ချိတ်ထားသော ပိုပို၏ဂျာကင်ကို တွေ့သွားသည်။ ဘက ယူဝတ်လိုက်ပြီး...
"အံကျပဲ ဖစ်ဆိုက်ဆိုတာ ဒါမျိုးပြောတာနေမှာ"

သို့နှယ် ပိုပို၏ အင်္ကျီကို ဝတ်ပြီး အိမ်ရှေ့သို့ ထွက်သွားလေတော့၏။

"ဒီကောင့်အင်္ကျီဝတ်ရတာ မွှေးနေတာပဲ။ 'အားယို... အာရေ့' တောင် အော်ချင်စိတ် ပေါက်လာတယ်"

ဘသည် အင်္ကျီကို ငုံ့နမ်းရင်း လျှောက်လာရင်း မျက်နှာချင်းဆိုင်မှ လာနေသော ဖွားစွာနှင့် ဆုံမိသည်။ ဖွားစွာသည် အဝေးကတည်းက ဘကို စူးစူးစိုက်စိုက် ကြည့်လာသောကြောင့်...
"မစွာ လူကိုကြည့်လှချည်လား၊ ရိုးပုံတော့ မပေါ်ဘူး ပြုံးပြလိုက်ဦးမှပဲ"
ဘက သူ့အတွေးနှင့်သူ ပြုံးပြသည်။

ဖွားစွာက...
"မျက်နှာကတော့ စပ်ဖြဲဖြဲပဲ။ သူဝတ်ထားတာ ငါ့မြေးအင်္ကျီပဲ ဖြစ်ရမယ်"

မျက်နှာချင်းဆိုင် ဆုံမိသောအခါ နှစ်ယောက်သား ပြိုင်တူ ရပ်လိုက်မိ၏
"ရေမွှေးနံ့ကတော့ ဟုတ်တယ်၊ သေချာအောင် ကပ်ကြည့်ရမယ်"
ဖွားစွာက ကပ်ကြည့်သည်။ အိတ်ထောင်ပေါ်မှာ ချည်ထိုးထားသည့် ပိုပိုဆိုသော စာလုံးလေးကို တွေ့လိုက်ရသည်။ သေချာပြီ၊ ဘက သူ့အား အနီးကပ် ရပ်ကြည့်နေသော ဖွားစွာကို...
"ဟဲ... ဟဲ ကြည့်လို့ဝပြီလား၊ လူမှာအဝတ် တောင်းမှာအကွပ်ဆိုတဲ့ စကားများ တယ်မှန်တာပဲ"
"ဒီမယ်"
"ပြောပါ စိတ်မဆိုးတတ်ပါဘူး။ မစွာ တစ်ခုခုပြောချင်နေတယ်ဆိုတာ ကျုပ် အလိုလိုသိနေတယ်။ ဟိုကြော်ငြာလိုပေ့ါ ပြောမထားလည်းပဲ သိနေ သိနေတယ်"
"ကဲ သိနေရင် အင်္ကျီချွတ်ပါ"
"ဟ- ဟ နေပါဦး မင်းက ဘာဆိုလိုတာလဲ"
"တော် ဝတ်ထားတာ ကျုပ်မြေးအင်္ကျီ"
"ဟုတ်လို့လားကွ"
"အိတ်ထောင်ပေါ်မှာ စာပါတယ် ပိုပိုတဲ့"
ဘက ငုံ့ကြည့်လိုက်သည်။ ပိုပိုဆိုသော စာတန်းလေးကို တွေ့သောကြောင့် အလိုက်အထိုက် ကြည့်ပြောရန် ဆုံးဖြတ်လိုက်ပြီး...
"ကျုပ်ကလည်း ကျုပ်အင်္ကျီလို့ မပြောမိပါဘူး မစွာ။ မင်းရဲ့မြေး စက်ဘီးနောက်မှာ ညှပ်ယူရာက ကျနေခဲ့တာ။ ပထမတော့ အော်ခေါ်ပြီး ပေးမလို့ဘဲ။ နောက်တော့ မင်းကို ပေးချင်တာနဲ့ ခုလို တွေ့လိုက်ရတော့ အဆင်ပြေသွားတာပေ့ါ ကဲရော့"

ဘက အင်္ကျီကို ချွတ်ပေးပြီး ထွက်သွားသည်။ ဖွားစွာက မျက်စောင်းထိုးကြည့်ကာ အင်္ကျီကိုယူ၍ ထွက်ခဲ့သည်။ ဖွားစွာမှာ အိမ်ရောက်သည်နှင့်...

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"နည်းနည်းတော့ ထူးဆန်းတယ်။ ဘာလို့ ငါ့လက်ကို ပေးချင်ရတာလဲ၊ အဘိုးကြီး မရိုးဘူး"

သံသယနှင့် အင်္ကျီကို သေသေချာချာ ကြည့်သည်။ နောက်တော့ အိတ်ထောင်တွေ စမ်းကြည့်သည်။ ဟော တွေ့ပါပြီ။ ဘာပါလိမ့်။ ပိုက်ဆံများလား ဟုတ်ပါဘူး၊ ဟင် စာတစ်စောင်ပါလား။ ဖွားစွာသည် ဂျာကင်အိတ်ထောင်ထဲမှ စာကိုဖတ်ကြည့်လိုက်သည်။

*ချစ်...*
*ဒီစာကို အရဲစွန့်ပြီး ရေးလိုက်ရတာပါ။ ချစ်တဲ့အကြောင်း ပြောမိကာမှ ရှိနှင့်ပြီးဖြစ်တဲ့ ခင်မင်မှုလေးပါ ပျက်သွားမှာ စိုးတယ်လေ။ အဲဒီစိုးရိမ်စိတ်ကြောင့် ခုလောက်ထိ အချိန်တွေ နောက်ကျခဲ့ရတာပါ။ ဒီစာဟာ ချစ်တဲ့အကြောင်းပြောတဲ့ စာဆိုတာထက် ပိုပြီးတော့ အလေးထားစေချင်ပါတယ်။ ဘဝလက်တွဲဖော်အဖြစ် မျှော်လင့်ပြီး ရေးတာပါ ချစ် ချစ်ရဲ့ သဘောထားကို...*

ဖွားစွာမှာ စာကိုဖတ်ရင်း လက်တွေပင် တုန်လာသည်။ ဝန်းကျင်ကိုလည်း လှည့်ကြည့်မိသည်။ ရှက်လည်း ရှက်နေသည်။ တော်သေးရဲ့။ ငါတစ်ယောက်တည်း ရှိလို့ ဟု စိတ်ဖြေရသည်။ ဖွားစွာမှာ ထိုနေ့က စာကိုဖတ်လိုက် ဆုံးသွားလိုက် ပြန်ဖတ်လိုက်နှင့် အခေါက်ရေ မည်မျှဖတ်မိသည်ပင် မသိပါ။ ဖွားစွာမှာ စိတ်ကူးနှင့် ဘုရားကိုလည်း အတူသွားမိသည်။ အိမ်ဦးခန်းမှာ ထိုင်၍လည်း ငယ်ဖြစ်ဟောင်းများ ပြောမိသည်။ ဆေးပေးမီးယူ ဘုရားသွား ကျောင်းတက် အဖော်အဖြစ်။

* * *

ညီညီ အိပ်ယာကထတော့ ပထမဆုံး သတိထားမိသည်က ပိုပို၏ အင်္ကျီပျောက်နေခြင်းပင်။

"ကိုကို"
"ဝေ"
"ဒီမှာ ချိတ်ထားတဲ့ ဂျာကင်မတွေ့မိဘူးလား"
"တွေ့သားပဲ"
"ဘယ်မှာလဲ"
"အဲဒီချိတ်မှာပဲ"
"ခု မရှိလို့ မေးနေတာ ကိုကိုရ"
"ဘာ ဝတ်သွားတယ်လေ"
"ဒုက္ခပါပဲ"

ထိုအချိန်မှာပင် ရှုတင်မန်နေဂျာက ရောက်လာသည်။ ရိုက်လက်စ ပြီးပြတ်အောင် ဒီနေ့ ကူရဦးမည်။ ညီညီသည် ဘကို စောင့်မနေအားတော့ဘဲ ရုပ်ရှင်ရိုက်ရန် လိုက်သွားရလေတော့သည်။ ထိုနေ့က ညနေ သုံးနာရီထိုးခန့်မှပင် ပြီးသွားသည်။ သူတို့ထိုင်နေကျ လက်ဖက်ရည်ဆိုင် ရောက်သောအခါ လေးနာရီ။

"မြန်မြန်သောက်ကြကွာ၊ ပြီးရင် ပြန်မယ်"

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"မင်းက ဘာလောနေရတာလဲ။ နေစမ်းပါဦး ဖြည်းဖြည်းပေါ့"

ညီညီက သူ့အကျီကိစ္စ ဖြေရှင်းရန် ရှိနေသေး၍ အိမ်အမြန် ပြန်ချင်နေခြင်း ဖြစ်ပါသည်။

"မင်းတို့ မပြန်ချင် ဆက်ထိုင်ကွာ၊ ငါတော့ လစ်မယ်"
"နောက်မှ လစ်၊ ဟိုမယ် ခေါ်နေတယ်"

ညီညီက လှည့်ကြည့်လိုက်သည်။ လမ်းတစ်ဖက်ရှိ အလှပြင်ဆိုင်ရှေ့မှာ ရပ်နေသော ပိုပိုကို မြင်ရသည်။ ပိုပိုက သူ ကြည့်သောအခါ ပြုံးပြသည်။

"သွားလေကွာ"
"ငါ့ခေါ်တာ ဟုတ်လို့လား"
"စိတ်မရှည်ချင်တော့ဘူးကွာ၊ မင်းအစား ငါသွားလိုက်ရမလား"

ထိုစဉ်မှာပင် ပိုပိုက လှမ်းခေါ်သည်။
"ကိုညီ"
"ကဲ... ယုံပြီမဟုတ်လား"
ညီညီက ထသွားသည်။ သူ့စိတ်ထဲမှာ အကျီနှင့်ပတ်သက်နေလိမ့်မည်ဟု ထင်နေ၏။ သို့သော် ပိုပို၏အနီးသို့ ရောက်သောအခါ...
"သူငယ်ချင်းတစ်ယောက် သူ့မင်္ဂလာဆောင်မှာ ကိုညီတို့ တီးဝိုင်းငှားချင်လို့တဲ့ နက်ဖြန် ဆယ်နာရီလောက် ဒီလာလိမ့်မယ်။ အဲဒါ လွဲမှာစိုးလို့"
"ရပါတယ် လာစောင့်နေမယ်လေ။ ဪ... အကျီလည်း နက်ဖြန်မှ ယူတော့နော်"
"ဘယ်အကျီလဲ"
"မနေ့က ယူသွားတဲ့ ဂျာကင်လေ"
"ဂျာကင်ကဖြင့် အိမ်ရောက်နေပြီ။ ဘ လာပေးသွားတာတဲ့"
"ဟုတ်လား"

ညီညီမှာ ဂျာကင်ထဲမှာ စာကိစ္စကို ဘယ်လိုဆက်မေးရမှန်း မသိ ဖြစ်နေ၏။ ပိုပို၏မျက်နှာ အကဲခတ်ကြည့်တော့လည်း ဘာမှမထူး။

"ကိုညီ ဘာပြောချင်သေးလို့လဲ"
"ဟို... အိတ်ထဲက ဘာတွေ့သေးလဲ"
"ဟင့်အင်း ကိုညီ ဘာပါသွားလို့လဲ"
"အဲ သီချင်းစာရွက်များ ပါသွားသလားလို့ပါ"

ပိုပိုက သံသယနှင့် ကြည့်လိုက်သည်။ ညီညီ၏ မျက်ဝန်းမှာ တစ်စုံတစ်ရာကို လျှို့ဝှက်ထားမှန်း ပိုပို သိပါသည်။ သူတို့ဆက်ဆံရေးမှာ ပဟေဠိတွေ ပါလာပြီကော။ ခွဲခွာခဲ့ပြီးနောက်မှာ အတွေးကိုယ်စီနှင့်။

www.mmcybermedia.com/ typed by ငွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

"သူ ငွါစာကို တကယ်မတွေ့လို့လား"
"သူကြည့်ရတာတော့ တကယ်မတွေ့သေးပုံပဲ"

ညီညီ အတွေးနှင့် အဖြေရှာနေစဉ်မှာ ပိုပိုကလည်း...
သူ အင်္ကျီအိတ်ထဲ တစ်ခုခု ထည့်ပေးထားတာ ဖြစ်ရမယ်။ မေ့ထည့်ထားတာဆို သူ ဘာလို့ ဗီဗီပြင်ပြင် မေးရသလဲ။ အိတ်ထဲက ဘာတွေသေးလဲဆိုတော့ ထည့်ပေးထားလို့ပေါ့။ တမင်ထည့်ပေးထားလို့သာ...။ ဘာဖြစ်မလဲ။ ရည်းစားစာများလား။ အို မဖြစ်နိုင်ပါဘူး။ ရည်းစားစာဆိုရင် အဘွားတွေ့သွားပြီး ငွါကို ဆူမှာပေါ့။ အဘွားပါတဲ့ ဘယ်နေလိမ့်မတုန်း။ တစ်ခုခုထည့်ပြီး ပေးချင်ရင် ကိုညီ ငွါကို တိုက်ရိုက်ပေးမှာပေါ့။

ပိုပိုသည်လည်း တွေးရင်း တွေးရင်း အဖြေမထွက်သော ပုစ္ဆာကို ထပ်ပြန်တလဲလဲ တွက်နေမိတော့သည်။ ညီညီမှာလည်း ပိုပိုနည်းတူပင်။ သူ ရေးထည့်ပေးလိုက်သော ရည်းစားစာအကြောင်း တွေးမရဖြစ်နေသည်။ ပိုပိုလည်း တကယ်တွေ့သေးဟန်မတူ။ သို့ဆိုလျှင် ထိုစာက ဘယ်ရောက်နေသနည်း။ အင်္ကျီကို ဘ,ယူဝတ်၍ ပိုပို၏ အဘွားထံ ပေးခဲ့သည်။ ထိုစာကို ဖွားစွာ တွေ့ရပေမည်။ အိတ်ဖုံးကြယ်သီး တပ်ထားသော ဂျာကင်အိတ်ထဲမှစာကတော့ ထွက်မကျနိုင်။ ဖွားစွာသာ ထိုစာကိုတွေ့လျှင် ပိုပိုအား ဆူပူမည်အမှန်။ သူ့အင်္ကျီသည် အဘယ်ကြောင့် အမျိုးသားတစ်ယောက်ထံ ရောက်နေရပါသနည်းဟု စပ်စုမည် အမှန်။ ယခုမူ ... ။ ညီညီနှင့် ပိုပိုတို့မှာ အတွေးကိုယ်စီနှင့် အဖြေရှာရင်း တစ်ရက်မှ နှစ်ရက်၊ နှစ်ရက်မှ သုံးရက် အချိန်တို့သည်ပင် ကုန်လွန်ခဲ့လေပြီ။ အဖြေကား မထွက်။

သူတို့မှာသာ အဖြေရှာမရသော်လည်း ဘမှာမူ မရှာရဘဲနှင့် အဖြေရနေပါလေပြီ။ လက်ဖက်ရည်ဆိုင် ထွက်လာသော ဘနှင့် ဈေးဝယ်ပြန်လာသော ဖွားစွာတို့ မျက်နှာချင်းဆိုင် ဆုံမိရာ...
"ဟား ဖွားစွာပါလား"

ဘသည် ဖွားစွာကို မြင်သည်နှင့် ပြုံးချင်သွားသည်။ ပိုပို၏ အင်္ကျီကို သူဝတ်လာမိခဲ့သော အဖြစ်ကို သတိရသွား၍ ဖြစ်ပါသည်။ ထိုအင်္ကျီက ညီညီ၏ အခန်းဝရောက်နေရသည့် အဖြစ်ကိုမူ သူ အဖြေမရှာမိ။ သူ ယူဝတ်မိသည့်အတွက်သာ ပြုံးချင်နေမိ၏။ ပြုံးစိစိနှင့် မချိုမချဉ်ဖြစ်နေသော ဘ၏မျက်နှာကို ကြည့်ပြီး ဖွားစွာကလည်း ပြုံးမိသည်။ သူ့အား ရည်းစားစာ ပေးထားမိသောကြောင့် အဘိုးကြီး ရှက်နေတာဟု အတွေးရောက်၍ ဖြစ်ပါသည်။

ဖွားစွာ၏ အပြုံးကို ဘက သူ့အားပြုံးပြသော အပြုံးဟု ယူဆလိုက်သည်။ ထို့ကြောင့်လည်း မျက်နှာချင်းဆိုင် ဆုံမိသည်နှင့်...
"ဘယ်က ပြန်လာတာလဲ မစွာ"
"ဈေးဆိုင်ကပါ"
"ပင်ပန်းလှသကွယ်၊ မြေးကို အဝယ်ခိုင်း ပြီးရောပေါ့"
"သူ့အလုပ်နဲ့သူ မအားပါဘူးတော်၊ ပြီးတော့ ကိုယ့်ဟာကိုယ် ဝယ်ရတာလောက်လည်း စိတ်တိုင်းမကျဘူး၊ သွားဦးမယ်"

ဘက ခေါင်းညိမ့်ပြသည်။ ဖွားစွာက ပြုံးပြပြီး ဆက်လျှောက်သွားသည်။ ဘသည် ပြောင်နေသော နဖူးကို လက်ဝါးနှင့်ပွတ်၍ စဉ်းစားသည်။ တစ်မျိုးပဲ... တစ်မျိုးပဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ။ အသက်ကြီးမှ

www.mmcybermedia.com/ typed by ဧရွှေစင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ဝက်သက်ပေါက်ချင်လို့နဲ့ တူတယ်၊ ဝက်သက်ပေါက်တာက ကိစ္စမရှိပါဘူး၊ ဟိ ဟိ… ဒုတိယမ္ပိ အိုရရချည်သေးရဲ့။ ဒါကြောင့် စိုင်းခမ်းလိတ်ကရေးတာ "အိုဇာတာရယ် စန်းထလာ၊ အနယ်ထိုင်မှာ မင်းရောက်လာ" ဆိုပြီးတော့…

ဘသည် သို့နှယ် တွေးနေသလို ဖွားစွာကလည်း…
"သူပေးထားတဲ့ စာကိစ္စ မေးချင်ပုံရတယ်။ ဟီ ဟိ အဘိုးကြီး ရှက်နေလို့ ဘယ်က စ,မေးရမှန်း မသိဖြစ်နေတာ။ အေးလေ မမေးတာဘဲ ကောင်းပါတယ်။ မေးရင် ငါကလည်း အဖြေရခက်နေဦးမှာ။ ခုလို လိုက်လိုက်လျောလျော ဆက်ဆံပြလိုက်တော့ ငါလည်း အမူအယာနဲ့ ဖြေပြီးဖြစ်သွားရော။ ဒီအရွယ်ကြီးတွေကျမှ ပြောနေရရင် ရှက်စရာကြီး"

သို့နှယ် ဖွင့်မပြောဘဲလည်း သိနေသိနေတယ် ပုံစံဖြင့် ဆက်ဆံခဲ့ကြရာ နေ့ရက်တွေ ပြောင်းလာသည်နှင့်အမျှ သူတို့၏ ဆက်ဆံရေးကလည်း တိုးတက်လာပါပြီ။ ဘသည် ဖွားစွာ၏ အိမ်ဦးခန်းတွင်ထိုင်၍ လက်ဖက်စားရင်း အေးအေးဆေးဆေး စကားလက်ဆုံကျနိုင်သည့် အဆင့်သို့ ရောက်လာပါပြီ။ ပိုပိုကလည်း တစ်နေကုန် အလုပ်သွားနေရသည်မို့ အထီးကျန်ဆန်နေသော ဖွားစွာ၏ ဘဝမှာ ယခုမှ စိုပြည်လာရပါတော့၏။ သူတို့သည် လူကြီးများဖြစ်နေ၍ ကလက်တက်တက်တော့ မပြော။ လူကြီးဆန်ဆန် ဝေ့ဝိုက်၍ ပြောနေကြသည်။ ဘကလည်း ဖွင့်ပြောရင်တော့ ရလောက်ပြီဟု တွေးမိနေသလို ဖွားစွာကလည်း ယောက်ျားကြိုက်တော့ စိုက်စိုက်လာ ဆိုတာ ဒါမျိုးပဲဟု တွေးနေသည်။

သူတို့၏ အခြေအနေကို ပထမဆုံး သတိထားမိသူမှာ ပိုပို။

"ဒုက္ခပဲ ရှက်စရာကြီး ဘယ်လိုလုပ်ရပ့ါ" ဟု တွေးသည်။ နောက်ဆုံးတော့ သည်ပြဿနာကို ညီညီအား ပြောပြတိုင်ပင်ရန် ဆုံးဖြတ်လိုက်လေသည်။

ညနေပိုင်းမှာ ပိုပို၏ စီစဉ်မှုဖြင့် ပိုပိုနှင့်ညီညီတို့ မြို့သစ်အအေးဆိုင်မှာ ဆုံခဲ့ကြပါသည်။ အရင်ရောက်နှင့်သူက ပိုပို၊ ညီညီ ဆိုင်တွင်းသို့ ဝင်လာသောအခါ…

ညီညီက ပိုပိုထိုင်နေသည့် စားပွဲမှာ ဝင်ထိုင်လိုက်သည်။

"ဘာကိစ္စရှိလို့လဲဟင်"
"တစ်ခုခု မှာပါဦး"
ညီညီက အအေးတစ်ပုလင်း မှာလိုက်သည်။

"ဒီလိုပါ…"
"ပိုပိုကိုလည်း ဘေးအိမ်က ပြောမှသိတာပါ။ ပိုပို သုံးခါလောက် အိမ်ကို ပြန်လာကြည့်တယ်၊ ဘေးအိမ်က ပြောသလိုပဲ ပိုပိုအလုပ်သွားပြီးတာနဲ့ သူတို့နှစ်ယောက် အိမ်မှာပဲ ဆုံနေကြတာ တွေ့ရတယ်။ ဘယ်လိုမှ အကြားမတော် အမြင်မသင့်ဘူး ကိုညီ၊ ဘယ်လိုထိန်းကြမလဲ၊ ဘယ်လိုကဘယ်လို စပြီး ခုလိုဖြစ်သွားတယ် မသိဘူး"

www.mmcybermedia.com/ typed by ဇွေခင်ဝေယံ/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

ပိုပို၏ စကားဆုံးသောအခါ ညီညီက ပြုံးလိုက်ပြီး…
"ပိုပို မသိပေးမယ့် ကျွန်တော် သိတယ်"
"ရှင်"
"ကျွန်တော် သိတယ်လို့ပြောတာပါ။ ဘာကြောင့် ခုလို ဖြစ်သွားတယ်ဆိုတာ"
"ပြောစမ်းပါဦး"

ပိုပိုက စိတ်ဝင်စားစွာ မေးသည်။ ညီညီက ပိုပိုကို စူးစိုက်၍ ကြည့်လိုက်ပြီး…
"ပိုပို စိတ်မဆိုးပါနဲ့နော်"

ပိုပိုက နားမလည်နိုင်စွာဖြင့် ညီညီကိုကြည့်သည်။ ပြီးမှ…
"ပြောပါ ကိုညီ"
ညီညီက သူ အင်္ကျီငှားဝတ်ပြီး ပြန်မပေးခင်မှာ ပိုပိုအတွက် ရည်းစားစာရေး၍ ထည့်ထားမိသည်မှ စပြီး ဘယူဝတ်သွားကာ ဖွားစွာလက်ထဲ အင်္ကျီပေးပုံကို ပြောပြလိုက်သည်။

"ဖွားက အဲဒီစာကို ဘက သူ့ပေးတာမှတ်ပြီး မထင်မှတ်တာတွေ ဖြစ်ကုန်တာပဲ"

ပိုပိုမှာ ဘာပြောရမှန်းမသိ ဖြစ်နေသည်။

"ဘတို့ကိစ္စကို ဖြေရှင်းနိုင်ဖို့အတွက် ကျွန်တော်တို့ကိစ္စကို အရင်ရှင်းမှ ဖြစ်မယ်ပိုပို"
"ရှင် ဘာဆိုင်လို့လဲ"
"ဆိုင်တာပေါ့ ပိုပို၊ ကဲ ကျွန်တော်မေးမယ်၊ တကယ်လို့သာ အဲဒီစာကို ပိုပိုရရင် ကျွန်တော့်အပေါ် ဘယ်လိုသဘောထားမလဲဟင်"

ပိုပိုက ခေါင်းငုံ့နေသည်။

"ပိုပို"
"ရှင်"
"ကျွန်တော့်ကို စိတ်ဆိုးနေပြီလား"
"မဆိုးပါဘူး"
"ဒါဖြင့် ကျွန်တော့်အချစ်ကို လက်ခံမှာပေါ့"
"အို… ဘာဆိုင်လို့လဲ"
"ဆိုင်တယ် ပိုပို"
"ခု ချက်ချင်းကြီး"
"စာပေးခဲ့တာ ကြာပါပြီ ပိုပို၊ ပိုပိုကသာ ခုမှ သိတာကိုး"
"လူကြီးတွေကိစ္စပြောဖို့ လာတာပါဆိုမှ"
"ကျွန်တော်တို့ကိစ္စပြတ်မှ လူကြီးတွေအတွက်က ဆုံးဖြတ်လို့ ရမှာပါ ပိုပို။ ပိုပို စဉ်းစားကြည့်ပါ။ ပိုပိုသာ ကျွန်တော့်အချစ်ကို လက်ခံနိုင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဖြစ်ရပ်မှန်ကို စာရေးပြီး လူကြီးတွေဆီ ပို့လိုက်ရုံပဲ"

www.mmcybermedia.com/ typed byဧရာဝင်းဟေဇာ/ created by lucky82

"ပိုပိုတို့က"
"ပိုပိုနဲ့ ကျွန်တော်က ပြင်ဦးလွင် သွားနားကြမယ်လေ"
"အို"

ပိုပို ငြိမ်နေသည်။ လူကသာ ငြိမ်နေသော်လည်း စိတ်က မငြိမ်ပါ။ လှုပ်ရှားလွန်းနေပြီ။ ရင်တွေ ဖိုလာသည်။ ရင်ခုန်မြန်လာသည်။ အသိတရားသည် မည်သည့်အရပ်သို့ ထွက်ပြေးပြီ မသိ၊ သူ သတိထားမိသော အချိန်မှာ သူ၏လက်ဖျားလေးများသည် ညီညီ၏ လက်တွင်းသို့ ရောက်နေပါပြီ။ သိနေသော်လည်း မရုန်းမိပြီ။

"ပိုပို"
"ရှင်"

အသံက တိုးလှ၏။
"ချစ်တယ်"

သူ့တစ်ကိုယ်လုံး လေထဲမှာ လွင့်မျောနေသလို။

* * *

"ဘ"
"ဟေ"
"ဒီမယ် စာတဲ့"
"ညီညီက အပေးခိုင်းတာတဲ့"
"ဘယ်သူ လာပေးတာလဲ"
"တီးဝိုင်းက လူတစ်ယောက်ပဲ"
"ဘာစာလဲကွ၊ ပိုက်ဆံတောင်းတာဆို မရှိဘူး ပြောလိုက်"
"ဖတ်ကြည့်ပါဦး"

ဘက စာကိုယူ၍ ဖတ်ကြည့်လိုက်သည်။ စာဆုံးသွားသောအခါ...
"လက်စသတ်တော့ ဒီလိုကိုး၊ အင်း ဖြစ်သမျှအကြောင်း အကောင်းပဲ၊ ဖွားစွာနဲ့ ရင်းရင်းနှီးနှီး တိုင်ပင်လို့ ပြောလို့ရတာပေါ့လေ"

ဘသည် စာကိုယူကာ ဖွားစွာထံသို့ ချီတက်သွားပါလေတော့သတည်း။

ဘနှင့်ဖွားစွာတို့မှာ မမျှော်လင့်ဘဲ ဝင်ရောက်မိခဲ့သော ချစ်ဝက်ပါထဲမှ ကံကောင်းထောက်မစွာ မျက်စိမလည်တော့ဘဲ ပြန်၍ထွက်နိုင်ကြချိန်မှာ...

ညီညီနှင့် ပိုပိုတို့သည် ချစ်ဝက်ပါထဲသို့ စတင်တိုးဝှေ့ ဝင်ရောက်သွားပါလေပြီ။

* * * * * *

www.mmcybermedia.com/ typed by ငွေခင်ယော်/ created by lucky82

MCM BOOKSHELF
www.mmcybermedia.com

# ပြီးပါပြီ။

www.mmcybermedia.com/ typed by ငွေခင်ဝေယင်/ created by lucky82